ဓမ္မစေတီဆရာတော်

## ဘဒ္ဒန္တကောသလ္လ

သာသနာ့တက္ကသိုလ် မဟာဓမ္မာစရိယ M.A (Buddhism)

အရှင်အာနန္ဒာ၏

# လွမ်းမွေ့ဖွယ်သမ်း နေ့မှတ်တမ်း



အရှင်အာနန္ဒာ၏

# လွမ်းငွေ့ယှက်သမ်း နွေမှတ်တမ်း


မှော်ဘီဆရာတော် ဘဒ္ဒန္တကောသလ္လ

သာသနတက္ကသိုလ်မဟာဓမ္မာစရိယ

M.A (Buddhism)

# မာတိကာ


| | | |
|---|---|---|
| ၁။ | မြတ်ဗုဒ္ဓ၏ခရီးစဉ် | ၈ |
| ၂။ | အငြိမ်းဓာတ်နဲ့အတူ | ၁၇ |
| ၃။ | သုခတောသနပြုံသင့် | ၁၉ |
| ၄။ | အရှင်အာနန္ဒာရဲ့မှတ်တမ်း | ၃၆ |
| ၅။ | ကောင်းဆု ၄-ခု | ၃၇ |
| ၆။ | ပယ်ဆု ၄-ခု | ၃၈ |
| ၇။ | ဗုဒ္ဓမြတ်စွာရဲ့ လယ်သမားပုဏ္ဏားကြီး | ၄၁ |
| ၈။ | ဗုဒ္ဓမြတ်စွာရဲ့ ကိသာဂေါတမီ | ၄၆ |
| ၉။ | ဧသြော် နာဂစ် | ၅၄ |
| ၁၀။ | ငြိမ်းချမ်းရေးအစေဆောင် | ၆၀ |
| ၁၁။ | ရေအကြောင်း သိထားသင့် | ၆၂ |
| ၁၂။ | ထေရုပါဒရဲ့ စိ | ၆၈ |
| ၁၃။ | မြတ်စွာဘုရားရှင်နဲ့ ယသော်ဓရာ | ၆၉ |
| ၁၄။ | မြတ်စွာဘုရားနှင့်ဆွေတော်မျိုးတော် | ၇၉ |
| ၁၅။ | လွှမ်းရှုတဲ့အမြင် | ၈၆ |
| ၁၆။ | အရှင်အာနန္ဒာရဲ့ ဘိက္ခုနီသာသနာ | ၈၉ |
| ၁၇။ | အရှင်အာနန္ဒာရဲ့ လွှမ်းရိပ် | ၉၅ |

၁၈။ အပရိဟာနိယတရား(၇)ပါး ၉၇
၁၉။ နှလုံးသွင်းရမည့်အရာများ ၁၀၆
၂၀။ ပရိနိဗ္ဗာန်စံခါနီး ၁၁၃
၂၁။ အရှင်သာရိပုတ္တရာရဲ့ ရဲရင့်သောစကား ၁၁၇
၂၂။ အစနဲ့အဆုံး တူတဲ့တရား ၁၂၀
၂၃။ သေ ၄-ပါး၊ ရှင် ၄-ပါး ၁၂၅
၂၄။ တိဿနဲ့ နာဂ ၁၂၆
၂၅။ လုပ်သင့်တာနဲ့ မလုပ်သင့်တာ ၁၃၄
၂၆။ ဆရာတော်ကြီးများ ၁၃၈
၂၇။ လူသားနဲ့ ဘာသာတရား ၁၄၃
၂၈။ ရွှေရောင်လွှမ်းတဲ့မြေ ၁၅၈
၂၉။ ရှင်ရာဟုလာနဲ့ ပုဂံသာသနာ ၁၆၂
၃၀။ သံဗျင်ဦးကာ ၁၆၉
၃၁။ သူ့ခေတ်နဲ့သူ ဖြစ်လာမယ် ၁၇၁
၃၂။ ပါဋလိပုတ်ပြည် ၁၇၃
၃၃။ မုံရွာလယ်တီဆရာတော် ၁၇၄
၃၄။ မြတ်ဗုဒ္ဓတရားအလုပ် ၁၇၉
၃၅။ ပညာရှိသော လယ်တီ ၁၉၂

| | | |
|---|---|---|
| ၃၆။ | တဏှာမြစ် | ၁၉၇ |
| ၃၇။ | ကြည်လင်သောတရား | ၁၉၈ |
| ၃၈။ | တရားနဲ့ မတရား | ၂၀၇ |
| ၃၉။ | မြတ်ဗုဒ္ဓ ခရီးဆက်ရင်း | ၂၀၉ |
| ၄၀။ | ဗဟုသုတလေးတွေ ပြောပါရစေ | ၂၁၅ |
| ၄၁။ | ဉာဏ်နဲ့ သည်းခံမှု | ၂၂၁ |
| ၄၂။ | သီလဝန္တပုဂ္ဂိုလ်ကြီး | ၂၂၆ |
| ၄၃။ | ဝေဒနာချုပ်ပုံ | ၂၃၀ |
| ၄၄။ | အရှင်အာနန္ဒာရဲ့ လျှောက်ထားချက် | ၂၃၄ |
| ၄၅။ | အရှင်အာနန္ဒာရဲ့သောက | ၂၆၂ |

# ကျေးဇူးတင်လွှာ

ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေခွင့်ပြုသော ကျေးဇူးရှင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ (သာသနာ့တက္ကသိုလ မဟာဝိဇ္ဇာဓမ္မာစရိယ M.A. Buddhism)နှင့် စာအုပ်ဖြစ်မြောက်ရေး အတွက် အစစအရာရာကူညီပေးသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်း မိဘဆရာသမားများ၊ ကျေးဇူးတင်ထိုက် သော ပုဂ္ဂိုလ်အားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိ ပါသည်။

**ဓမ္မနန္ဒီ**

၀၉ ၅၀၁၅၉၂၁၀

၀၉ ၄၃၀၈၂၁၀၄

၀၁ ၅၆၀၃၈၂

# ဓမ္မစေတီ အဓိဋ္ဌာန်

အဘောကနှင့်ထေရ်ဆရာ

အနော်ရထာနှင့်ရှင်အရဟံ

တွင်းပနစ်တန်ဓမ္မရန်ကို၊

တွန်းလှန်ပယ်ခွင်းနိုင်ငံတွင်းဝယ်၊

သန့်ရှင်းဝါဒ

ဝိဘဇ္ဇကိုပြုခဲ့သည့်ထုံးနှလုံးမူ၍

ထေရဝါဒမြတ်ဓမ္မကို

ပြန့်ပွါးစေ မည် ဓမ္မစေတီ

# အရှင်အာစိန္နာ၏
# လွှမ်းဓွေ့ယွက်သစ်း ဓွေ့မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၃-ခု၊ ကောဇာ သက္ကရာဇ် ၁၃၇၁-ခုတပို့တွဲလပြည့်ကျော် ၁၀ ရက် ဖေဖော်ဝါရီလ ၈-ရက် ၂၀၁၀ ခု၊ ညချမ်းချိန်ခါဝယ် မုံရွာမြို့ တင်ဝင်းထွန်း သာသနာ့ဗိမာန်တော်ကြီး အတွင်းနှ္ခ ကျင်းပပြုလုပ်သော ပထမအကြိမ်မြောက် ထေရဝါဒအထူးဓမ္မသဘင်ဖြစ်ပါတယ်။

## မြတ်ဗုဒ္ဓ၏ ခရီးစဉ်

ဗုဒ္ဓမြတ်စွာက ပထမဝါကို ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ ဝါဆိုပါတယ်။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဘီစီ ခုနှစ်နဲ့ဆိုရင် ဘီစီ-၅၈၈ လောက်ကပေါ့။ အဲဒီမှာ ဟောတော်မူတဲ့တရားက ဓမ္မစကြာ ပဝတ္တနသုတ်၊ သစ္စဝိဘင်္ဂသုတ်၊ သီလဝန္တသုတ် စသည်အားဖြင့် ဟောတော်မူခဲ့ပါတယ်။


ဘော်လာဂါမှ ဂင်္ဂါသို့ ဆိုတာမျိုးလိုပေါ့။ မိဂဒါဝုန်မှ ကုသိနာရုံသို့ဆိုပြီး ပြောလို့ရပါတယ်။ တချို့နေရာမှာ တချို့ အချက်အလက်တွေကို သုတေသနပြုစရာလေးတွေ ရှိပါတယ်။

ဥပမာ စာလိယတောင်၊ စာလိကတောင်လို့ ပုဒ်ကွဲ (၂)ခု ရှိပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်တဲ့အခါ စာလိကေ ပဗ္ဗတေလို့ ဆိုတာ တွေ့ရတယ်။ ဒီတော့ စာလိကတောင် (စာလိယတောင်)၊ ဒီတောင်ဟာ ဘယ်နေရာမှာရှိသလဲ။ အဲဒီနေရာမှာ ဘယ်တရားတွေ ဟောခဲ့သလဲ?။ ဒါတွေ လေ့လာဖို့ လိုပါတယ်။

သုတေသနပြုချင်တဲ့ ပုဂ္ဂိုလ်တွေ သုတေသနပြုလို့ ရပါတယ်။

ဒီတော့ တရားမနာခင် မြတ်စွာဘုရားရှင် ကြွသွားတော်မူခဲ့တဲ့ ခရီးစဉ်လေးတွေကို ကြည့်ကြရအောင်။

ပရိသတ်တို့ ဆိုလိုသည်မှာ ကျွန်ုပ်တို့ ဗုဒ္ဓဘုရားရှင်တော် ဖြတ်သန်းကြွချီသွားခဲ့တဲ့ နေရာများ (ကိစ္စများ)ကို အမှန်တကယ်ပဲ ကမ္ဘာက မှတ်တမ်းတင်ထားတယ်ဆိုတာကို သိဖို့လိုပါတယ်။



ဒါကတော့ တစ်ကမ္ဘာလုံးက လက်ခံထားတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကြွခဲ့တဲ့ ခရီးစဉ်တွေပါ။ ဘုရားရှင် ဝါဆိုခဲ့တဲ့နေရာတွေကို ဂဏန်းသင်္ချာတွေနဲ့ ပြထားပါတယ်။ ဘယ်နေရာမှာ ဘယ်နှစ်ဝါဆိုတယ် စသည်ဖြင့်ပေါ့။

ဘုန်းကြီးတို့ ဒါတွေကိုရှာလိုက်ရတာ။ မြတ်စွာဘုရား ဝါဆိုသီတင်းသုံးခဲ့တဲ့နေရာတွေကို အဘိဓာန်တွေ၊ ကွန်ပျူတာတွေ၊ ဝက်ဆိုက်ဒ်တွေမှာပေါ့၊ တာပေ အနှံ့လိုက်ရှာသေးတယ်။နောက်ကျမှ **တထာဂတဿ ဝေဿာနိ** လို့ သွားတွေ့တယ်။ အင်တာနက်မှာတော့ ရှိပြီးသားပဲ။ ဒါ အမေရိကမှာ တထာဂတဿ ဝေဿာနိ လို့ ကွန်ပျူတာမှာ ရိုက်ထည့်လိုက်မှ ဒီဝါဆိုစဉ်လေး ထွက်လာတယ်။ ဒါကို ချက်ချင်းပဲ ကူးထားလိုက်ပါတယ်။ အခုပြနေတာဟာ ဘုရားရှင် ဝါဆိုခဲ့တဲ့ နေရာတွေပါ။

ဤသိပ္ပတနမှာ First ပထမလို့ ရေးထားပါ တယ်။ ဝေသာလီမှာ ဘယ်နှစ်ဝါ၊ ရာဇဂြိုဟ်မှာ

ဘယ်နှစ်ဝါ စသည်ဖြင့် ရေးထားပါတယ်။ ဒါ ဒီလို ခေတ်မီပစ္စည်းတွေရှိခြင်းကြောင့် ဘုရားရှင် ဒီနေရာတွေမှာ သီတင်းသုံးတော်မူခဲ့တယ်။ ဒီတရားတွေကို ဟောတော်မူခဲ့တယ် ဆိုတာကို ကမ္ဘာကို ကိုင်ပြလို့ရပါတယ်။ ကိုယ့်မြန်မာနိုင်ငံက ထုတ်ခေတ်တဲ့ စာအုပ်ထဲမှာ ပါတယ်ဆိုရင် ကမ္ဘာက တစ်မျိုးထင်မယ်၊ သံသယဖြစ်ချင် ဖြစ်ကြမယ်။ အခုကတော့ ကမ္ဘာက လက်ခံထားတဲ့အတိုင်း ပြပေးတာပါ။

ဗုဒ္ဓတရားတော်တွေမှာ မြတ်စွာဘုရားရှင်ကိုယ်တိုင် Close the first of a teacher. There is no closed of a teacher. ငါ ဘုရားရှင်က ဆရာစားအနေနဲ့ လက်ထဲမှာ ဆုပ်ကိုင်ထားတယ် ဆိုတာ မရှိပါဘူး။ အဲဒါ ကမ္ဘာမှာ အထူးဆန်းဆုံးပါပဲ။ လူတွေဟာ ကျွန်အရာတွေမှာ ဆရာစားတွေ ချန်ထားကြတယ်။ လူတော်တော်များများဟာ မိမိရဲ့ တပည့်တွေအပေါ် ပညာအကုန် မပေးတတ်ကြဘူး။ ဆရာစား ချန်ထားတတ်ကြတယ်။

ဗုဒ္ဓဘုရားရှင်ကတော့ ကုရုစေသု-ဒီသတ္တာ လေးပါးအရာမှာ၊ နတ္ထိ အာစရိယမုဋ္ဌိ-ဆရာစား ချန်မထားဘူး။ လက်ထဲမှာ ဆုပ်ကိုင်ထားတာ အကုန် ပေးခဲ့ပါတယ်။ အဲဒါမျိုးကမ္ဘာမှာ ဗုဒ္ဓမြတ်စွာ တစ်ဆူ ပဲ ရှိပါတယ်။

ဒါကြောင့်မို့ ဒီ Wet Site ကကြည့်မယ်ဆိုရင် Map of Ancient Buddha India လို့ ရိုက်ထည့် လိုက်ရင် ဗုဒ္ဓမြတ်စွာ ဝါဆိုစဉ်ခရီး ထွက်လာပါလိမ့် မယ်။ အဲဒီမှာအဖြူရောင်လေးတွေ တွေ့ပါလိမ့်မယ်။

အခုပြောမယ့် ဘုရားရှင်ရဲ့ Our lord Buddha last Journey. နောက်ဆုံးခရီးစဉ်မှာ ရာဇဂြိုဟ်၊ ရာဇဂြိုဟ်ကနေ အမ္ဗလဋ္ဌိကာ၊ အဲဒီကနေ နာလန္ဒာ၊ နာလန္ဒာကနေ ပါဋလိပုတ် လေးခုနော်။ မဂဓတိုင်း ထဲမှာ လေးမြို့ရောက်ပါတယ်။

အဲဒီကနေဝေသာလီ၊ ဝေသာလီကမှ ဘောဂနဂါ၊ အဲဒီကမှ ပါဝါ၊ ပါဝါကမှ ကုသိနာရုံ အဲဒီတော့ ဝေသာလီရယ်၊ ပါဝါရယ်က ဝဇ္ဇီတိုင်း။

အင်္ဂလိပ်လိုပဲကမ္ဘာသုံးဖြစ်ခြင်းကြောင့် အောက်ထဲမှာ သေချာကြည့်ရင် အဝါရောင်လေးတွေ့မှာပါ။ အဲဒီအဝါ ရောင်လေးတွေက ဗုဒ္ဓ ရောက်ဆုံးနေခဲ့တဲ့ နေရာ (ခရီး)တွေ ဖြစ်ပါတယ်။

အဝါရောင်လေးကို သေချာကြည့်ရင် အဝါရောင်လေးတွေက ရာဇဂြိုဟ် မြားမြွလိုက်တယ်။ အဲဒီကနေ အမ္ဗလဋ္ဌိက၊ အဲဒီကနေ နာဠန္ဒာ၊ နာဠန္ဒာကနေ ပါဋလိပုတ်၊ ပါဋလိပုတ်ကနေ ဝေသာလီ၊ ဝေသာလီကနေ ပါဝါ၊ ပါဝါကနေ ကုသိနာရုံဆိုတော့ အားလုံးပေါင်း အမြှာလေးတွေ ဘယ်နှစ်ခုရှိသလဲ၊ ဒါကို ကြည့်ခြင်းအားဖြင့် ဘုရားရှင် ကြွတော်မူခဲ့တဲ့ ခရီးဟာဘယ်လောက်ဝေးလံမယ်ဆိုတာ သိရပါမယ်။

ပါဝါမြို့မှာ သုဘဒ္ဒပရိဗိုဇ်ကြီး ထွက်အလာမှာ ဘုရားရှင်ကြွလာခဲ့ရတာ ခရီးက အဝေးကြီးပါ။ ဘုရားရှင်ဟာ မြစ်တွေကိုကျော်ဖြတ်ခဲ့ရတယ်။ ခက်ခဲတဲ့ ခရီးကြမ်းတွေကို ကျော်ဖြတ်သွားခဲ့ရတယ်။ အဲဒီမှာ ရာဂျဂဟ အမ္ဗလဋ္ဌိကကို ရောက်ပြီးရင်

နာလန္ဒာ၊ နာလန္ဒာကနေ ဓါတောင်းကိုကျော် ပြီးတော့ ပါဋလိပုတ်ဂါမ၊ အဲဒီကနေ မြစ်ကြီးကို ဖြတ်လိုက်ရင် ဝေသာလီ၊ ဝေသာလီကနေ ပါဝါကို ကြွလာရတာ နည်းတဲ့ ခရီးမဟုတ်ဘူး။ ဗုဒ္ဓရှင်တော် ကြွလှမ်းရင်းနဲ့ သွေးဝမ်းတွေ သွားလို့ ပင်ပန်းလိုက်တာ။ ကမ္ဘာမှာ ဦးစင်းတို့ ဗုဒ္ဓဟာ တကယ်ပဲ မှတ်တမ်းတင်ထိုက်တဲ့ ပုဂ္ဂိုလ်မြတ်ကြီးပါ။

ဒီပထ်ကာယ်ထဲက မဟာပရိနိဗ္ဗာနသုတ်ထဲမှာ ဗုဒ္ဓ မြတ်စွာရဲ့ နောက်ဆုံးဘဝ အဖြစ်အပျက်တွေကို မှတ်တမ်းတင်ထားပါတယ်။ဗုဒ္ဓမြတ်စွာ၏ နောက်ဆုံး ဓမ္မဒေသနာခရီးဟာ ရာဇဂြိုဟ်နဲ့ ဝေသာလီအကြားခရီး ဖြစ်ပါတယ်။ခုလိုအချိန်ကနေ ကသုန်မြန်သွား၊ တန်ခူး၊ ကဆုန်၊ အဲဒီ ၃-လ၊ ဒီလိုပူပြင်းတဲ့အချိန်မှာ ခရီး သွားခဲ့ရတာ။ ဗုဒ္ဓဘုရားရှင် တော်တော်ပင်ပန်းတော် မူသွားရှာမှာပဲ။

သကျတိုင်းမှာ ဘုရားရှင်ကို မွေးဖွားတယ်။ အဲဒီနားမှာ လုမ္ဗိနီရှိတယ်။ လုမ္ဗိနီနဲ့ ကပ်လျက်မှာ

ကပိလဝတ်ပြည် ရှိတယ်။ ကပိလဝတ်နဲ့ မနီးမဝေးမှာ ကုသိနာရုံ၊ အဲဒီကနေ ဝေသာလီ ဝဇ္ဇီတိုင်းကြီးကို ဖြတ်ပြီးတော့မှ ခရီးနှင်လာခဲ့ရတာ။

အဲဒီတော့ ဗုဒ္ဓမြတ်စွာကို မွေးတုန်းကလည်း အင်ကြင်း ဥယျာဉ်တောကြီးထဲမှာ မွေးခဲ့တယ်။ ပရိနိဗ္ဗာန်စံတော့လည်း အင်ကြင်းပင် အောက်မှာပဲ ပရိနိဗ္ဗာန်စံဝင်ခဲ့တယ်။

အင်ကြင်းဆိုတဲ့ အပင်ဟာ ထူးခြားတယ်နော်၊ အင်ကြင်းကျောက်ဟာ သစ်ပင်ကဖြစ်တာ၊ အင်ကြင်း ပင်တို့မည်သည် သေသွားပြီးရင် ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်သွားကြတယ်။ အင်ကြင်းကျောက်အနေနဲ့ အသုံး ဝင်တယ်၊ မမြုံကွဲသွားဘူး၊ သူ့ရဲ့ဗြပ်ဝင်က မမြုံကွဲ သွားဘူး။

ဒီအတိုင်းပဲဗုဒ္ဓရှင်တော်မြတ်ဘုရားသည် လုမ္ဗိနီ သာမော အင်ကြင်းတောမှာ မွေးခဲ့တယ်။ အင်ကြင်း တောမှာပဲ ပရိနိဗ္ဗာန်စံတော်မူပါတယ်။ ဒီလိုဆိုရင် ဗုဒ္ဓရှင်တော်ရဲ့ တရား ဒေသနာတော်များသည်

ဘုရားရှင်သာသနာ မကွယ်မချင်း မသေတဲ့ တရားမျိုးပဲ၊ အဲဒီလို ခေါင်းထဲအတွေးရောက်လာခဲ့ပါတယ်။

ဗုဒ္ဓတရားတော်တွေဟာ သတ္တဝါတွေ ကျင့်ကျင့် မကျင့်ကျင့် ပျောက်သွားရိုး၊ ပျက်သွားရိုး ထုံးစံမရှိပါဘူး။ ဒါကြောင့် ဘုရားရှင်သည် အင်ကြင်းပင်မှာပဲ မွေး၊ အင်ကြင်းပင်မှာပဲ ပရိနိဗ္ဗာန်စံခဲ့ပါတယ်။

အငြိမ်းဓာတ်နဲ့အတူ

ဒီတော့ ဒီမုံရွာမြို့မှာလည်း လယ်တီနဲ့ မုံရွာ၊ မုံရွာနဲ့ လယ်တီ ဟုတ်လား။

"သုံးလှူရှင်ဝင်၊ ကျွန်ုပ်ထိပ်တင်၊ သောင်းခွင်ကြေပျော၊ နတ်ပြပျော်ဘို့၊ ညီညာရုန်းစု၊ တောင်းယုံမှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သစ္စာယူသည်၊ နတ်လူငြိမ်းဖို့၊ ကိန်းပါကို။"

ဒါလယ်တီဆရာတော်ကြီးရေးစပ်ခဲ့တဲ့ ခုနစ်နေ့ဘုရားရှိခိုးလင်္ကာ။

ဒါကြောင့် လယ်တီနဲ့ မုံရွာ။ မုံရွာနဲ့ လယ်တီဟာ ခွဲခြားလို့မရပါဘူး။

မင်းတွေ မွေးဖွားလာကြတယ်။ အငြိမ်းခါတ်ပါလာသလား၊ မပါဘူး၊ သူဌေးကြီးတွေ မွေးလာတယ်။ အငြိမ်းဓာတ်ပါသလား၊ မပါလာဘူး။ သူတို့ရင်ထဲမှာ သတ္တဝါတွေကို ငြိမ်းဖို့ဆိုပြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အငြိမ်းဓာတ်ရကြပါစေဆိုတဲ့ ပါရမီ အလုပ်တွေ အငြိမ်းဓာတ်တွေ မရှိခဲ့ကြပါဘူး။

မဟာစည် ဆရာတော်ဘုရားကြီး မွေးဖွားလာတယ်၊ မွေးဖွားလာကတည်းက သတိပဋ္ဌာန်တရားဒေသနာတော်နဲ့ လူတွေရဲ့ သောကပရိဒေဝ မီးတွေကိုငြိမ်းမယ့် အငြိမ်းဓာတ်လေး ပါလာပါတယ်။

မိုးကုတ် ဆရာတော်ဘုရားကြီးကို မွေးဖွားလာတယ်။ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်နဲ့ ပြည်သူပြည်သားတွေရဲ့ အပူမီးငြိမ်းဖို့၊ သံသရာလည်တဲ့စက်ကြီး ပြတ်သွားဖို့ ဒုက္ခတွေငြိမ်းသွားဖို့၊ အငြိမ်းဓာတ် ပါလာပါတယ်။



လယ်တီဆရာတော်ရဲ့ စာကလည်း ဒီလိုဆိုလိုပါတယ်။ **"နတ်၊လူငြိမ်းဖို့ ကိန်းပါကို"** တဲ့။ သိဒ္ဓတ္ထမင်းသားလေး မယ်တော်မာယာရဲ့ ဝမ်းကြာတိုက်မှာ သန္ဓေယူလာကတည်းက နတ်တွေ လူတွေ အငြိမ်းဓာတ်ရဖို့ ကိန်းလျက်လာပါတယ်တဲ့။ လယ်တီဆရာတော်ရဲ့စာက အဲဒီလို သေချာတာပါ။ ကောင်းလိုက်တဲ့ မြန်မာစာ။ ကြည့်စမ်း... မြတ်စွာဘုရားရှင်ရဲ့ အကြောင်းအရာနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို လယ်တီဆရာတော်က ဒီအတိုင်း ရေးစပ်ခဲ့တာပါ။ ဆရာတော်ကြီးရဲ့ စာပေတွေက စည်းစနစ်ကျကျနဲ့ အလွန်ထိမိလှပါတယ်။

သုတေသနပြုသင့်

ဘုရားရှင် ဒေသစာရီ လှည့်လည်ခဲ့တဲ့ ကြည့်လိုက်စမ်း။ ဘုန်းကြီးတို့ ကြည်ညိုလွန်းလို့ မဟာပရိနိဗ္ဗာနသုတ် ဘုရားရှင်ဝါဆိုခဲ့တဲ့နေရာတွေ၊ မိဂဒါဝုန်ကနေ ကုသိနာရုံအထိကို ဦးစင်းတို့ သုတေသနတွေ ပြုလုပ်သင့်ပါတယ်။

လယ်တီဆရာတော်ရဲ့ စာကလည်း ဒီလိုဆိုလို ပါတယ်။ **"နတ်နှလျှင်ငြိမ်းဖို့ ကိန်းပါကို"** တဲ့။ သိဒ္ဓတ္ထ မင်းသားလေး မယ်တော်မာယာရဲ့ ဝမ်းကြာတိုက်မှာ သန္ဓေယူလာကတည်းက နတ်တွေ လူတွေ အငြိမ်း ဓာတ်ရဖို့ ကိန်းလျက်လာပါတယ်တဲ့။ လယ်တီဆရာ တော်ရဲ့စာက အဲဒီလို သေချာတာပါ။ ကောင်းလိုက် တဲ့ မြန်မာစာ။ ကြည့်စမ်း… မြတ်စွာဘုရားရှင်ရဲ့ အကြောင်းအရာနဲ့ ပတ်သက်တဲ့ အကြောင်းအရာ တွေကို လယ်တီဆရာတော်က ဒီအတိုင်း ရေးစပ်ခဲ့ တာပါ။ ဆရာတော်ကြီးရဲ့ တာပေတွေက စည်းစနစ် ကျကျနဲ့ အလွန်ထိမိလှပါတယ်။

သုတေသနပြုသင့်

ဘုရားရှင် ဓေသနာရှိ လှည့်လည်ခဲ့တဲ့ ကြည့် လိုက်စမ်း။ ဘုန်းကြီးတို့ ကြည်ညိုလွန်းလို့ မဟာ ပရိနိဗ္ဗာနသုတ် ဘုရားရှင်ဝါဆိုခဲ့တဲ့နေရာတွေ၊ မိဂဒါဝုန် ကနေ ကုသိနာရုံအထိကို ဦးခင်းတို့ သုတေသနတွေ ပြုလုပ်သင့်ပါတယ်။

သုတေသန ပြုလုပ်သင့်တယ်ဆိုတာ ဘယ်အချိန်မှာ ဘယ်တရားကို ဟောတယ် စသည်ဖြင့်ပေါ့၊ ဒီဃနခသုတ္တန်ကို မှန်းလိုက်ခြင်းအားဖြင့် တပိုတွဲလပြည့်နေ့မှာ ဟောတယ်၊ ဘယ်ဝါမှာ ဘယ်တရားကို ဟောတယ်ဆိုတာမျိုးပေါ့၊ ဒီဃနိကာယ်ထဲမှာဆိုရင် ဗြဟ္မဇာလသုတ်က စတယ်၊ ဗြဟ္မဇာလ သုတ်ပြီးတော့ သာမညဖလသုတ်ဖြစ်တယ်။ ဒီသုတ်နှစ်ခုဟာ နီးတော့ နီးနေတယ်။ ဟောခဲ့တဲ့အချိန်ကာလကဝေးတယ်၊ သာမညဖလသုတ်ကို ဟောကတည်းကဗိမ္ဗိသာရမင်း မရှိတော့ဘူး။ အဇာတသတ်မင်းလက်ထက်မှာဖြစ်တယ်။ အဲဒီတော့ သုတ္တန်တရားတော်တွေကို ခုနှစ် သက္ကရာဇ်နဲ့ လိုက်ပြီးတော့သုတေသနပြုလုပ်ဖို့ ကောင်းပါတယ်။

ကမ္ဘာမှာ ထင်ရှားကျော်ကြားတဲ့ဘာသာတွေနဲ့ ပတ်သက်ရင် သုတေသနတွေ ပြုလုပ်တတ်ကြတယ်။ ဥပမာ ရှိတ်စ်ပီးယားဆိုပါစို့။ ရှိတ်စ်ပီးယားရဲ့ His life and his words (သူ့ရဲ့ဘဝနဲ့စာတမ်း)ပေါ့။

တောင်ပြီး မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ သူ့ဘဝနဲ့ သူ့စာပေ၊ လယ်တီဆရာတော်ဘုရားကြီးရဲ့ သူ့ဘဝနဲ့ သူ့စာပေ၊ အဲဒါမျိုးလေးတွေကို ခုနှစ်စဉ်ပြီး ဘယ်နှစ်မှာ မွေးတယ်၊ ဘယ်နှစ်မှာ ရှင်၊ရဟန်း ဖြစ်တယ်၊ ဘယ်နှစ်မှာ အလုပ်တွေစပြီးလုပ်ခဲ့တယ်။ အဲဒီလိုမျိုးလုပ်တဲ့ အလေ့အထကိုတော့ မြန်မာတွေက သိပ်လုပ်လေ့လုပ်ထ မရှိကြပါဘူး။ ကမ္ဘာကတော့ (အခြားနိုင်ငံများကတော့) အဲဒီလိုသုတေသန ပြုလုပ်တာက များတယ်၊ မြန်မာက နည်းပါတယ်။

မြတ်စွာဘုရားရှင် ဘီစီ-၅၈၈မှာ ဘုရားဖြစ်တယ်။ ဓမ္မစကြာတရားကိုဟောတယ်။ ဘယ်နေရာမှာ ဘယ်သူတွေ ကျွတ်တမ်းဝင်ကြတယ်။ အဲဒီလို မှတ်တမ်းပေါ့။ ပါဠိတော်တွေထဲမှာ ရှိတာတွေကို ရှာနိုင်သလောက်တော့ ရှာရမယ်။ အချို့အရာတွေမှာ မှတ်တမ်းက ခုနှစ် ဘယ်လောက်မှာ ဟောလိုက်တယ်လို့ တိတိကျကျ ဆုံးဖြတ်ဖို့ ခက်ခဲတဲ့အရာတွေ ရှိပါတယ်။

ကိုယ်လက်လှုပ်မိသလောက်တော့ သုတေသန လုပ်ကြည့်ပါတယ်။ ဘီစီ-၅၈၄ မှာ သုတ်ပါထိကကို ဟောတယ်၊ အဲဒီမှာ သုနက္ခတ္တရဟန်းအကြောင်းတွေ ပါတယ်။

ဘီစီ-၅၈၅မှာ ဗေဒမှုဗောတက္ကသိုလ်ဝါလို့ ဟော တယ်။ နောက် ဘီစီ-၅၈၄ မှာ သီဟနာဒသုတ်ကို ဟောတယ်၊ ရတနသုတ်ကိုဟောတယ်။

ဘီစီ-၅၈၃ မှာ ဟောတဲ့အကြောင်းအရာတွေ မတွေ့မိသေးဘူး။ ဒါမျိုး မှတ်တမ်းလေးတွေပေါ့။

ဘီစီ-၅၈၂ မှာ ဒသဝိမ္မောက် ဟောမယ်၊ ဘီစီ-၅၈၀ မှာ အနမာနသုတ်၊ နကုလပိတာသုတ်ကိုဟော မယ်၊ နောက်ပြီး ဘီစီ ၅၇၉ မှာ ပလာလေယျသုတ်ကို ဟောမယ်။ အဲဒီလို တိတိကျကျ အကြောင်းအရာ လေးတွေဟာ နိုင်နိုင်မာမာလေးတွေ များပါတယ်။

ဒါပေမယ့် ဒါမျိုးလုပ်ငန်းတွေကို တစ်ပါးတည်း လုပ်လို့မရပါဘူး။ နိကာယ်တွေကိုခွဲပြီးတော့ အများနဲ့ စုပြီးလုပ်ရင် ရနိုင်ပါတယ်။ တစ်ချိန်တစ်ခါတုန်းက

တော့ ပိဋကတ်တွေကို အဲသည်လို ဝေပုံချပြီး အလွယ် လုပ်ခဲ့ကြပါတယ်။ဘုန်းကြီး တွေးကြည့်တာပေါ့လေ။ နောက်ပိုင်းမှာ ဆရာတော်ကြီးတွေကိုလည်း လျှောက် ကြည့်ပါတယ်။ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေကိုလည်း ပြောဖြစ်ပါတယ်။ ဘုရားဟော ပိဋကတ်တွေကို သုတေသနလေးတွေ လုပ်ကြည့်ကြစို့။

ဥပမာ ဆိုပါစို့။ မစိုးရိမ်တိုက်က သဒ္ဒါသင်ရင်၊ ဘုရားကြီးတိုက်က ယမိုက်သင်မယ်၊ မုံရွာဇေတဝန်ကရဲ့ တိုက်က သီလက္ခန်တစ်ကျမ်းကို သို့မဟုတ် ဒီဃ နိကာယ် တစ်ခုကို သင်ပေးမယ်။ ဒီဃနိကာယ်ထဲက သုတ်တွေကို အဲဒီတိုက်ထဲက ပညာရှိ ဆရာတော် ဘုရားတွေက သီးသန့်ပုံမှန်သင်ပေးမယ်၊ ဒီတစ်ပါး သည် ဒီလုပ်ငန်းတစ်ခုကို ပုံမှန်သင်လိုက်တာဖြစ်ခြင်း ကြောင့် ကြာတော့ ကျွမ်းကျင်လာမယ်။

ဆိုပါတော့ ဇေတဝန်ကရဲ့တိုက် ဆိုလိုက်တာနဲ့ ဟာ ဒီဃနိကာယ်ကို ကျွမ်းကျင်တယ်၊ မြို့မ ရွှေဂူ တိုက်သစ်ဆိုရင် သူက ဝိနည်းမဟာဝါ ကျမ်းပေါ့။

ပေဟာဝါနဲ့ပတ်သက်လို့ ကမ္ဘာက လာမေးရင် အဲဒီ (ကျောင်း)တိုက် အကောင်းဆုံးပဲလို့ ညွှန်ပြနိုင်ဖို့ လိုတယ်။ အဲဒီလိုခွဲခြားပြီး အသီးအသီးပိဋကတ်တွေကို တာဝန်ယူလိုက်ရင်တစ်ခုထဲမှာ တအားကျွမ်းကျင်သွားမယ်။ မဇ္ဈိမတိုက်က သဒ္ဒါမှာကျွမ်းကျင်တယ်၊ အဲဒီ မဇ္ဈိမဆရာတော်တွေက (သံဃာတော်တွေက) အသိမ္မာ သင်ချင်တယ်ဆိုရင် ဟိုဘက် ဝိသုဒ္ဓါရုံ တိုက်သွား။

အဲသည်လိုဆိုတော့ သံဃာတော်များ အချင်းချင်းလည်း ပိုပြီးရင်းနှီးလာမယ်။ ဥပမာ ဦးစင်းရဲ့ တပည့်သည် မုံရွာမြို့မှာ အများကြီးပဲ၊ မန္တလေးမြို့က ဆရာတော်တွေရဲ့တပည့်တွေ သည်မုံရွာမှာအများကြီးဆိုတော့ ဆရာ့ မတော်ဘူးတဲ့ ဆရာတော်တွေ မရှိဘူးဆိုရင် သံဃာအချင်းချင်းတွေ့ဆုံ နေကျဖြစ်မယ်။ ထို့အတူ ဆရာလေးတွေ အချင်းချင်းတွေဟာ သိပ်ပြီး ချစ်ခင် စည်းရုံးသွားကြမှာပါ။

ဒါ တွေးကြည့်တာပါ။

စေတိကာရုံတိုက်မှာ ဒီယနိကာယ်ပဲ ချတယ်။ သူတို့က ဝိနည်းကို မချဘူး၊ မတတ်လို့ မဟုတ်ဘူး နော်၊ အဲဒီထဲက ဝိနည်းတတ်တဲ့ဘုန်းကြီးတွေရှိတယ်။ ရှိရင် မြို့မ ရွှေဝူကျောင်းထဲလာတယ်။

ဒီတော့ စေတိကာရုံကျောင်းထဲက ဘုန်းတော်ကြီးသည် ဝိနည်းအရာနဲ့ပတ်သက်ပြီး မြို့မ ရွှေဝူကျောင်းထဲကို လာတက်တယ်ဆိုတော့ မြို့မ ရွှေဝူဘုန်းကြီးရဲ့တပည့်တွေဖြစ်ကုန်တယ်။ဒီလိုပဲ မြို့မရွှေဝူကျောင်းထဲက သံဃာတော်တွေက စေတိကာရုံကျောင်းထဲ စာသွားတက်ရင် အဲဒီသံဃာတွေလည်း စေတိကာရုံဘုန်းကြီးရဲ့ တပည့်တွေ ဖြစ်ကုန်တာပေါ့။ အဲသလို စာဝါတက်လိုက်တဲ့ သံဃာတွေဟာ အားလုံး ဒီယနိကာယ်တပည့်တွေ ဖြစ်ကုန်ရော။ အဲဒီတော့ သူတို့သံဃာအချင်းချင်းဟာ အမြဲတွေ့နေရတော့ ခင်မင်ညီညွတ်ပြီးသား ဖြစ်သွားရတာပေါ့။

ဒါကြောင့် အမေရိကန်သမ္မတ လုပ်ချင်ပြီဆိုရင် ဟားဗတ်ယူနီဗာစီတီကိုတက်ကိုတက်ရမယ်၊ အဲဒီမှာ

ဘယ်နှစ်နှစ်တွေးတွေး၊ ဘာမှ Formula တွေ Theory တွေ မတွေက်လည်းတွေး၊ လစဉ်ပိုက်ဆံပေးထားတယ်၊ ကောင်းကောင်းစား၊ ညဘက်လည်းစား၊ နေ့ဘက်လည်းစား၊ ကိုယ့်အခန်းထဲမှာ ငုတ်တုတ်ထိုင်နေတာ ဘာမှမလုပ်ရဘူး၊ ပြီးတော့မှ သူတွေးတဲ့ အတွေးအခေါ်ကို စာတမ်းဖတ်မယ်၊ တင်ပြမယ်၊ ငါကတော့ ဒီလောက်ကြီး အကြာကြီးနေလာပြီး ဘာအတွေးအခေါ်မှ မရဘူးဆိုရင် သူတို့ကရှက်တယ်၊ ဒီအတိုင်း ထိုင်စားပြီး အလကားမနေဘူး။

ညစာစားပွဲနဲ့သွားတွေ့တယ်၊ အဲဒီတော့ စကားလေး ဘာလေးသွားပြောကြည့်တယ်၊ အဲဒီလိုတော့လည်း တွေ့လို့ရတယ်၊ ဒါနဲ့ခင်ဗျားတို့ဘာလုပ်ရမလဲ မေးကြည့်တယ်၊ ဘာမှမလုပ်ရဘူးတဲ့။ ဒီအတိုင်းပဲ ထိုင်နေချင်နေ၊ ပက်လက်လှန် နေချင်နေ၊ အဓိက တွေးနေဖို့ အရေးကြီးတယ်၊ အတွေး အခေါ်အဖွဲ့ Think Tank ဆိုပြီး ပရင်စတန်ယူနီဗာစီတီမှာတွေ့ခဲ့ပါတယ်။

အဲဒီကာလဲ မဟာသုခမိန့်ကြီးတွေ ထွက်ပေါ်လာကြတာပါ။

သိပ္ပံနဲ့ပတ်သက်ရင် အိုင်းစတိုင်းရဲ့တတ္တသိုလိပ်၊ သူက သိပ္ပံပညာတစ်ခုတည်းပဲ အတွေးဦးစားပေးပြီး သင်ပေးတယ်။

ရဟန်းတော်တွေမှာ ဒီဃနိကာယ်ကို သက်သက် သင်ယူမယ်။ ဒီဃနိကာယ်ထဲက သီလက္ခန်ကို ဒီဘက် တိုက်က သီးသန့်သင်ပေးမယ်၊ ဟိုဘက်တိုက်က မဟာဝါကိုပဲသင်တယ်၊ သင်ပါများလာရင် အကြိမ်ကြိမ် သင်လာရင် ဒီဘာသာရပ်မှာ ကျွမ်းကျင်လာမယ်။ ဒီလိုမျိုးဆိုရင် မိမိတို့အားသန်တဲ့ ဘာသာရပ်တွေမှာ ထူးချွန် ကောင်းမွန်လာလိမ့်မယ်လို့ ထင်ပါတယ်။

ပဋ္ဌာန်းသိပ္ပံဆရာတော် ဦးဝဇိရ၊ ရွှေရေးဆောင်တိုက်က သူက ပဋ္ဌာန်းတစ်ခုတည်းကိုပဲ သင်ပေးတာလေ။ ကြာလာတော့ ဒီဘာသာရပ်ပညာကို သူ ကျွမ်းကျင်လာတယ်။

ဘုန်းကြီးဆိုရင် ဓမ္မစေတီတရားကို ဟောပါတယ်။ ဘယ်အချိန်ဟောဟော ပြည့်စုံသထက်ပြည့်စုံအောင် ပြင်ပြင်ဟောပါတယ်။ ဓမ္မစေတီနဲ့ပတ်သက်တဲ့ သမိုင်းကြောင်း စသည်အားဖြင့် စေတီပုထိုးတွေအားလုံးကို စနစ်တကျ ဟောလာထားတယ်။

သီတာဂူ ဆရာတော်ဘုရားကြီးရဲ့ ကျောင်းကို ရောက်သွားတယ်။ဆရာတော်ကြီးက ရုပ်ပွားဆင်းတုတော် (၂၃)ဆူကို ပြုလုပ်ထားတယ်။ မပြီးသေးဘူး၊ သီတာဂူတပါမောက္ခချုပ်ဆရာတော် တစ်ပါးပါတယ်။ ကျောင်းအုပ် ဘုန်းကြီး ၂-ပါးပါတယ်။ Ph.D ဆရာတော်တစ်ပါးပါတယ်။ ဒါနဲ့ သီတာဂူဆရာတော်ကြီးက မောင်ကောသလ္လ… မင်း မဖြေနဲ့၊ အဲဒီဘုရားအကုန်လုံး ဘာကိုရည်ရွယ်ပြီး တည်ထားတာလဲတဲ့၊ ကျန်တဲ့ကိုယ်တော်တွေကို မေးပါတယ်။ ခရစ်ယာန် ဘုန်းကြီးကနေ ဗုဒ္ဓဘာသာဘုန်းကြီး ဖြစ်လာတဲ့သူက ပြော်…တစ်ခု ကျန်သေးတယ် နော်တဲ့။ သူက အင်္ဂလိပ်စာ သိပ်တော်တာ၊ ဒါ

ဘုန်းကြီးဆိုရင် ဓမ္မစေတီတရားကို ဟောပါတယ်။ ဘယ်အချိန်ဟောဟော ပြည့်စုံသထက်ပြည့်စုံအောင် ပြင်ပြင်ဟောပါတယ်။ ဓမ္မစေတီနဲ့ပတ်သက်တဲ့ သမိုင်းကြောင်း စသည်အားဖြင့် စေတီပုထိုးတွေအားလုံးကို စနစ်တကျ လေ့လာထားတယ်။

သီတာဂူ ဆရာတော်ဘုရားကြီးရဲ့ ကျောင်းကို ရောက်သွားတယ်။ဆရာတော်ကြီးက ရုပ်ပွားဆင်းတုတော် (၂၃)ဆူကို ပြုလုပ်ထားတယ်။ မပြီးသေးဘူး၊ သီတာဂူကပါမောက္ခချုပ်ဆရာတော် တစ်ပါးပါတယ်။ ကျောင်းအုပ် ဘုန်းကြီး ၂-ပါးပါတယ်။ Ph.D ဆရာတော်တစ်ပါးပါတယ်။ ဒါနဲ့ သီတာဂူဆရာတော်ကြီးက မောင်ကောသလ္လ... မင်း မဖြေနဲ့၊ အဲဒီ ဘုရားအကုန်လုံး ဘာကိုရည်ရွယ်ပြီး တည်ထားတာလဲတဲ့၊ ကျန်တဲ့ကိုယ်တော်တွေကို မေးပါတယ်။ ခရစ်ယာန် ဘုန်းကြီးကနေ ဗုဒ္ဓဘာသာဘုန်းကြီးဖြစ်လာတဲ့သူက ဩော်...တစ်ဆူ ကျန်သေးတယ်နော်တဲ့။ သူက အင်္ဂလိပ်စာ သိပ်တော်တာ၊ ဒါ



ပဋ္ဌာန်း(၂၄)ပစ္စည်းကို ရည်ရွယ်ပြီးတော့ ဒီဘုရားကို တည်ခဲ့တာပါတဲ့ ဖြေတယ်။

ဒါနဲ့ သီတာဂူဆရာတော်ကြီးက ဒီအဖြေကို အားလုံး သဘောတူလားလို့ မေးပါတယ်။ ကျန်တဲ့ ကိုယ်တော်တွေက သဘောတူပါတယ်လို့ ဖြေကြတယ်။ ကဲ....မောင်ကောသလ္လ ပြောတဲ့...

“တပည့်တော်ကတော့ ဒီရုပ်ပွားဆင်းတုတွေဟာ This is First cencury ကို ရည်ရွယ်တယ်လို့ ထင်ပါတယ်”

ဒါနဲ့ ဆရာတော်ကြီးက ဟုတ်တယ်၊ ဘယ်လိုလုပ်သိသလဲတဲ့၊ ဆံပင်ပုံကိုကြည့်ပြီး သိပါတယ်လို့ ဖြေပါတယ်။ဒါ ဂန္ဓာရတိုင်းကလက်ရာပဲ၊ ကနိုဋ္ဌက မင်းလက်ထက်က စေတီပုထိုးတွေပါဘုရားလို့ ဖြေတယ်။

အေဒီ(၅၇)နဲ့ အေဒီ(၁၀၀) ကြားမှာ First cencury AD မှာပထမဆုံးပေါ်လာတာ အဲဒီပုံတွေပဲလို့၊ အမြင်ကွာသွားတာလေး ပြောချင်တာပါ။

(၂၃)ဆူဆိုတော့ ဒါက First cencury, Second cencury (ပထမရာစုနှစ်၊ ဒုတိယရာစုနှစ်) ဆိုပြီး ၂၅-ရာစုထိ ရည်ရွယ်ပြီး ၂၅-ရာ တည်ဖို့ ရည်ရွယ်ထားပါတယ်တဲ့၊ ၂-ဆုက မပြီးသေးဘူး။ ပဋ္ဌာန်း ၂၄-ပစ္စည်းကို ရည်ရွယ်ပြီး တည်ရင်လည်း သောက်မှာ ဘာစာမှ ရေးမထားဘူး၊ ဒါကတော့ First cencury ရဲ့ ဒီနိုင်းပဲ။ ဒါကတော့ ၂-ရာစုရဲ့ ဒီနိုင်း၊ တစ်ရာစု တစ်ရာစုကို အဲသလို ဘုရားပုံတွေကို ကိုယ်စားပြုပြီးတည်ချင်တာ၊ ဆိုလိုသည်မှာ အမြင် လေးတွေကို ပြောချင်တာပါ။ ဒါကြောင့် အကြောင်း အရာတစ်ခုကို စုစည်းပြီးလေ့လာဖို့ လိုပါတယ်။

အခုအခါ ဆရာလေးများ၊ သံဃာတော်များ ရှိတာဖြစ်ခြင်းကြောင့် မြတ်စွာဘုရားရှင်ရဲ့ တရား တော်တွေကို စုဝေးပြီး(စုစည်းပြီး)တစ်ခုချင်း(ဘာသာ ရပ်တစ်ခုချင်း) သင်ကြမယ်ဆိုရင် ဆရာတပည့် မတော်ဖူးတဲ့သူတွေ မရှိသလို ကျောင်းတိုက်အချင်း ချင်းလည်း မရင်းနှီးစရာ၊ မခင်မင်စရာ မရှိပါဘူး။

အရှင်းချင်း ရင်းနှီးခင်မင်သွားကြပါမယ်။ သူ့တာပည့် ငါ့တာပည့်၊ သူ့ဆရာ၊ ငါ့ဆရာ အမြဲဆက်စပ်မှု ရှိသွားကြမှာပါ။

ဥပမာ-ဘုရားကြီးတိုက်မှာ အဘိဓမ္မာ ခုနစ်ကျမ်းချတယ်။ ဒီဘက်ကျောင်းက ယမိုက်ချမယ်၊ ဦးကောသလ္လက ပဋ္ဌာန်းချမယ်၊ ဒါပေမယ့် ဘုန်းကြီးဆီမှာ စာလိုက်တဲ့ ကိုယ်တော်တွေ (လူ)နည်းမယ်၊ ဆရာလေးသင်ပေးတဲ့ နေရာက လူများနေမယ်ဆိုရင် ဘုန်းကြီးက စာချကောင်းအောင်၊တော်အောင် လုပ်ရမယ်လေ။

ပဋ္ဌာန်းတစ်ခုတည်းကို ၃-ပါးချမယ်။ တိုက်ထဲမှာ ပြိုင်ပြီးချကြမယ်ဆိုတော့ စာလိုက်တာကြည့်ပြီး တစ်ပါးထက် တစ်ပါးတော်အောင် လုပ်လာမယ်။ တိုက်တစ်တိုက်တည်းက အဘိဓမ္မာခုနစ်ကျမ်းထဲက ၂-ကျမ်းပေးမယ်၊ ယမိုက်နဲ့ ပဋ္ဌာန်း၊ အဲဒီ ယမိုက် (ပဋ္ဌာန်း)ကိုပဲ ဒီကျောင်းတိုက်က အမြဲချပေးမယ်၊ သင်ပေးရင်း ကျော်ကြားလာရင် လာသင်ကြလိမ့်

မယ်။ ဒီလိုစနစ် ရှေးကရှိခဲ့ပါတယ်။ မန္တလေးမြို့က စာသင်တိုက်တွေဟာ အဲသည်လို လုပ်ခဲ့ကြပါတယ်။ လယ်တီဆရာတော် ဘုရားကြီးက ကထာဝတ္ထုကျမ်းကို သင်္ဂါယနာတင်တဲ့အခါတုန်းက အဲသည်လိုလုပ်ခဲ့ပါတယ်။

ပြီးရင် အရှင်အာနန္ဒာရဲ့ တပည့်အဆက်ဆက်က ဒီဃနိကာယ် အရှင်ဥပါလိရဲ့တပည့် အဆက်ဆက်က ဝိနည်း၊ အရှင်အနုရုဒ္ဓါရဲ့ တပည့်အဆက်ဆက် အင်္ဂုတ္တရနိကာယ်၊ အရှင်သာရိပုတ္တရာရဲ့ တပည့် အဆက်ဆက်က မဇ္ဈိမနိကာယ်၊ အရှင်မဟာကဿပ မထေရ်ရဲ့ တပည့်အဆက်ဆက်က သံယုတ္တနိကာယ်၊ ဒီလို ဘာဏကဆောင် မထေရ်များ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့အခါမှာ အဲဒီလိုပဲ သူ့အဆက်ဆက် ဆောင်လာခဲ့ကြလို့ ဒီပိဋကတ်စာပေတွေ မပျောက်ဘဲ တည်ရှိနေတာ ဖြစ်တယ်။ တပည့်အဆက်ဆက်က ကိုယ့်ရဲ့ တရားကို ထိန်းသိမ်း စောင့်ရှောက်လာတာ ဖြစ်ခြင်းကြောင့် ဒီ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေ

မပျောက်ဘဲနဲ့ အခုထိ တည်ရှိနေတာ ဖြစ်တယ်လို့ မှတ်ပါ။

ဒါကြောင့် ဒီကနေ့ထေရဝါဒသာသနာတော်ကြီး အကောင်းအတိုင်း ဖြစ်နေတယ်လို့မှတ်ပါ။ အခု တိပိဋကဓရ ဆရာတော်တစ်ပါးသည် ဝိနည်းတွေ၊ သုတ္တန်တွေ၊ အဘိဓမ္မာတွေကို အကုန်လုံး သူ့ခေါင်းထဲမှာ ထည့်ထားရပါတယ်။

သူက ဒီဟာနိုကာယ်ထဲက သီလက္ခန္ဓဝဂ်ကို အာဂုံဆောင်ထားတယ်။ သူက မဟာဝါကို အာဂုံဆောင်ထားတယ်။

အဲသည်လို ဆောင်ထားကြတော့ ဒီစာပေတွေဟာ တစ်စုံတစ်ခုများ အန္တရာယ် ကျရောက်လာခဲ့ရင် မပျောက်တော့ဘူး၊ ဒါတွေဟာ မှတ်တမ်းတွေပဲ။

မှတ်တမ်းဆိုတာ Bring back to the heart or mine. ကိုယ့်နှလုံးသားထဲကအရာတွေကို ပြန်ပြီး ခေါ်လို့ ရအောင် ပြန်ဖော်ထုတ်တာကို မှတ်တမ်းလို့ ခေါ်ပါတယ်။

Record (ရီကော့ဒ်)မှာ Re (ရီ)ရယ်၊ cord (ကော့ဒ်) ရယ်၊ cord ဆိုတာက နှလုံးသားကို ပြော တာပါ။ Re က ပြန်ခေါ်တာ။ ဥပမာ အရှင်ဘုရား မုံရွာမှာဟောခဲ့တဲ့ တရားမှတ်တမ်းလေး၊ မှတ်တမ်း တင်ထားတဲ့ခွေပေါ့။ ဒါကြောင့် နှလုံးသားထဲက သိတဲ့အရာတွေ စိတ်ထဲကသိတဲ့အရာတွေကို ပြန်ဖော် တာဟာ မှတ်တမ်းပဲ။

အရှင်အာနန္ဒာရဲ့မှတ်တမ်း

အရှင်အာနန္ဒာ ဘဝတစ်လျှောက်လုံး မှတ်တမ်း တင်ထားတဲ့ အရာတွေကို ပြန်ပြီးဖော်လိုက်တဲ့အခါ မှာ ဒီလို ပိဋကတ်(သုတ်အဘိဓမ္မာ)တွေ ဖြစ်လာလို့ အရှင်အာနန္ဒာ မှတ်တမ်းလို့ ဒီလိုဆိုပါတယ်။

ပြန်ပြောပါမယ်။ အရှင်အာနန္ဒာရဲ့ Heard နှလုံးသားထဲမှာ Mine စိတ်ထဲမှာ ဘုရားရှင်နဲ့ တွေ့တိုင်း၊ တွေ့တိုင်း ပယ်လေးတန်ကို တောင်းဆို တယ်။ ပယ်တာ လေးခုရှိတယ်။ အရှင်အာနန္ဒာဟာ

မြတ်စွာဘုရားကို အလုပ်အကျွေး ဖြစ်ဖို့ရန်အတွက် အခွင့်အရေးကိုမယူဘဲ တာဝန်ဝတ္တရားကို အရင်ယူတယ်။ Humanrise လူ့အခွင့်အရေးကို အရင်မယူဘူး၊ အရှင်အာနန္ဒာဟာ ဘုရားရှင်အား အလုပ်အကျွေးဖြစ်ရခြင်းကြောင့် ရဟန်းတော်တစ်ပါးရရှိမယ့် အခွင့်အရေးကိုမပြောဘဲ အနာဂတ်မှာသူထမ်းဆောင်ရမည့် တာဝန်ဝတ္တရားတွေကို တွေးကြည့်ပြီး သုဒ္ဓိလို တောင်းဆိုတယ်။

တောင်းဆု ၄-ခု

ပထမအချက်က- သူ လက်ခံပင့်ဖိတ်ထားတာကို မြတ်စွာဘုရား လက်ခံရပါမယ်တဲ့။

နောက် အဝေးက ဘုရားဖူးလာတဲ့ ဒကာ၊ ဒကာမတွေအတွက် လျှောက်ထားရင် အဖူးမြော်ခွင့် ပေးရပါမယ်တဲ့။

ပြီးတော့… တပည့်တော် သံသယဖြစ်တိုင်း မေးလျှောက်တဲ့အခါ ချက်ချင်းဖြေကြားခွင့် ပေးရပါမယ်တဲ့။

နောက်ဆုံးချက်က အရှင်ဘုရား… တပည့်တော် မပါဘဲ တပည့်တော်ရဲ့မျက်ကွယ်မှာ ဟောကြားခဲ့တဲ့ တရားတွေကို တပည့်တော်ကို ပြန်ဟောပါဘုရား ဆိုတော့ မြတ်စွာဘုရားရှင်က ခွင့်ပြုလိုက်ရတယ်။

ပယ်ဆု ၄-ခု

အရှင်အာနန္ဒာရဲ့ ပယ်ဆု ၄-ခု တောင်းဆိုချက် က နံပါတ်တစ်က အရှင်ဘုရား…. တပည့်ကို ချွမ်းကောင်းကောင်း မပေးဘူးဆိုရင်၊ နံပါတ်နှစ် သင်္ကန်းကောင်းမပေးဘူးဆိုရင်၊ နံပါတ်သုံး အရှင် ဘုရားနဲ့အတူ ဂန္ဓကုဋီကျောင်းတော်မှာ နေခွင့်ပါ မပေးဘူးဆိုရင်၊ နံပါတ်လေးက အရှင်ဘုရားအား ပင့်ဖိတ်ထားသောနေရာသို့ ခေါ်မသွားဘူးဆိုရင် တပည့်တော် အရှင်ဘုရားကို လုပ်ကျွေးပြုစုပါ့မယ် တဲ့။

ဥပမာ တပည့်တော် ဝေဘာလီကပါဘုရား၊ မြတ်စွာဘုရားရှင်ကို ဖူးချင်လို့ပါဘုရားဆိုရင် အနီးနေ

အလုပ်အကျွေးပုဂ္ဂိုလ်က "ဟာ မဖြစ်ဘူး"၊ ဒီလိုမလုပ်ရဘူး၊ ဒါမျိုး မဖြစ်စေရဘူး။ အနီးနေ ဆိုသည်မှာ အခွင့်အရေးပေးထားပြီး ဖြစ်တာကြောင့် "အေး… အေး… ခဏနေဦး၊ မြတ်စွာဘုရားကို လာဖူးတွေ့ချင်တဲ့ ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရား ပင်ပန်းနွမ်းနယ်နေတယ်၊ ဘုရားရှင် တရားတွေ အများကြီး ဟောနေတယ်၊ ဘယ်သာဝကကြီးပဲတားတား၊ အရှင်အာနန္ဒာက မြတ်စွာဘုရားရှင်ကိုယ်တား ဖူးတွေ့ခွင့်ပြုပါဆိုရင် အရှင်ဘုရား လက်ခံရလိမ့်မယ်တဲ့။ ဘုရားကို ဒီလိုစပြီးအရေးဆိုတယ်။

ဆိုလိုသည်မှာ အရှင်အာနန္ဒာသည် သူ စပြီးတောင်းလိုက်တဲ့အကြောင်းအရာများသည် သာသနာတော်အတွက်ပဲ ဖြစ်ပါတယ်။ အရှင်အာနန္ဒာက "အရှင်ဘုရား… ဘယ်နေရာမှာ တရားဟောဟော၊ ဟောတဲ့တရားကို တပည့်တော်အား ပြန်ပြီးဟောကြားပါလို့ လျှောက်ထားတယ်။ အရှင်ဘုရား တရားကို မနာချင်ပါဘူးလို့ ပြောသလား၊ မပြောဘူးနော်။

ဒီလိုဖြစ်ရခြင်းကြောင့် ဝိဋကတ်တော်ထဲကအကြောင်း များကို **အရှင်အာနန္ဒာရဲ့မှတ်တမ်းလို့** ဒီလိုသုံးလိုက် ပါတယ်။

ဒါဖြင့် ကောင်းပြီ၊ အရှင်အာနန္ဒာရဲ့ မှတ်တမ်း လို့ ရိုးရိုးမပြောဘဲ **ရွှေမှတ်တမ်းလို့** ဘာကြောင့်ပြော သလဲ?။ ရွှေဦးမှာလေ ကဆုန်လက ရွှေရာသီလေ၊ ထေရဝါဒစာပေ အများစုသည် အရှင်အာနန္ဒာရဲ့ မှတ်တမ်းတွေ ဖြစ်ပါတယ်။

ဘာကြောင့် **လွှမ်းရိပ်ယှက်သမ်းလို့များ** ဒီစာလုံး လေးကို ထည့်ရတာလဲဆိုတော့ ကျနော်တို့မထေရ်မြတ် ကြီးတွေ အရှင်ကောဏ္ဍညတို့လို အရှင်အာနန္ဒာ မထေရ်က မရှင့်ကျက်သေးဘူး။ သူက သောတာပန် အဆင့်ပဲ ရှိသေးတယ်။ လွှမ်းစရာရှိကြဲ့ရင် လွှမ်းရ သေးတယ်။ ငိုစရာရှိကြဲ့ရင်ငိုရသေးတယ်။ ဒါကြောင့် လွှမ်းရိပ်ယှက်သမ်းလို့ ပြောတာပါ။

ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေဟာ တကယ့်ကို အစမ်းသပ်ခံပါတယ်။ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်

အပေါ် နည်းမျိုးစုံနဲ့ စမ်းသပ်လို့ရပါတယ်။ လူမှုရေး၊ နိုင်ငံရေး ရှုထောင့်အမျိုးမျိုး၊ နည်းမျိုးစုံနဲ့ ဝေဖန်ပါ။ ဒီကနေ့ ကမ္ဘာ့စိတ်ပညာရှင်တွေ ထိလို့၊ တို့လို့ မရနိုင်တဲ့ အရာမျိုးတွေကို မြတ်စွာဘုရားက ချက်ချင်း လုပ်ပြလိုက်တာပါ။

### ဗုဒ္ဓမြတ်စွာနဲ့ လယ်သမားပုဏ္ဏားကြီး

လယ်လုပ်နေတဲ့ ပုဏ္ဏားကြီး တစ်ယောက်၊ မြတ်စွာဘုရားရှင်က စောစောစီးစီးကတည်းက ပုဏ္ဏားကြီးဆီသွားပြီး သတင်းမေး၊ဘာညာနဲ့ ရင်းနှီးအောင်လုပ်ထားတာ၊ ဒီလိုနဲ့ ပုဏ္ဏားကြီးနဲ့ မြတ်စွာဘုရားဟာ နေ့တိုင်း စကားပြောပါများလာတော့ ခင်မင်လာတယ်။ ဒါနဲ့ ပုဏ္ဏားကြီးက ဪ… ဂေါတမ၊ဟာ ဗြာဟ္မဏ ပုဏ္ဏားတွေအပေါ်မှာ ဗြာဟ္မဏဝါဒကိုနှိပ်ကွပ်ဖို့ ဗုဒ္ဓဘာသာပေါ်လာတယ် ဆိုတာ မဟုတ်ပါလား။ ကြည့်ပါဦး။ ဂေါတမ ငါ့ကို ခင်နေပါလား၊ သူ သောတာပန်တည်မှာကို သိလို့

ဗုဒ္ဓက သူနဲ့ခင်အောင်လုပ်နေတာလေ။ ဒီလို ရှင်းနိုးရှင် ပုဏ္ဏားကြီးက ဘုရားရှင်ကို ခင်မင်သွားတယ်။

ပုဏ္ဏားကြီးကဒီလိုတွေးထားတယ်။ အေးလေ-သီတင်းကျွတ် လပြည့်နေမှာ ကောက်စပါးတွေ ပြီးသွားလို့ကတော့ ဂေါတမကို ကောက်ဦးလေးတွေ မုန့်ဆွမ်းလေးတွေကို ငါကိုယ်တိုင် ကျွေးမွေးဦးမယ်၊ အလွန်ခင်စရာ၊ ကြည်ညိုစရာကောင်းတဲ့ ကိုယ်တော်ကြီးပါလားလို့ တွေးနေတယ်။

ပုဏ္ဏားကြီးဟာ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့မှာ အသီးဖြစ်ထွန်းနေတဲ့ သူ့ရဲ့လယ်ကြီးကို ကြည့်ပြီးပျော်နေတာ၊ ညအချိန်လေးရောက်တော့ လေတွေ မိုးတွေ ရွာချလိုက်တာ စပါးတွေအားလုံး ကုန်ပါလေရော။ စပါးတွေ ဘာမှမရှိတော့ဘူး ဆိုတော့ သူက သူ့ရဲ့အနာဂတ်မျှော်ရှုံ၊ ဥပါဒါန်ကွန္တာထဲမှာ ဒီလယ်ကတော့ဖြင့် နှစ်ဆကောင်းလာရင် အဲဒီ လယ်ကနေရတဲ့ ဝင်ငွေတွေနဲ့ကျွဲတွေဝယ်မယ်၊ နွားတွေဝယ်မယ်၊ ဂေါတမကို ကျွေးမွေးမယ်၊ ဒီလို စိတ်ကူးနေမှာပေါ့။

အဲဒါလေးကို ဘုန်းကြီးက Future image Past image လို့ အင်္ဂလိပ်လိုလေး သုံးမိတယ်။ သူက ဟို အနာဂတ်မျှောရဲ့ ဥပါဒါန်ကွန်ရာကို ဒီပစ္စုပ္ပန် ကာလမှာပုံဖော်နေတာ။ အနာဂတ်မှာဖြစ်မယ့် မျှောရဲ့ ခန္ဓာကြီးထဲမှာပေါ်နေတာ ခန္ဓာတွေ။

မနက်လည်းရောက်ရော မြတ်စွာဘုရားရှင်က အဓောကြီး ကြွတော်မူလာတယ်။ ဟိုမှာ လယ်စပါး တွေက မရှိတော့ဘူး၊ ပုဏ္ဏားကြီးက လယ်ကန်သင်း ဘေးမှာထိုင်ပြီး ငိုနေတာ၊ ဒါနဲ့ ဘုရားရှင်က-

"ပုဏ္ဏားကြီး.. ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲ ဂေါတမရာ၊ ဟိုမှာ ကြည့်ပါ လား" ဆိုပြီး ငိုသံပါကြီးနဲ့ ပြောတယ်။ ဘုရားရှင်က အေးလေ ငါမြင်သားပဲ။

မြင်သားပဲ မလုပ်နဲ့လေ၊ မနေ့ကဘဲ လယ်တွေ က စိမ်းစိမ်းစိုစိုတွေ၊ ည မိုးရေတွေမြုပ်ပြီး ကုန်ပါ ရောလား၊ အဲဒီ လယ်ကရလာတဲ့ စပါးကောက်ပဲ သီးနှံနဲ့ ဂေါတမကို မုန့်ဆွမ်းကျွေးမယ်၊ ဆွမ်းဦး

လျှိုမယ်လို့တွေးထားတာ၊ အဲဒီကရလာတဲ့ ကောက်ပဲ သီးနှံနဲ့ လယ်ကိုလည်းချဲ့မယ်၊ နွားလည်းဝယ်မယ်၊ သမီးကို မင်္ဂလာဆောင်မယ်၊ အခုတော့ ဘာမှ မရှိ တော့ဘူး၊ ကျွန်ုပ်အာရုံထဲမှာ ပုံဖော်ထားတဲ့အရာတွေ အကုန်လုံးပဲ ပျောက်ကုန်ပြီ၊ ပျက်စီးသွားပါပြီ။

ဘုရားရှင်က ပုဏ္ဏားကြီးကို လယ်ကြောင့် ဝမ်းနည်းတာလားလို့မေးတော့၊ ပုဏ္ဏားကြီးက လယ် ကြောင့် ဝမ်းနည်းတာပါလို့ ဖြေတယ်။ ဘုရားရှင်က မဟုတ်ဘူးလေ၊ ဒီလယ်က ဝါဦးတုန်းကလည်း ရှိခဲ့ တယ်။ သီတင်းကျွတ်မှာလည်း ရှိခဲ့တယ်။ မနေ့ကထိ ရှိသေးတာပဲတဲ့။ အဲဒီလယ်ကြောင့် စိတ်ဆင်းရဲရ သလားလို့ မြတ်စွာဘုရားက ပုဏ္ဏားကြီးကိုမေးလိုက် တယ်။

**တဏှာတော သောကော ဇာယတိ၊** သင့်လယ် ကြောင့် ဖြစ်တာမဟုတ်ဘူး။ သင့်အာရုံထဲမှာ ပုံဖော် ထားတဲ့ ဖြစ်ချင်တယ်ဆိုတဲ့ "ချင်" လေးတွေကြောင့် သောကဖြစ်ရတာ၊ ဒီလိုပြောလိုက်မှ ပုဏ္ဏားကြီးက

သေတဲ့ ... ဒါ အဆစ်အမှန်ဆုံး အကြောင်းတရားပဲ၊ နောက်တော့ ပုဏ္ဏားကြီး သောကတယ်နဲ့ တည်သွား ပါတယ်။ မြတ်စွာဘုရားရှင်က အဲဒီလိုလေးတွေ (ပုဂ္ဂိုလ်ရဲ့ သဘောဆန္ဒကိုလိုက်ပြီး တရားပေးတတ် တော့) လူတွေရဲ့ သောကကို ချက်ချင်း ငြိမ်းနိုင် ပါတယ်။

### ဗုဒ္ဓမြတ်စွာနဲ့ ကိသာဂေါတမီ

ကိသာဂေါတမီ ဆိုတဲ့ အမျိုးသမီးကိုလည်း မြတ်စွာဘုရားရှင်က သူမရဲ့သောကကို ငြိမ်းစေခဲ့ပါ တယ်။ ကိသာဂေါတမီ သမိုင်းကြောင်းလေး သိမှ ကောင်းတာ။ ဒီအမျိုးသမီးက ပိန်ပိန်ပါးပါးလေး ပေါ့။ ဒီအမျိုးသမီးလေးက ဘုန်းကံ ရှိတယ်။ သူ့ရဲ့ ယောက္ခမလောင်းရဲ့ရွှေတွေက အိုးမဲမီးသွေးဖြစ်သွား တယ်။ ဒါကလည်း သူ့မှာ ကုသိုလ်ကောင်းမှုတွေ ကုန်သွားလို့ ဒီလိုဖြစ်သွားရတာတဲ့။ အဲဒီလူ ရွှေတွေ အိုးမဲမီးသွေးဖြစ်သွားလို့ စိတ်မကောင်းဖြစ်နေတာကို

သူ့ရဲ့သူငယ်ချင်း သွားတွေ့တော့ ဒီလို အကြံပေးလိုက်တယ်။ အဲဒီရွှေကနေ အိုးမဲမီးသွေး ဖြစ်သွားတဲ့ပစ္စည်းတွေ အိမ်ရှေ့မှာချပြီး ရောင်းပါလို့ အကြံပေးလိုက်တယ်။

ဒီလိုနဲ့ဘုန်းကံရှိသူ ကိသာဂေါတမီ အမျိုးသမီးလေး အဖေတို့ ဘယ့်နှယ်ရွှေတွေကို ရောင်းနေတာတုန်းတဲ့။

ဟာ ဘယ်မှာလဲဟဆိုတော့ အမျိုးသမီးလေးကကောက်ကိုင်လိုက်တော့ ရွှေတွေဖြစ်သွားပါတယ်။

ဒါနဲ့ သူဌေးကြီးက ဒီလို ဘုန်းကံရှိသူဟာအကယ်၍ ယောကျ်ားဖြစ်ရင် သားမက်တော်မယ်၊ မိန်းကလေးဖြစ်ရင် ချွေးမတော်မယ်၊ ဒီလိုကြံစည်ထားတာ၊ ဒါနဲ့ ခုနက ကိသာဂေါတမီ အမျိုးသမီးလေးကို ချွေးမတော်လိုက်ရတယ်။ သူ့သားနဲ့ ပေးစားလိုက်တာပေါ့။ ဒီလိုနဲ့ပဲ လက်ထပ်လိုက်ပြီးတော့အမျိုးသမီးလေးက ကလေးမမွေးဘူး။ (သားသမီးမရဘူး)။

အိန္ဒိယနိုင်ငံရဲ့ထုံးစံက ဓနီးသည် ကလေးမမွေး ရင် အမျိုးသားဟာ နောက်ထပ် မိန်းမတစ်ယောက် ယူတော့မှာ။ သူမ စိတ်တွေဆင်းရဲနေတယ်။ သူ့ အမျိုးသားက ဖေကြီး… ဖေကြီးရဲ့ချွေးမ ကိသာ ဂေါတမီ လေးဟာ ဘုန်းကံတော့ ရှိပါရဲ့၊ ဒါပေမယ့် ကလေးမမွေးဘူး။ ကျက်သရေ မရှိဘူး၊ ဒီလိုပြော တော့ ကိသာဂေါတမီလေးဟာ မျက်နှာငယ်လေးနဲ့ ပေါ့။

အဲဒီလို အနှိမ်ခံဖြစ်နေတဲ့ အချိန်မှာ ကံအား လျော်စွာ သူမ ကိုယ်ဝန်ရလာတယ်။ ပျော်လိုက်တာ၊ ဒီလိုနဲ့ သားယောကျ်ားလေး မွေးလာတော့ ပိုပြီး ပျော်တာပေါ့။ မိသားစုကလည်း အရေးပေးတာကို ခံလာရတယ်။

အိန္ဒိယနိုင်ငံရဲ့ ထုံးစံအရ သားယောကျ်ားလေး မွေးမှမိန်းကလေးမွေးရင်အနှိမ်ခံရတယ်။ မိန်းကလေး မွေးလာရင်မွေးတဲ့အချိန်ကစပြီး ဒီနေ့အချိန်ထိ ပိုက်ဆံ ရှာရတယ်။ ယောကျ်ားလေးမွေးလာရင် မြတ်တယ်၊

တရုတ်နိုင်ငံမှာလည်း ယောက်ျားမွေးရင် မြတ်တယ်လို့ ယူဆကြတယ်။

ကိသာဂေါတမီ အမျိုးသမီးလေးဟာ သားယောက်ျားလေး မွေးလာလို့ ပျော်နေချိန်မှာပဲ မကြာဘူး ကလေးကလေးသေပြန်ရောဗျာ။ ဟာ အခုလေးတင်ပဲ မွေးမ နေရာကနေ ရွှေ့ရတော့မှာလေ။ အဲဒီတော့ သူမဟာ ဗျာများသွားတယ်။

ဗျာဆိုတဲ့စကားသည် အဓိပ္ပါယ် ၂-မျိုးရှိတယ်။ တစ်ခုက ဗျာပါဒ-အကုသိုလ်တွေများတာ၊ သူများကို ဖျက်ဆီးစေချင်တာကို ဗျာလို့ခေါ်တယ်။

နောက်တစ်ခုက အရှုပ်အခနွှာကြီး ဗျာများနေတာကိုပြောတာ၊ ဗျာပါရ=ကြောင့်ကြစိုက်မှုတွေများတာ၊ အားထုတ်မှုတွေ များတာ။ နှစ်ခုနော်။

တစ်ခုက ကောင်းတဲ့အဓိပ္ပါယ်၊ တစ်ခုကဆိုးတဲ့ အဓိပ္ပါယ်ပေါ့ နင်ကလည်းဟာ နင့်ယောက်ျားအတွက် ဗျာများနေလိုက်တာ ဆိုတာက ကြောင့်ကြစိုက်မှု

ဗျာ (ဗျာဓိ ရေး= စိုးရိမ် ကြောင့်ကြမှု)၊ ဟိုဟာလုပ်ရ ဒီဟာလုပ်ရ ဗျာများတာက တစ်မျိုး။

အဲဒီမှာ ကိသာဂေါတမီလေးဟာ ကလေး သေဆုံးသွားတော့ ပူပန်မှုကြောင့်ကြမှု ဗျာများပြီး သူမရဲ့စိတ်တွေဟာ ပျက်စီးသွားတယ်၊ စိုးရိမ်သောက တွေ နှိပ်စက်ခံရတယ်။ ဒါနဲ့ သူမဟာ ကလေးအလော (သူ့သားလေး)ကို ပွေ့ဖက်ပြီး ကျွန်မသားလေးရဲ့ အသက်ကို ကယ်ပါဦးဆိုပြီး လူအများကို အကူအညီ လိုက်တောင်းတယ်။

ဘယ်သူမှ ဘာမှမပြောဘူး။ အဲဒီထဲက လူတစ် ယောက်က သာဝတ္ထိပြည်မှာရှိတဲ့ ဂေါတမဘုရားရှင် ကတော့ သေတဲ့ပုဂ္ဂိုလ်တွေကို မသေအောင် အသက် သွင်းပေးနိုင်တယ်သူ့ဆီမှာ မသေတဲ့ အမတာဩသဓ လို့ခေါ်တဲ့ မသေဆေးရှိတယ်လို့ ပြောလိုက်တယ်။

အဲဒီတော့ ကိသာဂေါတမီကဟာသွားပြီး ဘုရားရှင် ဆီပြေးတယ်၊ ဘုရားရှင်က သိနေတယ်လေ၊ သူမက ပါရမီ ရှိပြီးသားလေ၊ ဘုရားရှင်ကို တွေ့တော့...

"မြတ်စွာဘုရား…"

"ဘာလဲ… ကိသာဂေါတမီ"

"တပည့်တော်မ သားလေးပါဘုရား၊ သေသွား လို့ပါ ဘုရား"

"ဟဲ့… ကိသာဂေါတမီ၊ အရူးမ၊ သေတဲ့လူ အသက်ပြန်ရှင်လာမလား၊ အဲသလို ပြောလိုက်ရင် ရင်ကွဲနာကျပြီးတော့ မင်တရား၊ ဗိုလ်တရားမရဘဲ ဆုံးရှုံးသွားမယ်၊ ဘာမှမရဘဲ အရှုံးအနိုး ဖြစ်သွား မယ်။

တပည့်တော်မ သားလေးကို အသက်ပြန်ရှင် အောင်ပြုလုပ်ပေးပါဘုရားတဲ့။ ကမ္ဘာပေါ်မှာ သေပြီး သားကို ပြန်ရှင်အောင်လုပ်တာ အခက်ဆုံးပဲ၊ အဲဒါကို ဘုရားက လွယ်လွယ်လေးပါ။ It is very easy. ဟာ တစ်လောကလုံးက သေတာကို ခက်တယ်ပြော တယ်။ ဘယ့်နှယ် ရှင်ဂေါတမကျမှ လွယ်တယ် ပြောတယ်။ ဟုတ်တယ်… လွယ်လွယ်လေးပါ။ ကိသာဂေါတမီက–

"တပည့်တော်မ ဘာယူခဲ့ရမလဲဘုရား"

"အိမ်တွေက မုန်ညင်းစေ့လေး လက်တစ်ဆုပ်လောက် ယူခဲ့ကွာ"

ဒါပေမယ့် မြတ်စွာဘုရားက စကားလေးတစ်ခွန်းမှာလိုက်တယ်။ ဂေါတမီ နင်လေ မုန်ညင်းစေ့လေး တောင်းပြီး အဲဒီအိမ်မှာ လူသေဖူးလားလို့ မေးလိုက်၊ သေဖူးတယ်ဆိုရင် အဲဒီမုန်ညင်းစေ့ကို မယူခဲ့နဲ့လို့ မှာလိုက်တယ်။

ဒါနဲ့ သူမဟာ အိမ်တွေကို သွားပြီး မုန်ညင်းစေ့လေး သွားတောင်းတယ်။ မုန်ညင်းစေ့ ယူပြီးတော့ ဟယ် ဒီအိမ်မှာ လူသေဖူးလား၊ ဟာ သေဖူးတာပေါ့။ ဟာ ယောက္ခမသေတဲ့လူနဲ့၊ သားသေတဲ့လူ၊ သမီးသေတဲ့လူ၊ အမေသေတဲ့လူ၊ အဖေသေဖူးတဲ့လူတွေ အိမ်တိုင်းမှာ သေဖူးတဲ့လူတွေ၊ သေဖူးတဲ့ အိမ်တွေပဲ ဖြစ်နေတယ်။ အဲသည်လို ဆိုပြန်တော့ အဲဒီအိမ်တွေက မုန်ညင်းစေ့ မယူတော့ဘူး။ သူမကိုယ်တိုင် သဘောပေါက်သွားတယ်။

"ဪ… အိမ်တိုင်းမှာလည်း မုန့်ညှင်းစေ့ ရှိတယ်၊ မုန့်ညှင်းစေ့ရှိတဲ့ အိမ်တိုင်းမှာလည်း လူသေ ဖူးတယ်၊ ဆိုတော့ မသေဖူးတဲ့အိမ်မှ မုန့်ညှင်းစေ့ ဘယ်မှာရှိတယ်"

အဲဒီတော့ သေသူအတွက် မစဉ်းစားတော့ဘူး၊ ကျန်တဲ့သူအတွက် စဉ်းစားတော့မယ်။

"ဟဲ့… ကိသာဂေါတမီ…၊ နင် မုန့်ညှင်းစေ့ ရသလား"

သူမ သဘောပေါက်သွားပြီ၊ အဲဒီ အကြောင်း မဆွေးနွေးတော့ဘူး။ တပည့်တော်မလေး… အဲဒီ ကလေးကို သွင်္ဂြိုဟ်ပစ်ပြီးတော့ တပည့်တော်မတို့ ဒီလို ဘာဖြစ်လို့ သေရတာလဲဆိုတာကို တရားဟောပါ ဘုရား။ အိမ်တိုင်းမှာလည်း မုန့်ညှင်းစေ့ ရှိတယ်။ မုန့်ညှင်းစေ့ရှိတဲ့အိမ်တိုင်းမှာလည်း လူသေဖူးပါတယ် ဘုရား။

မင်းကွန်းဆရာတော်ကြီးက-

မရေတွက်နိုင်၊ ညှိမနေကြား၊ တစ်မြို့တစ်ရွာ၊ တစ်အိမ်ရာ၌၊ တစ်သီးတသန့်၊ တစ်ကန့်ခြားရှဲ၊ ဖြစ်ကြွေးတတ်သည်၊ မဟုတ်ချေဘူး၊ မြို့တိုင်းရွာတိုင်း၊ နေရာတိုင်းမှာ၊ မဆိုင်းတံထွာ၊ မရွှေတာသဘာဝ၊ သေတတ်ကြသည်၊ စန္ဒာအရိုစွပါတကား။

ဒီလို သဘောပေါက်ပြီး ကလေးကို လွှင့်ပစ်လိုက်တယ်။ အဲဒါ ဗုဒ္ဓက ဟဲ့ အရူးမ သေတဲ့သူ မြန်ရှင်မလေးဘူးဆိုရင် တရားမရတော့ဘူး၊ စိတ်ရောဂါတွေနဲ့ ပတ်သက်တဲ့အရာမှာ ဘုရားရှင်က တကယ်ကောင်းပါတယ်။ဒါကြောင့် ဗုဒ္ဓကို အတုမရှိတဲ့ မဟာဘိသက္ကာ-ဆေးဆရာကြီး The greatest physician in this world လို့ သုံးပါတယ်။

ဂျပန်နိုင်ငံမှာတော့ ဘုရားရှင်ရဲ့ လက်ထဲမှာ ဆေးအိုးလေးနဲ့၊ ရှိုင်ရဲ့ ဘုရားတွေမှာတော့ လက်ထဲထည့်ထားတယ်၊ အမြိတ္တ(အမြိုက်အိုး)လို့ ပြောတာပါ။ မြန်မာလိုဆိုတော့ အမေတာပေါ့။ ဗုဒ္ဓကို မဟာ

ဘိသက္ကရာဇာလို့ တင်စားကြပါတယ်။ The King physician ပဲ။

ကိုသာဂေါတမီဟာ တရားသဘောကို သိသွားတာ ဖြစ်ခြင်းကြောင့် တပည့်တော်မ ကလေးလေး အသက်ရှင်ဖို့ဆိုတာ မပြောတော့ဘူး။ တကယ့်ဒုက္ခ တွေ့များတဲ့အခါမှာ လူတွေဟာ အသက်ရှင်တဲ့သူတွေ အတွက်ပဲ စဉ်းစားတယ်။

ဪ...နာဂစ်

နာဂစ်မုန်တိုင်းဖြစ်တဲ့အခါ ဒကာမ သုံးယောက်၊ ကျောင်းကို ရောက်လာတယ်၊ သေတဲ့သူအတွက် မစဉ်းစားတော့ဘူး၊ နာဂစ်မုန်တိုင်းနဲ့ ပတ်သက်ပြီး တော့ ဘုန်းကြီးတို့သွားတဲ့ရွာ တစ်ရွာမှာဆို မြစ်ထဲ မှာ လှော်တက်မလွှတ်ဘူး။ လှော်တက်မလွှတ်တာ ဖြစ်ခြင်းကြောင့် အလောင်းတွေက မြေကြီးနဲ့ မလွှတ် တော့ဘူး။ ကယ်ဆယ်ရေးတွေက ရေအောက်ထဲ ငုံ့ပြီး အလောင်းတွေကို ရှင်းပေးရတယ်။

လှိုင်းဘုန်းဆိုတဲ့ ရွာလေးကို ဆန်အိတ်တစ်ရာနဲ့ အဝတ်အထည်တွေ ပို့ခဲ့တယ်။ အဲဒီမှာ နှစ်ယောက် အိမ်မရှတဲ့ကုတင်လေးတစ်လုံးပဲကျန်တယ်။ တလော ကပဲ မုန်တိုင်းဒဏ်ခံရတဲ့ ရွာလေးကနေ ဆန်အိတ် (၁၄)အိတ် ကျောင်းကိုပို့တယ်။ ထွန်စက် ၂-စီးဝယ် ပေးခဲ့တယ်။ သိန်းလေးငါးခြောက်ဆယ် တန်တယ်။ အဲဒီရွာမှာ လူတွေသေသွားတာ အားလုံးကုန်ရော။ လူငါးရာလောက်ရှိတဲ့ ရွာကြီးမှာ လူ ၅၁-ယောက်ပဲ ကျန်တယ်။ အဲဒီရွာက ဒကာမ ၃-ယောက် ကျောင်း ရောက်လာတယ်။

ပြောစမ်းဆိုတော့ အမျိုးသမီးတစ်ဦးက တပည့် တော်ဟာ အိမ်ထောင်သည် ကျန်တဲ့ ၂-ယောက်က အိမ်ထောင်မရှိဘူးတဲ့။ သူကတော့ ကလေးတွေရယ်, ယောကျ်ားရယ် သုံးယောက် သေသွားတယ်တဲ့။ ဒီဖက်က ၂-ယောက်မှာ တစ်ယောက်ကတော့ အမေ ရယ်, မောင်လေး ၃-ယောက် သေသွားပါတယ်တဲ့။

နင်တို့ လူ ၃-ယောက်လာတာမှာ ၉-ယောက် သေနေတယ်။ နင်တို့ဟာ ဘယ်သူမှ မရှိတော့ဘူး။ မျက်ရည်လည်း မကျကြပါလားလို့၊ နင်တို့မြင်တာမှ ငါကတော့ ဒီမှာ ရှားရှားပါးပါး မျက်ရည်တွေလည်း ခမ်းခြောက်ပြီ ဆိုတာတော့ မှန်နေပြီပေါ့လို့ ပြောတော့-

တပည့်တော်တို့ဘုရားတဲ့ ကိုယ်တစ်ယောက်တည်း ဒီလိုဒုက္ခမျိုးကို ကြုံတွေ့ရရင် အမလေး အမေရဲ့လို့ ငိုမိမှာ သေချာပါတယ်ဘုရား။ အခုတော့ ကိုယ့်လိုလူတွေ အများကြီးပဲဆိုတော့လည်း နေသာတာပေါ့ ဘုရားတဲ့။

အဲဒီတော့ နွားကစ်ဒဏ်ခံရတဲ့ အမျိုးသမီး သုံးဦးကလည်း တရားရဲ့သဘောကို နှလုံးသွင်းမိကြလို့ ထင်ပါရဲ့။ တစ်ယောက်မှ မငိုကြတော့ဘူး။

အဲဒီအမျိုးသမီးသုံးယောက်က နောက်တစ်ပတ် လောက်ကြာမှ ဘုန်းကြီးကို တွေ့မှပဲ ငိုကြတယ်။ ဘုန်းကြီးက အဲဒီမှာဆန်လှူတော့ သူတို့က ဆန်လေး

လေး၊ ငါးပြည်ပေးမယ်လို့ထင်ထားတာတဲ့။ ဘုန်းကြီးက အဲဒီမှာ ဆန်အိတ် ၉၀၊ ရေသန့်ဗူး သိန်း(၂၀)ဖိုး တစ်ခါပေးရင် လှူကိုးသောင်း ရှစ်သောင်းစာ ပေးနိုင်တယ်။ မိမိရဲ့ကိုယ်ပိုင်ငွေ သိန်း(၂၀၀၀)ကျော် ပါတယ်။ ပြည်သူပြည်သားတွေနဲ့ ကိုကျော်ဝင်းတို့ မန္တလေးကလှူတာ သိန်း(၈၀၀)ကျော်၊ နောက်တစ်ရက်က သိန်း(၁၅၀)ကျော် ပါပါတယ်။ ငွေသားချည်း သိန်း(၃)ထောင်ကျော်ပေါ့။ ပစ္စည်းပစ္စယက သိန်း(၄)သောင်းကျော်လောက် တကယ်ကူညီပါတယ်။ ဆိုတော့ အဲဒီလူတွေ အကုန်လုံး မငိုပါဘူး၊ သူတို့ ဘယ်လိုရှေ့ဆက်ပြီး အသက်ရှင်မယ်ဆိုတာကို စဉ်းစားတာ ဖြစ်ခြင်းကြောင့် မငိုနိုင်တာကို ပြောပါတယ်။

ကိသာဂေါတမီ ဇာတ်လမ်းလေးကိုလည်း ပြောပါတယ်။ ဒို့တွေ ဘုန်းကြီးကျောင်းသွားတယ်၊ တရားထိုင်မယ်၊ ဓမ္မစေတီဆရာတော်သည် မန္တလေးမြို့ကြီးမှာ တရားဟောပြီးတော့ အဲဒီကပစ္စည်းတွေ

ဆယ့်နှစ်ဘီးကားကြီးနဲ့ (၁၀)စီးကျော် လှူတယ်။ မူဆယ်နမ့်ခမ်း၊ကြယ်ဂေါင်၊လားရှိုး၊သိန္နီ၊အောင်ပန်း၊ ကလော အကုန်လုံးပဲသွားခဲ့တယ်။ဘုန်းကြီး တော် တော်လေး ပင်ပန်းခဲ့ပါတယ်။ သူတို့ကို ဒီအကြောင်း တွေအကုန်လုံးပြောပြတယ်။ လောဘတွေ ငြိမ်း ကြောင်း၊ ဒေါသတွေငြိမ်းကြောင်း၊ မောဟတွေငြိမ်း ကြောင်း အဲဒါတွေ အကုန်ပြောပြလိုက်တယ်။

**လောဘော**–လောဘကြီးသည်၊ **ရာဂေ**– **ဥဿန္နတရေ**– လောဘတွေ များလာရင်၊ **အဂ္ဂိနာ**– မီးသည်၊ **ဝိနဿတိ**–ပျက်ဆီးတတ်ပါ၏။

**ဒေါသေ ဥဿန္နတရေ**–ဒေါသတွေများလာရင်၊ **ဥဒကေန**–ရေက၊ **ဝိနဿတိ**–ပျက်ဆီးတတ်ပါ၏။

**မောဟေ ဥဿန္နတရေ**–မောဟတွေ များလာ ရင်၊**ဝါတေန**–လေက၊**ဝိနဿတိ**–ပျက်ဆီးတတ်ပါ၏။

သုံးခုနှော်၊ လောဘက မီး၊ ဒေါသက ရေ၊ မောဟ ကလေ လောကကို ပျက်ဆီးတာ ကျမ်းဂန် က ဆိုပါတယ်။

အဲဒီတော့ မွေစေတီဆရာတော် ခုပြောနေတဲ့ အရာတွေသည် တိုင်းပြည်မှာ အရေးကြီးလာလို့ (လူသားတွေအတွက် အရေးကြီးလာလို့) ပြောနေ တာပါ။

လူသားတွေ လောဘတွေများလာရင် မီးဖျက် မယ်၊ မီးလောင်ပြီး သေကြလိမ့်မယ်။ ဒေါသတွေ များလာရင် ရေဖျက်လိမ့်မယ်။ ရေဖျက်မယ်ဆိုတာ ရေကြီးတာတင်မကဘူးနော်၊ ရေကြောင့် အခက်ခဲ မျိုးစုံ တွေ့ရတာဟာ ရေဖျက်တာပဲ။ ဒေါသတွေများ တော့ ရေလည်း တဖြည်းဖြည်းနည်းလာပြီး၊ မောဟ တွေ များလာတော့ လေကလည်း တိုက်တယ်၊ လေမုန်တိုင်း၊ သဲမုန်တိုင်းတွေဟာ မောဟကြောင့် ဖြစ်ရတာပါ။

အဲဒီတော့ လောဘကို ငြိမ်းဖို့အတွက် ဒါန- စွန့်ကြဲပေးကမ်းခြင်းနဲ့တားရမယ်၊ ဒေါသကို ငြိမ်းဖို့ အတွက် ကိုယ်ကျင့်သီလကို စောက်တည်ရမယ်။ (မေတ္တာတရားနဲ့ ဒေါသကို ထိန်းရမယ်။) ဒေါသကို

ငြိမ်းဖို့ သီလနဲ့တားရမယ်၊ မောဟငြိမ်းဖို့အတွက် ဘာဝနာနဲ့ တားရမယ်။

ငြိမ်းချမ်းရေးအခြေခံ

အလောဘော ဒါနဟေတု၊ အဒေါသော သီလ ဟေတု၊ အမောဟော ဘာဝနာဟေတု တဲ့။ ဒါန၊ သီလ၊ ဘာဝနာ အားတွေများလာရင်၊ အလျှုရေစက်တွေ ချပါများလာရင် ဒို့တွေ မီးတွေလောင်တာ နည်းမယ်။ အဲသည်လို ကုသိုလ်ကောင်းမှုတွေများလာရင်သီချင်းထဲကလိုပေါ့။"ကပ်ကြီးသုံးပါး ကျော်လွှားကြစေကုန်၊ ကပ်ကြီးသုံးပါး ကျော်လွှားကြစေကုန်၊ ဒို့မြန်မာတွေ ဒါနတန်ခိုး... နဲ့"။ တွေ့လား သီချင်းကတောင် ဆိုထားတယ်။

ဒါနများလာရင် လောဘတွေ ငြိမ်းသွားရင် ဒုဗ္ဘိက္ခန္တရ ကပ်လို့ခေါ်တဲ့ ကုန်ဈေးနှုန်းကြီးတာတွေ၊ အစာရေစာ ခေါင်းပါးတာတွေ အားလုံးရပ်သွားမယ်။ လောဘကိုနိုင်တာ ဒါန၊ မေတ္တာတရားတွေများရင်

ရေတွေ ပေါလာလိမ့်မယ်။ တရားဘာဝနာ ကမ္မဋ္ဌာန်း ထိုင်တာတွေများလာရင် လေဖျက်တာက ကင်းလိမ့်မယ်။ အဲဒီဒါနတွေကြောင့် ''ကပ်ကြီးသုံးပါး ကျော်လွှားကြမယ်ယုံ၊ ကပ်ကြီးသုံးပါး ကျော်လွှားကြမယ် ယုံ့တဲ့၊ ခင်ဗျားတို့ကို ကြိုကြိုတင်တင် ပြောတယ်နော်။

ဘုန်းကြီး ကြွပ်ကြွပ်အိတ်အကြောင်း ပြောတယ်။ ငါးနှစ်လောက် စောင့်ရတယ်။ ကြွပ်ကြွပ် အိတ်ဟာ လူတွေအတွက် အန္တရာယ်ဖြစ်လာမယ် ဆိုတာကို၊ ဘုန်းကြီးခဏခဏပြောခဲ့တယ်။ ဒေါသ တွေများလာရင် ရေဖျက်တော့မယ်။ ဒေါသများတယ် ဆိုတာ မေတ္တာတရားနည်းလာတာ၊ မေတ္တာနည်းလာ ရင် သီလတွေများများ ဆောက်တည်ရမယ်၊ အဲဒီ သီလကျေးဇူးကြောင့် သတ္ထန္တရကပ် (လက်နက်ဘေး အန္တရာယ်)က လွတ်မယ်။ မေတ္တာကျေးဇူးကြောင့် သူ့ငါသတ်၊ ငါ့ကို သူသတ်၊ လက်နက်တွေရဲ့ ဘေး ကင်းမယ်။

ဘာဝနာတွေ အားကောင်းလာရင် ရောဂါရဲ့ ဘေးတွေက ကင်းမယ်။ အခုကြည့်လေ၊ ယယ်ယယ် ရွယ်ရွယ်နဲ့လည်း လေတွေဖြတ်ကြတယ်နော်။ အဲဒီတော့ အစာရေစာ ခေါင်းပါးတယ်။ ကုန်ဈေးနှုန်းကြီးတယ်။ လောဘတွေများကြလို့။ လက်နက်ဘေးတွေ တယ်။ ဒေါသတွေ များလာလို့၊ မေတ္တာ တရားတွေ ခေါင်းပါးလာကြလို့။ ပြီးရင် အနာရောဂါတွေ များတယ်၊ မောဟတွေများလာလို့။ အဲဒီတော့ ဒီဘေးတွေကို ဒါနနဲ့ထိန်းမယ်။ သီလနဲ့ထိန်းမယ်။ ဘာဝနာနဲ့ထိန်းမယ်။ ဒါမှ ကပ်ကြီးသုံးပါး ကျော်လွှားနိုင်ကြမယ်။

## ရေအကြောင်းသိထားသင့်

ရေအကြောင်းကိုနည်းနည်းပြောမယ်။ ဘုန်းကြီးတို့ ဗန်ကောက်ဆေးရုံကြီးကို ရောက်သွားတော့ ဆေးရုံမှာ ရွှေကျင်သာသနာပိုင် ဝိသုဒ္ဓါရုံဆရာတော်ကြီး ဘဒ္ဒန္တအဈ္ဈိယက ဓမ္မစေတီရယ် ရေအကြောင်း

လေး ထည့်ထည့်ပြီး ပေးပေးပါ၊ မောင်ရင့်တရား တွေကို အမြဲတမ်းနှာလို့ ရေအကြောင်းလေးတွေ ပြော တာကို ဘုန်းကြီး သိပ်ကြိုက်တယ်တဲ့။ ရွှေကျင် သာသနာပိုင်ဆရာတော်က ပြောတာပါ။ ဒီကပြန်သွား လို့ရှိရင် ရေအကြောင်းလေးကို ထပ်ပေးပါတဲ့။

ရေဟာ လူတွေ (သက်ရှိသက်မဲ့တွေ)အတွက် အလွန်လိုအပ်တဲ့အရာပါ။ ရေတွေကို ဂရုတစိုက် ထိန်းသိမ်းကြပါ။ အခုကိုပင် တစ်ကမ္ဘာလုံးဆိုင်ရာ ရေနဲ့ပတ်သက်တဲ့ အစည်းအဝေး လုပ်ပါတယ်။ ရေသယံဇာတ သိပ်အရေးကြီးပါတယ်။ လက်ရှိ ၂၀၁၀-ခုနှစ်မှာ လူသန်းတစ်ထောင်သည် လောလော ဆယ် ရေကို လုံလောက်စွာမရရှိ၊ မသုံးစွဲကြရပါ။ ရေငတ်နေကြတယ် ဆိုပါတော့။ မကြာသောကာလ မှာ လူသန်း ၂-ထောင်လောက် ရေပြဿနာ ဖြစ်လာ ပါလိမ့်မယ်။

ကမ္ဘာမှာ လူဦးရေသန်းပေါင်း ၆-ထောင် ရှိပါ တယ်။ အဲဒီတော့ ၆-ယောက်မှာ ၂-ယောက်က

ရေငတ်သေရမယ့်ပုံပဲ။ ကမ္ဘာမှာ ကြုံပါတော့မယ်။ အခု ချင်းတွင်းမြစ်ရေ နည်းလာပြီ။ ဧရာဝတီမြစ်ရေ နည်းလာပြီ၊ ဧရာဝတီမြစ်ရဲ့ အပေါ်မှာ မေခနဲ့ မလိခ ပေါင်းဆုံတယ်။ ဘုန်းကြီးတို့ တစ်နှစ်က ရောက်သွားတယ်။ အဲဒီ မေခနဲ့ မလိခမြစ်မှာ ရေချိုးခဲ့ရတယ်။ မနှစ်က အဲဒီကိုသွားတဲ့အခါ မြစ်တစ်စင်းမှာရေချိုးလို့ မရတော့ဘူး။ရေတွေခန်းပြီး နွံတွေဖြစ်သွားတယ်။ အပေါ်မှာ ရွှေတွေ‌ဖျောင်နေကြလို့တဲ့။ မေခကကောင်းသေးတယ်။ မလိခက ရေမကောင်းတော့ဘူး။ ရေချိုးချင်ရင် ပုံတောင်မှာပြီးရေသွားချိုးကြရတယ်။ အရင်တုန်းက အဲဒီနားတင် ရေသန့်သန့်လေးနဲ့ အေးအေးလေး ချိုးခဲ့ရတယ်။ အခု မရတော့ဘူး။ ဧရာဝတီမြစ်ရဲ့အပေါ်မှာ ဒီမေခနဲ့မလိခ မြစ်နှစ်စင်းပေါင်းဆုံတယ်။

ဒီလိုဆိုရင် တစ်ချိန်က ဟိမဝန္တာရဲ့အပေါ်မှာ ရှိနေတဲ့ ဘူတန်နိုင်ငံတို့၊ နီပေါတို့ ဖွံ့ဖြိုးလာပြီး ဟိုတယ်တွေ၊ အဆောက်အဦကြီးတွေ ဖွံ့ဖြိုးလာ

ရေငတ်သေရမယ့်ပုံပဲ။ ကမ္ဘာမှာ ကြုံပါတော့မယ်။ အခု ချင်းတွင်းမြစ်ရေ နည်းလာပြီ။ ဧရာဝတီမြစ်ရေ နည်းလာပြီ၊ ဧရာဝတီမြစ်ရဲ့ အပေါ်မှာ မေခနဲ့ မလိခ ပေါင်းဆုံတယ်။ ဘုန်းကြီးတို့ တစ်နှစ်က ရောက်သွားတယ်။ အဲဒီ မေခနဲ့ မလိခမြစ်မှာ ရေချိုးခဲ့ရတယ်။ မနှစ်က အဲဒီကိုသွားတဲ့အခါ မြစ်တစ်စင်းမှာရေချိုးလို့ မရတော့ဘူး။ရေတွေနောက်ပြီး နွံတွေဖြစ်သွားတယ်။ အပေါ်မှာ ရွှေတွေ၊ ကျင်နေကြလို့တဲ့။ မေခကကောင်းသေးတယ်။ မလိခက ရေမကောင်းတော့ဘူး။ ရေချိုးချင်ရင် ပုံတောင်ငှားပြီးရေသွားချိုးကြရတယ်။ အရင်တုန်းက အဲဒီနားတင် ရေသန့်သန့်လေးနဲ့ အေးအေးလေး ချိုးခဲ့ရတယ်။ အခု မရတော့ဘူး။ ဧရာဝတီမြစ်ရဲ့အပေါ်မှာ ဒီမေခနဲ့မလိခ မြစ်နှစ်စင်းပေါင်းဆုံတယ်။

ဒီလိုဆိုရင် တစ်ချိန်က ဟိမဝန္တာရဲ့အပေါ်မှာ ရှိနေတဲ့ ဘူတန်နိုင်ငံတို့၊ နီပေါတို့ ဖွံ့ဖြိုးလာပြီး ဟိုတယ်တွေ၊ အဆောက်အဦကြီးတွေ ဖွံ့ဖြိုးလာ



လို့များ (အဲဒီ Eco.system လို့ ခေါ်တဲ့) ဂေဟစနစ်တွေ ပျက်သွားရင် တို့ရေငတ်ပြီ။ ရေငတ်တော့ သေမှာ သေချာတယ်။ အခု အဲဒီနေရာတွေ သိပ်မဖွံ့ဖြိုးသေးဘူး။ ရေတွေခဲနေတုန်းပါ။ အဲဒီရေတွေ ပျော်ပြီးတော့ ဧရာဝတီမြစ်ထဲကို စီးဆင်းနေတုန်းပါ။ အကြောင်း တစ်မျိုးမျိုးကြောင့် ရေသယံဇာတတွေ ဆုံးရှုံးသွားခဲ့ရင် ဒုက္ခရောက်ကြရမယ်။

ဒါကြောင့် ဒို့ကသကြီန်ရေကစားတာကိုတောင် စည်းနဲ့ကမ်းနဲ့ သတ်မှတ်ပြီး ရေကို ချွေတာရမယ်။ အခု မနက်၆-နာရီကနေ ညနေ၆-နာရီထိ ရေကစားကြတယ်။မနက်၈-နာရီကနေ ညနေ၆-နာရီ ရေကစားရင်လည်း မြန်မာ့ရိုးရာ ယဉ်ကျေးမှု မပျက်ပါဘူး။ မနက်ပိုင်း ၂-နာရီနဲ့ ညနေပိုင်း ၂-နာရီလောက် လျှော့လိုက်တာပါ။

မန္တလေး တစ်မြို့တည်းကို တစ်ရက်ကို ဂါလံသန်း (၅၀) လောင်းပါတယ်။ ၄-ရက်ဆိုရင် ဂါလံသန်း(၂၀၀)၊ ယနေ့ ရေပေါက်ဈေးဟာ တစ်ဂါလံ

၁၆-ဒေါ်လာပေါက်ပါတယ်။ မန္တလေးမြို့ တစ်မြို့ တည်းတင် ဒေါ်လာ နှစ်ထောင် ဆုံးရှုံးသွားတယ်။ ဒါ ရန်ကုန်မြို့ မပါသေးဘူးနော်။ မှန်းကြည့်လိုက်တဲ့ အခါမှာ ဒေါ်လာသန်းပေါင်း ၂-သောင်းလောက် မြန်မာနိုင်ငံဟာ နှစ်စဉ် သုံးနေတာပါ။ ဖြုန်းတီးနေ တာပါ။ ဒါ ရန်ကုန်နဲ့ မန္တလေးပဲ ရှိသေးတယ်နော်။

ဥရောပ တစ်ခုလုံးမှာ ရေ မရှိတော့ပါဘူး။ ဩစတေးလျ နိုင်ငံတစ်ခုလုံးမှ ၁.၀ ပဲရှိပါတော့ တယ်။ အမေရိကမှာလည်း ထိုနည်းလည်းကောင်း ပါပဲ။

မြန်မာနိုင်ငံသည် တစ်ချိန်တစ်ခါတုန်းက ကမ္ဘာ မှာ ရေချိုထု ၈၅% ပိုင်ထားပါတယ်။ အခု ၂၅% နည်းသွားပါပြီ။ ဒါ ဘုန်းကြီးမှတ်ခဲ့တဲ့ မှတ်တမ်းက ဒီထက်လျော့ရင်လည်း လျော့လာနိုင်တယ်။ ကမ္ဘာ့ မှတ်တမ်းမှာတော့ ၆၀% လောက်ပဲ ကျန်တော့တာ ပါ။ရေချိုထုအဲသည်လောက်မရှိတော့ဘူး။ ဒါကြောင့် ဒို့မြန်မာတွေ ရေကို ချွေတာဖို့ စည်းစနစ်နဲ့သုံးစွဲဖို့

ဦးစိန်းကပြောတာပါ။ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးကလည်း ရေအကြောင်းကို ဟောပေးပါတဲ့။

ကြွပ်ကြွပ်အိတ်အကြောင်းလည်း ပြောပြီးပါပြီ။ ဗေဒဆရာ စ,ပြောတုန်းက ဒါနဲ့ ဘုန်းကြီးနဲ့ ဘာဆိုင်လဲတဲ့။ အခုဆို နိုင်ငံတော်အစိုးရက ကြွပ်ကြွပ်အိတ်ကို မသုံးစွဲဖို့ တရားဝင်လုပ်နေပါပြီ။ ဗေဒဆရာတော်တို့က ၂၀၀၃-ခုနှစ်ကစပြီးပြောပါတယ်။ ၂၀၀၄-ခု၊ ၂၀၀၅-ခုမှာ အားရပါးရ ပြောတုန်းပါ။ ဒါကြီးက မကောင်းပါဘူး။ တစ်နေ့ ဒုက္ခပေးလိမ့်မယ်လို့၊ အခု ရေအကြောင်းလည်း ပြောခဲ့ပါတယ်။

ချင်းတွင်းမြစ်ကြီး မုံရွာသား ခင်ဗျားတို့ဆီမှာ ရှိနေပါတယ်။ မကြာခင်သော ကာလမှာ ခြောက်လမှာ ရေပေါ်ကြတော့မှာပါ။ အခုနေတော့ ဗေဒစကား မမှန်သေးဘူး။ အမှန်တရားများသည် ချက်ချင်းမဖြစ်ပါဘူး။

ဗေဒလည်း ကိုယ်ဖြစ်စေချင်တဲ့ အရာများကို တင်ပြလိုက်တာပါ။ ဒီအတွက် ဂုဏ်သိက္ခာ

ကျခင်းမှုများ၊ အသက်စွန့်မှုများ ကြုံတွေ့ကောင်းကြုံရပါလိမ့်မယ်။ ရှိစေတော့။ ဒီအတွက် သေပြီးတော့မှ ကောင်းချင်ကောင်းပါလိမ့်မယ်။ ရှေ့က သူ့ရဲ့ကောင်းတွေလည်း အဲဒီအတိုင်းပါပဲ။ သူ့ရဲ့ရင်တွင်းခံစားချက်လေး တင်ပြလိုက်တယ်။ မကျေနပ်လို့ ငိုးချလည်း သေတာပဲ။

ထေရဝါဒရဲ့ဂုဏ်

ဒါကြောင့်မို့လို့ အဲဒီလို အသိအမြင်နဲ့ ခွင့်လွှတ်တဲ့၊ အနစ်နာခံတဲ့ သဘောကိုသိဖို့ လိုတယ်နော်။ ပြီးရင် အမှန်တရားကို ကိုယ်က ကာကွယ် စောင့်ရှောက်တတ်ဖို့ လိုပါတယ်။ သိတော့ သိတယ်။ ထေရဝါဒက ဒါတွေ မှန်တယ်၊ ဒါပေမယ့် ပြင်ဖို့ (ကျင့်ဖို့)သတ္တိမရှိကြဘူး။ ဒီတရားတော်တွေဟာ ဗုဒ္ဓဟောခဲ့တဲ့ အမှန်တရားတွေ ဖြစ်တယ်။ မြန်မာတို့သည် ပုဂံခေတ်မှသည် အခုအချိန်ထိအောင် ထေရဝါဒတရားတော်ကို လက်ခံ ကျင့်သုံးလာခဲ့ကြတယ်။

ထေရဝါဒရဲ့စံသည် စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်းနဲ့ စခဲ့ပါတယ်။ ထေရဝါဒရဲ့ဟန်သည် ရဲရင့်ခြင်း၊ တည်ကြည်ခြင်းနဲ့ စခဲ့ပါတယ်။ သမိုင်းတစ်လျှောက်ကို ကြည့်လိုက်ရင် ဒီအတိုင်းပဲရှိမှာပါ။ ထေရဝါဒ မြန်မာ တွေ့ပဟာနီးကြားထကြွတယ်ရဲရင့်တယ်၊ ဒီထေရဝါဒ အဆုံးအမ အောက်မှာ ကြီးပြင်းလာခဲ့ကြရတော့ ပင်ကိုယ်ကပဲ နှလုံးသား ဖြူစင်ကြတယ်။

မြတ်စွာဘုရားရှင်နဲ့ယသောဓရာ

ဒီထေရဝါဒတစ်ခုလုံးကို အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီးက မှတ်တမ်းတင်ခဲ့တယ်။ မူလတရားကို ပြန်ဆက်ရအောင်။ မြတ်စွာဘုရားရှင် ကပိလဝတ်ရွှေနန်းတော်ကို ကြွလာပြီ၊ ကြွလာတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သူ့သားကိုကြည့်ပြီး ဘုရားရှင်က နန်းတော်ထဲက ထွက်ခဲ့တုန်းကလည်း တစ်ပါးတည်းလေ။ သန်းခေါင်လယ်အချိန်နန်းက တစ်ယောက်တည်း ထွက်ခွာလာတယ်။

ယသောဓရာ ကျန်ခဲ့တယ်။ သန်းခေါင်လယ်မှာ မောင်ဆန်ခေါ်ပြီး တောထွက်ပြီး၊ နန်းကစွာခဲ့တယ်။ ဘုရားဖြစ်ပြီဆိုတော့ ဘယ်သူကမှ မကန်တော့ဘူး။ ဘုရားကြွလာတာကို မောင်းမတွေက မြင်တော့ ယသောဓရာဆီ သတင်းပို့ကြတယ်။

သခင်မဖုရား…။ သခင်မရဲ့ မောင်တော်လေ နန်းတော်ကို ပြန်လာတယ်ဘုရား။ သခင်မကိုချစ်လို့ လွမ်းလို့ နန်းတော်ကို ပြန်လာတာနေမှာ၊ ဒီလို ရဟန်းသံဃာ နှစ်သောင်းနဲ့ သွားတာတောင်မှ ဘုရားကို မကန်တော့တဲ့လူတွေ ရှိသေးတယ်။ အဲဒီတော့ ဘုရားရှင်က ကပိလဝတ်ရွှေနန်းကို အမတ်တစ်ထောင် နေဦး၊ နှစ်ထောင်နေဦး၊ အမတ်ကိုးထောင် နေဦး၊ အမတ်တစ်သောင်းနေဦး၊ မြတ်စွာဘုရားကို သွားပင့်တဲ့အမတ်တွေ အားလုံး ရဟန်းဝတ်သွားကြရတယ်။ ရဟန်းသံဃာ နှစ်သောင်းလည်းကျရော မြတ်စွာ ဘုရားက နန်းတော်ထဲကို ဝါထိန်ပြီး ဝင်သွားလိုက်တာ ဘုရားရှင်ပြသပုံ ဘယ်လောက်ကောင်းသလဲ

ကြည့်စမ်း။ ဘုရားရှင်က ရှေ့ဆုံးကနေ ကျက်သရေရှိရှိနဲ့၊ နောက်က အဂ္ဂသာဝက၊ မဟာသာဝကကြီးတွေနဲ့ ရသေ့ညီနောင် ရှင်တစ်ထောင်ပရိသတ်၊ ခုနကပိလဝတ်က ရဟန်းတစ်သောင်းနဲ့ဆိုတော့ သံဃာ ၂-သောင်း၊ ရဟန်းပရိသတ် ၂-သောင်းခြံရံပြီး ခမည်းတော် နန်းတော်ထဲ ကြွလာတော့ အားလုံးကမှာ…ဖြစ်ကုန်တာပေါ့။ အဲဒီလို အံ့သြအောင် လုပ်ရတာ။ ဒါကြောင့် ဘာသာရေး အခမ်းအနားတွေ၊ တရားပွဲတွေ လှပလေးစားအောင် ခန့်ခန့်ငြားငြား လုပ်ကြပါ။

မြတ်စွာဘုရားက သံဃာနှစ်သောင်းနဲ့ ကပိလဝတ်ကို ကြွလာတော့ အားလုံးငေးပြီး ကြည့်နေကြတာ။ ဘယ်သူမှ မကန်တော့ကြဘူး၊ တချို့ ဆွေတော်မျိုးတော်တွေက သိဒ္ဓတ္ထက ငါတို့ထက်ငယ်တယ်။ မာန်တွေဝင်နေကြတာ၊ အဲဒီတော့မှ မြတ်စွာဘုရားက ပေါက္ခရဝဿ မိုးလည်းရွာချလိုက်ရော ခမည်းတော်ကြီးကပါ ရှိခိုးကန်တော့ရတယ်။ ခမည်းတော်ကြီး

ရှိခိုးမှ ကျန်တဲ့သူတွေက လိုက်ပြီး ရှိခိုးကန်တော့ရ တယ်။ သာကီဝင်မင်းမျိုးတွေက မာန်ရှိလို့ ဘုရားရှင် က သံဃာနှစ်သောင်းနဲ့ ကြွလာခဲ့တာ။

အဲဒီအခါကျမှ မြတ်စွာဘုရားရှင် ဆွမ်းခံကြွ လာတော့ ယသော်ဓရာက သုဒ္ဓေါဒနမင်းကြီးဆီ သွားပြီး

"ခမည်းတော်ဘုရား… အရှက်တွေ ကွဲကုန် ပါပြီ ဘုရား…"

"ဟဲ့… သမီးတော် ဘာဖြစ်တာလဲ?"

"သမီးရဲ့မောင်တော်လေ ဟိုမှာ ကြည့်စမ်း ပါဦး၊ ဘုရင့်သား ဖြစ်ပါလျက်နဲ့ အိမ်ပေါက်စေ့ ခွက်မဲကြီးနဲ့ တောင်းစားရလား၊ ဒီခွက်မဲကြီးနဲ့ ဘုရား။ သမီးတော်တို့က သံဃာနှစ်သောင်းလည်း ကျွေးနိုင်ပါတယ် အစေရဲ့"

မြတ်စွာဘုရားရှင်ကို ဘယ်သူမှ ဆွမ်းစားမပင့် လိုက်တာဖြစ်ခြင်းကြောင့် ဘုရားရှင် ဆွမ်းခံကြွရ ပါတယ်။ ဘယ်လောက် ကြည်ညိုစရာကောင်းလဲ။

အဲဒီတော့မှ ခမည်းတော်ကြီးက သားတော်ဘုရားဆိုပြီး မေးလာတယ်။ ဘုရားရှင်က ဘာဖြစ်တာလဲတဲ့၊ ဘာဖြစ်ရမှာလဲ သားတော်ရယ်၊ ဒါ ဖခမည်းတော်မျက်နှာကို အိုးမဲသုတ်တာပဲ၊ မင်းကြီးရဲ့ သားတော်တစ်ပါးက ဘယ့်နှယ် တိုင်းသားပြည်သူတွေဆီ ကြွပြီးတော့ တောင်းစားတာလဲ ဆိုတော့ ဘုရားရှင်က တောင်းစားတာ မဟုတ်ဘူး၊ အရိယယာစနာ–အလှူခံတာလို့ခေါ်တယ်တဲ့။ အဲဒါ မင်းတို့ရဲ့ အစဉ်အလာကို သားတော်ဖျက်ဆီးလိုက်တာပဲတဲ့။

အရှင်မင်းကြီးရဲ့ ရှုထောင့်ကကြည့်ရင် သားတော်ဟာ အရှင်မင်းကြီးရဲ့ သားပါပဲ။ ဒါပေမယ့် သားတော်က မင်း မဟုတ်တာ ဖြစ်ခြင်းကြောင့် ရှေ့ဘုရားတို့ရဲ့ အစဉ်အလာအတိုင်း ဆွမ်းခံရတာပါတဲ့။ သုဒ္ဓေါဒနမင်းကြီးဟာ သားတော်အား ကြည်ညိုသဒ္ဓါစိတ်တွေ ဖြစ်သွားတယ်။ သဒ္ဓါတရားနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက် ပီတိ နှစ်သက်မှု သဘောလေးတွေလည်း ဖြစ်ပေါ်ပါတယ်။ အဲဒီ ပီတိကို

နှစ်သက်မှု စွဲလမ်းမှု သဘောမထားဘဲ ဒီ ပီတိရဲ့ မမြဲခြင်းသဘော၊ အစိုးမရခြင်း သဘော၊ မပိုင်တဲ့ သဘော၊ ခဏတိုင်း ဖြစ်ပျက်တဲ့သဘောတွေကို ဆင်ခြင်ရင်းနဲ့ သောတာပန် တည်သွားပါတယ်။

မုံရွာက ကိုယ်တော်လေးတွေ ဆွမ်းခံကြွလာပြီ၊ ဘယ်လိုစိတ်ထားနဲ့လောင်းမလဲ၊သီလတွေနှစ်သောင်း တစ်ထောင်၊ သမာဓိတွေ နှစ်သောင်းတစ်ထောင်၊ အကြံမျှ(ပညာသိက္ခာ)တွေ လေးသောင်းနှစ်ထောင်၊ ရှစ်သောင်း လေးထောင်သော မွေ့ကျွန်းတွေ ကိန်း အောင်းနေတဲ့ ကိုယ်တော်လေးတွေ, သီလရှင်လေး တွေကို ကြည်ညိုတယ်။

သဒ္ဓါတရားလေး ပေါ်သွားပြီ။ အဲဒီ သဒ္ဓါ တရားလေး ပေါ်သွားရင် ကိုယ်တော်တွေအပေါ် သာသနာအပေါ် ကြည်ညိုလာမယ်။ ကြည်ညိုတဲ့ သဒ္ဓါစိတ်ပေါ်လာရင် ပီတိနှစ်သက်မှုသဘောလေး ပေါ်လာမယ်။ ခြော်…ဒီသာသနာရှိလို့ ငို့တွေ ဆွမ်းလောင်းခွင့် ရတာပါလားဆိုပြီး ပီတိလေး

ယှဉ်လာတယ်။ အဲဒီပီတိလေးကို ဆွမ်းလောင်းရင်းနဲ့ပဲ **တံ ပီတိံ**–ထိုပီတိကို၊ ငါ ဆွမ်းလောင်းနေတဲ့ သဒ္ဓါတရားနဲ့ ငါရနေတဲ့ ပီတိလေးဟာ ကြည်နူးဆဲ ကြည်နူးဆဲမှာပင်၊ ခယတော **ဝယတော**–ကုန်ခမ်းတတ်တဲ့သဘော၊ ပျက်စီးတတ်တဲ့သဘော အနိစ္စ လက္ခဏာလေး ပေါ်လာအောင် နှလုံးသွင်းလိုက်ရင် ဝိပဿနာ ဘာဝနာ ကုသိုလ် ဖြစ်သွားပါတယ်။ ဆွမ်းလောင်းနေရင်းနဲ့ ကုသိုလ်တွေ ပိုကောင်းမသွားဘူးလား။

အဲသည်လိုနဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ သောတာပန်တည်လည်းတည်ပြီးရော မြတ်စွာဘုရားရှင်ရဲ့ ပရိနိဗ္ဗာန်စံတော်မူခန်းလေးကို ပြောရာဖြစ်ခြင်းကြောင့် ပရိနိဗ္ဗာန်မစံခင် ဘုရားကို ပုံပေါ်အောင် ပြောနေတာနော်။ အဲဒါနဲ့ ကပိလဝတ်ရွှေနန်းတော်ကို ကြွတော်မူပါတယ်။ ဘုရားရှင် ကြွလာတာကို မြင်တဲ့ မောင်းမ တစ်ယောက်က ယသော်ဓရာ မင်းသမီးကို အသိပေးတယ်။

"သခင်မ ဘုရား.... သခင်မရဲ့ မောင်တော်ကလေး မင်းသားဘဝတုန်းကလည်း ကျက်သရေရှိလိုက်တာ၊ အခု ဘုရား တောနံစင်စစ် ဖြစ်လာတော့လည်း သံဃာနှစ်သောင်းခြံရံပြီး ကပိလဝတ်ရွှေနန်းထဲကို ကြွလာတာများ ကျက်သရေရှိလိုက်တာ.."

ယသော်ဓရာက-

"ဟုတ်လား...ဘယ်မှာလဲ"တဲ့။သူ ကြည့်ပြီးပြီ၊ သီဟနာဒဂါထာ ဆယ်ဂါထာကို သူ့သားကို သင်ပေးပြီးပြီ။ မသိချင်ယောင် ဟန်ဆောင်နေတာ၊ သူက ဘုရင်မကိုး။

"ထွက်ကြည့်တော်မူပါဘုရား.."တဲ့။

ယသော်ဓရာက "မကြည့်ဘူး"တဲ့။

"သခင်မဘုရား...အပြင်ထွက်ပြီး ကန်တော့ပါ"တဲ့။

"မင်းတို့အရှင် ငါ့ရဲ့ ကျေးဇူးတရားတွေကို သိရင် ငါ့ဆီလာလိမ့်"လို့ ပြောလိုက်တယ်။

ဘုရားရှင်က သိတော်မူတယ်။ ယသော်ဓရာ ရှိတဲ့ အခန်းထဲထိ ဘုရားရှင် ကြွလာတယ်နော်။

ယသော်ဓရာက "ဒို့များရဲ့ ကျေးဇူး၊ သူ့ အပေါ်မှာ အများကြီးရှိပါတယ်"တဲ့။

ကျေးဇူး ဆိုတဲ့ စကားနဲ့စပ်လို့ ဘုန်းကြီးတော့ ချောင်းဦး ဆိုတဲ့ ရွာလေးကို တရားသွားဟောမယ်။ ဒို့အပေါ် ကျေးဇူးရှိတဲ့ လူတွေကို ကျေးဇူးဆပ်ပါ တယ်။ မြို့မရွှေဝကျောင်းတိုက်မှာ နေခဲ့ဖူးတယ်။ စားဖူးတယ်၊ ဒါကြောင့် အဲဒီကို သွားလှူတယ်၊ ဆရာတော် ဦးဓောတိကကိုလျှောက်ခဲ့တယ်။ တပည့် တော် ဒီကျောင်းမှာ ဝင်ဝင်ပြီး အိပ်ဖူး စားဖူးပါ တယ်ဘုရားလို့။ ဒါကြောင့် ကျေးဇူးတရားဆိုတာနဲ့ ပတ်သက်လို့ ပြောပြတာပါ။

ယသော်ဓရာက ဒို့များရဲ့ ကျေးဇူးကိုသိရင် အရှင်ဘုရား ကြွလာလိမ့်မယ်။ မြတ်စွာဘုရား ကြွလာတယ်။ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်

အဂ္ဂသာဝကကြီး ၂-ပါးနဲ့ ဘုရားရှင် ၃-ပါးပဲ ကြွတယ်။

အကြောင်းရှိတယ်၊ အကြောင်းက ဘာလဲ?၊ အဂ္ဂသာဝကက ၂-ပါးရယ်၊ ယသော်ဓရာရယ်၊ တစ်သင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်တာ၊ ကျန်တဲ့ မထေရ်တွေက ကမ္ဘာတစ်သိန်းပဲ ပါရမီဖြည့်ကြတာ လေ။ တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့် တာ။ ဒီသာသနာမှာ သူတို့ (၃)ဦးပဲ ရှိပါတယ်။ ဒါကြောင့် သိတဲ့သူအချင်းချင်းဖြစ်တဲ့ အဂ္ဂသာဝက ကြီး(၂)ပါးကို ဘုရားရှင်ကခေါ်သွားတာ။ ဒါကြောင့် မြတ်စွာဘုရားရှင်ရဲ့ ပြုမူတဲ့ကိစ္စတွေဟာ ကြည်ညို စရာလည်း ကောင်းပါတယ်။

**ရာဟုလာမာတာ-** ရာဟုလာရဲ့ အမေတဲ့၊ ကလေးတို့အမေ ဆိုတာ ဘုရားရှင်က ခေါ်တာ နော်။

ရာဟုလာ မာတာသည် ငါ့ကို မည်သို့ပင် မြဲစေကာမူ မတားပါနဲ့၊ ဘုရားရှင် အခန်းထဲဝင်ရော

ခြေတော်ကိုစင်းပေးလိုက်တယ်။အဲဒီမှာ ယသောဓရာဟာ ဆံပင်နဲ့ပတ်ပြီးတော့ ခြေဖမိုးပေါ် မျက်နှာအပ်ပြီး ၁၀၈-ကွက် စက်လက္ခဏာပြည့်ဖြိုး အရှင့်ရဲ့ခြေဖမိုးပေါ်မှာ ပါးအပ်ပြီးတော့ ငိုတာနဲ့ပတ်သက်ပြီး "မွေးရပ်မြေမြတ် ကျေးဇူးဆပ်" ဆိုတဲ့ တရားထဲမှာအကျယ်နာကြတော့။

မြတ်စွာဘုရားနှင့် ဆွေတော်မျိုးတော်

နောက်တော့မြတ်စွာဘုရားရှင်သည် သားတော်ရာဟုလာလေးကို ကိုရင်ဝတ်ပေးတယ်။ သုဒ္ဓေါဒနမင်းကြီးက မခံစားနိုင်ဘူး။ မင်းကြီးက "သားတော်ဘုရား... သား၊ သမီး၊ မြေး၊ မြစ်ဆိုတာ အမေ၊ အဖေ၊ အဖိုး၊ အဘွားတွေရဲ့ အသည်းနှလုံးပါ။ အဲဒီအသည်းနှလုံးတွေကို ဘယ့်နှယ်ကြောင့် ခွဲယူပစ်ရတာလဲဘုရားတဲ့။ ပထမအကြိမ် ဇနပဒကလျာဏီနဲ့လက်ထပ်မယ့်ဆဲဆဲ ညီတော်နန္ဒမင်းသားကိုခေါ်သွားတယ်။ နန္ဒမင်းသားလေးက သပိတ်ကလေးထမ်းပြီး

ဓနီလောင်းက "မောင်တော် မြန်မြန်ပြန်ခဲ့နော်" ဆိုတဲ့ စကားလေးနဲ့ ဟိုကလည်း ခေါင်းညိတ်ပြီး ပါသွားတာ။ ပြီးရင် ရဟန်းဝတ်ပေးလိုက်ရော၊ နောက်တစ်ခါ သားတော် သားတော်ဘုရားက ရာဟုလာလေးကို ရှင်ပြုပေးလိုက်ပြန်ပြီတဲ့။

ဒါကြောင့်မို့ နောက်နောင်များ သားသမီးတွေကိုလေ ရှင်ပြု၊ရဟန်းခံတော့မယ်ဆိုရင် မာတာပီတုဟိ အနုညာတောသိ- မိဘနှစ်ပါး ခွင့်ပြုရဲ့လားလို့ ရှင်ရဟန်းပြုမယ့်ပုဂ္ဂိုလ်ကို မေးရတယ်။ ခွင့်ပြုမှ ရှင်၊ရဟန်းပြုခွင့်ပေးတယ်။

အဲဒီမှာ မြတ်စွာဘုရားရှင်က ခမည်းတော်ကြီးကို တရားဟောလိုက်တာ။ အနာဂါမ်တည်သွားပါပြီ၊ မင်းကြီးလည်း အပူမီးတွေ ငြိမ်းသွားပါပြီ။ အဲဒီလိုနဲ့ တရားအားထုတ်လိုက်တာ သုဒ္ဓေါဒနမင်းကြီးသည် ထီးဖြူအောက်မှာ ခမည်းတော်မင်းကြီး ပရိနိဗ္ဗာန်စံတယ်။

အလွမ်း မင်းသားဘဝနဲ့ နေခဲ့ရတဲ့ ရက်ပေါင်း ကြာလေပြီ။ ခမည်းတော်ကြီး ထီးဖြူအောက်မှာ ပရိနိဗ္ဗာန်စံတယ်၊ နို့တွေ့သွားပြီးသဂြိုဟ်မယ်လို့ ပြောတယ်။ အရှင်အာနန္ဒာက သောတာပန်ပဲ ရှိသေးတယ်။ သောကကို မပယ်နိုင်သေးဘူး။ ဒါကြောင့် အလွမ်းမင်းသားလို့ တင်စားပြီး ပြောတာပါ။ ခမည်းတော်ကြီး နတ်ရွာစံတော့ အလွမ်းမင်းသားကြီးမှာ မျက်ရည်တွေကျရ ပြန်ပြီ။ အရှင်အာနန္ဒာငိုလည်း ငိုနိုင်တယ်။ မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်စံတော့လည်း ဂါထာတွေ ကျူးရင့်ပြီး ငိုရပြန်ပြီ။ ယခု အရှင်အာနန္ဒာ ငိုကြွေးရတာ နှစ်ဦးရှိသွားပြီ။ အဲဒီမှာ မိထွေးတော်ဂေါတမီ ရွတ်ဆိုခဲ့တဲ့ဂါထာ-

မစုရာနိ ပဟာဠ္ဟာနိ၊
ဒေါသဠ္ဟါနိ ဟိတာနိစ။
ယေ တေ ဝါကျာနိသုပယုတ္တိ၊
တေပိ ဧညာ နရုဏ္ဏမ။

(အပ၊ ၂၊ ၂၀၁)

ဒီဂါထာကို သီတဂူဆရာတော်ဘုရားကြီးတို့ရဲ့ ဆရာတော် အနီးစခန်းဆရာတော်၊ သူက လေယာဉ် ပျံနဲ့ ခရီးသွားရင် ဒီဂါထာကို ရွတ်ဆိုလေ့ရှိတယ်။

**ဆရာ့ ဆရာများ**

အနီးစခန်းဆရာတော်ရဲ့ ဆရာ အဘယာရာမ ဆရာတော်ပါ။ အဲဒီ အဘယာရာမဆရာတော်ဆီက ရတာ၊ အဘယာရာမ ဆရာတော်ရဲ့တပည့် နို့ဆရာ ဦးညွှန့်သတုန်း၊ ပခုက္ကူဆရာတော် ရေစကြိုဆရာတော် ရဲ့တပည့် အဘယာရာမ ဆရာတော် အရှင်အဂ္ဂဓမ္မ၊ အဲဒီအရှင် အဂ္ဂဓမ္မရဲ့တပည့် အနီးစခန်းဆရာတော်၊ အနီးစခန်းဆရာတော်ရဲ့တပည့် သပိတ်တိုင်ဆရာတော် အဲသလို အဆက်ဆက် ဒီဂါထာလေးကို ရွတ်ခဲ့တာ။

""မိဓွေးတော်ဂေါတမီက သားတော်ရယ်တဲ့၊ မယ်တော်ကြီး မိထွေးတော်ဂေါတမီကလေ မြတ်စွာ ဘုရားရဲ့ ပါဠိစကားတွေကို **မခုရာနီ**-ချိုမြိန် ကောင်း မြတ်ကုန်သော၊ **ပယာဠွာနီ**-စိတ်နှလုံးကို ချွင်လန်း

တက်ကြွစေကုန်သော၊ **ဓေါသဋ္ဌါနိ** - ကိလေသာအဖု ဟူသမျှ မရှိကုန်သော၊ **ဟိတာနိစ** - လောကီစီးပွား၊ လောကုတ္တရာစီးပွားတို့ကို ပိုးပွားစေတတ်ကုန်သော၊ **ယေဓာဝါတျာနိ** - အကြင်တရားစကားတော်တို့ကို၊ **တေ** - ထိုသူတို့သည်၊ **သုဏန္တိ** - နာကြားခွင့်ရကြပါပေ ကုန်၏။

**တေပိဥညာနရုတ္တမ** - သားတော်ရဲ့တရားစကား ကို နာကြားခွင့်ရသော ပုဂ္ဂိုလ်တို့သည်၊ **ဥညာဝတာ** - ဘုန်းကံကြီးမား ရှာလေကုန်တကား။

လေးရျက်နော်။ **မဓုရာနိ** - ချိုမြိန်ကောင်းမြွတ် တယ်၊ **ပယာဋ္ဌာနိ** - စိတ်နှလုံးကို ရွှင်လန်းစေတယ်။ **ဓေါသဋ္ဌါနိ** - ကိလေသာမြူတွေ အပြစ်တွေ ကင်းစေ တယ်။ **ဟိတာနိ** - စီးပွား ချမ်းသာတွေ ဖြစ်စေတယ် တဲ့။

မိထွေးတော်ဂေါတမီရဲ့ အပါဒါန်ကို ကြည့် လိုက်တဲ့ အခါမှာ သီလရှင်ဆရာလေးတစ်ပါးရဲ့ဘဝ၊ ကိုရင်လေးတစ်ပါးရဲ့ ဘဝ၊ ဆရာတော်တစ်ပါးရဲ့

ဘဝ၊ အဲဒီလို ကောင်းမြတ်တဲ့ အသံလေးနဲ့ သီပြီ ဆိုရပါမယ်။

မိဗွေးတော်ဂေါတမီက ဒီလိုလည်း ဥဒါန်း ကျူးပြီး သားတော်ဘုရားရှင်အား ဒီလိုလည်း လျှောက်ထားခဲ့သေးတယ်။

သားတော်ဘုရား... ရှင်ဘုရင်တို့ရဲ့ အမေ၊ စကြဝတေးမင်းတို့ရဲ့အမေ မိဖုရား ဖြစ်ရတာ အမျိုးသမီးတိုင်း၊ အမျိုး သမီးတိုင်း အဲဒီအမည်ကို ရလွယ်ပါတယ်ဘုရား။

ဣတ္ထီနံ-အမျိုးသမီးတို့အတွက်၊ တံ နာမံ-ထိုအမည်သည်၊ သုလဘံ-ရလွယ်ပါ၏။ ဝုဒ္ဓ မာတာတိနာမံ-ဘုရားရှင်ရဲ့ အမေ၊ ကဲ ဘာသာရေးနဲ့ ပေါ်ပြီး သီလရှင်လေးရဲ့ အမေ၊ ရှင် ရဟန်းတွေရဲ့ အမေဆိုတဲ့ နာမည်ကိုတော့၊ ဣတ္ထီနံ-ငါပည့်တော် တို့ မိန်းမတွေအတွက်၊ ပရမသုလဘံ၊ သုဘာန္တိ-အလွန့်အလွန် ရခဲပါတယ်ဘုရား။

အဲသည်လို ပြောနေတဲ့အချိန်မှာ ဘယ်သူကြီး က ငိုနေတာလဲ?။ ရှင်အာနန္ဒာကြီးက ငိုနေတာ။ မိတွေးတော်ဂေါတမီက ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး ဘုရားရှင်တော်အား လျှောက်ထားတဲ့စကား ဥဒါန်း ကျူးရင့်တဲ့စကားတွေကို ကြားရတော့ အရှင်အာနန္ဒာ က ငိုပွဲဆင်နွှဲရပါတော့တယ်။

ဒို့က လွမ်းရိပ်ယှက်သမ်းလေးကို စပြီနော်…။

## လွမ်းရတဲ့အဖြစ်

အရှင်အာနန္ဒာ ငိုရပြီ။ အရှင်အာနန္ဒာဟာလေ သုခွေါ်ဒနမင်းကြီး ပရိနိဗ္ဗာန်စံတယ်၊ ငိုတယ်။ အရှင် ကောဏ္ဍညမထေရ်ကြီး ပရိနိဗ္ဗာန်စံတယ်၊ ငိုတယ်။ အရှင်ဗာကုလ ပရိနိဗ္ဗာန်စံတယ်၊ ငိုတယ်။ အရှင် အာနန္ဒာငိုခဲ့ရတဲ့ မျက်ရည်တွေ အများကြီးပဲ၊ သနား စရာနော်၊

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ပရိနိဗ္ဗာန် ပြုကြောင်း အရှင်အာနန္ဒာ ကြားသိရတဲ့အခါလည်း အရှင်အာနန္ဒာ ငိုခဲ့ရပါတယ်။ သိယုတ်မဟာဝါ

စုန္ဒသုတ်မှာ အရှင်သာရိပုတ္တရာ မထေရ်ကြီးပရိနိဗ္ဗာန် ပြုသွားတော့ အရှင်စုန္ဒဟာ အရှင်သာရိပုတ္တရာ မထေရ်ရဲ့ သပိတ်သင်္ကန်းကိုယူပြီး ဇေတဝန်ကျောင်း မှာ သီတင်းသုံးနေတော်မူတဲ့ အရှင်အာနန္ဒာမထေရ် ထံချဉ်းကပ်ပြီး အရှင်သာရိပုတ္တရာရဲ့ သပိတ်သင်္ကန်း ပါဆိုပြီး အရှင်အာနန္ဒာအား အသိပေးလျှောက်ထား တယ်။

အရှင်အာနန္ဒာကဒီအကြောင်း မြတ်စွာဘုရားဆီ သွားလျှောက်ထားရအောင် ဆိုပြီး အရှင်စုန္ဒနဲ့အတူ မြတ်စွာဘုရားဆီ သွားတယ်။ မြတ်စွာဘုရားထံ ရောက်တော့ အရှင်အာနန္ဒာက "အရှင်ဘုရား... သမဏုဒ္ဒေသစုန္ဒမှတစ်ဆင့် အရှင်သာရိ ပုတ္တရာ မထေရ်ကြီး ပရိနိဗ္ဗာန် ပြုသွားကြောင်းသိရပါတယ် ဘုရား။ ဒါတွေက အရှင်သာရိပုတ္တရာမထေရ်ကြီးရဲ့ သပိတ်, သင်္ကန်းတွေလို့ ပြောပါတယ်ဘုရား။ အရှင် သာရိပုတ္တရာမထေရ်ကြီး ပရိနိဗ္ဗာန်ပြုသွားတဲ့စကား ကို ကြားရတော့ တပည့်တော်ရဲ့စိတ်တွေ လေးလံ

တောင့်တင်းပြီး အရပ်မျက်နှာတွေကိုလည်း ဝေခွဲမရ ဖြစ်သွားရပါတယ်ဘုရား" လို့ ငိုပြီး လျှောက်ထား လိုက်တယ်။

အဲဒီမှာ မြတ်စွာဘုရားက ဘာဖြစ်လို့ ငိုရတာလဲ အာနန္ဒာ…အရှင်သာရိပုတ္တရာဟာ သင့်ရဲ့ သီလအစု၊ သမာဓိအစု၊ ပညာအစုတွေကို ယူပြီး ပရိနိဗ္ဗာန်ပြု သွားသလားလို့ မေးတော့မှ ဒီလိုတော့ ယူမသွားပါ ဘုရားတဲ့။

ဒါပေမယ့် အရှင်ဘုရား… အရှင်သာရိပုတ္တရာ ဟာ တပည့်တော်ကို အမြဲဆုံးမစကား ပြောလေ့ရှိပါ တယ်။ တရားကို ကျင့်သုံးဖို့၊ တရားနဲ့နေဖို့ အမြဲ သတိပေးလေ့ရှိပါတယ် ဘုရား။ အရှင်သာရိပုတ္တရာ မထေရ်ကြီးဟာ သီတင်းသုံးဖော်တွေအပေါ် ချီးမြှောက်တတ်ပါတယ်ဘုရား" ဆိုပြီး ငို ငိုပြီးတော့ မြတ်စွာဘုရားကို လျှောက်ထားတယ်။

ဒီအခါ မြတ်စွာဘုရားက အရှင်အာနန္ဒာကို တရားစကားနဲ့ နှစ်သိမ့်ပေးပါတယ်။ အာနန္ဒာ…။

အားလုံး ချစ်စရာ ကောင်းတဲ့အရာတွေ မြတ်နိုးစရာ ကောင်းတဲ့ အရာတွေနဲ့ သေကွဲ သို့မဟုတ် ရှင်ကွဲ သို့မဟုတ် ဘဝတစ်ခြားစီ ဖြစ်ရခြင်းကို ငါ အစောကပဲ ပြောပြခဲ့ပြီမဟုတ်လား။ ဖြစ်ခြင်း ကြီးပွားခြင်း၊ ပြုပြင်ရခြင်း၊ ပျက်စီးတတ်ခြင်း၊ သဘော တရားတွေကို မပျက်စီးပါနဲ့ ဘယ်တောင့်တာလို့ ရပါ့မလဲဆိုပြီး တရားစကားနဲ့ နှစ်သိမ့်ပေးပါတယ်။ အဲဒီမှာ မြတ်စွာဘုရားက မိမိကိုယ်ကို အားကိုးပြီးနေဖို့ အရှင်အာနန္ဒာကို မိန့်တော်မူခဲ့ပါသေးတယ်။ အရှင်အာနန္ဒာ ငိုတာတွေနဲ့ပတ်သက်လို့ ပြောတာပါ။

သေကွဲ(သောကတာဝန်)ပုဂ္ဂိုလ်ကို ကြည့်ရတာ မျက်ရည် တော်တော်လွယ်ပုံရတယ်။ နည်းနည်းလေး ဖြစ်လိုက်ရင် သောကဖြစ်စရာရှိကြုံလိုက်ရင် သူငိုပြီ။ အရှင်အာနန္ဒာက ငိုကြွေးနေတာကို မိတွေ့တော်မြင်တွေ့တော့ **န ယုတ္တံ ပုတ္တ သောစိတုံ၊ ပုတ္တ**- သားတော်အာနန္ဒာ အရှင်ဘုရား၊ **သောစိတုံ**- စိုးရိမ်သောက ငိုကြွေးပူဆွေးဖို့ရန်၊ **နယုတ္တံ**-သားတော်

အနေနဲ့ မသင့်ပါ။ သားတော် မငိုသင့်ဘူးတဲ့နော်။ သားလို့ တင်စားပြောတာပါ။

အယံကာလော- အခုအခါသည်ကား၊ ဟာသ- ကာလော -ပြုံးကာ ရယ်ကာ မောကာနဲ့ ပျော်ရွှင်ရမယ့် အခါပါတဲ့။ ဘာဖြစ်လို့လဲတဲ့။

မိထွေးတော်ဂေါတမီ အရှင်အာနန္ဒာကို အားပေး စကားတွေ ပြောနေတာပါ။

### အရှင်အာနန္ဒာနဲ့ ဘိက္ခုနီသာသနာ

ငါက ဒုက္ခသစ္စာကို ပိုင်းခြားသိပြီးပြီ၊ သမုဒယ သစ္စာကို ပယ်ပြီးပြီ။ နိရောဓသစ္စာကို မျက်မှောက် ပြုပြီးပြီ။ မဂ္ဂသစ္စာကို ပွားပြီးပြီတဲ့။

သားရယ် သစ္စာလေးပါးကို ပွားပြီးတဲ့ ပုဂ္ဂိုလ် တစ်ယောက်ရဲ့ နောက်ဆုံးခရီးကို ဘာလို့ ငိုရတာလဲ။ သားတော်ကပဲ မိထွေးတော်ဂေါတမီရဲ့ ကျေးဇူးက ကြီးမားပါတယ်ဆိုဘယ်သူလျှောက်ပေးခဲ့လို့ ဘိက္ခုနီ (ရဟန်းမ)အဖြစ်ကို ရောက်ရှိရတာလဲ။ ဒီလို ဘိက္ခုနီ

သက်နိုးရောင်လေးတွေ ဖြစ်အောင်(အတူလိုက်ကြတဲ့ ဆရာလေးတွေ အရောင်လေးတွေ ဖြစ်အောင်) ဘယ်သူက မြတ်စွာဘုရားကို လျှောက်ပေးခဲ့တာလဲ။ အရှင်အာနန္ဒာက အမျိုးသမီးတွေ သာသနာထဲဝင်ဖို့ အရှင်အာနန္ဒာက စွမ်းဆောင်ပေးခဲ့တာ။ သားတော် အာနန္ဒာရယ်၊သားတော်ကတိုက်တွန်းခဲ့လို့ သားတော်ရဲ့နောင်တော်ကြီး ဘုရားက မယ်တော်တို့ ဘိက္ခုနီ (ရဟန်းမ) သာသနာတော်ကို ခွင့်ပြုပေးတာလေ၊ သားတော်ကြောင့် မယ်တော်တို့ ဘဝဖောက်ဆုံးတဲ့ နိဗ္ဗာန်ကိုရခဲ့ကြတာလေ။သားတော်ကြောင့်အမျိုးသမီး တွေ အများကြီး သန္တိသုခဆိုတဲ့ အငြိမ်းဓာတ် မြတ် နိဗ္ဗာန်ကို ရခဲ့တာ၊ ဒါတွေဟာ သားတော်ရဲ့ ကျေးဇူး တွေပဲပေါ့။

အရှင်အာနန္ဒာဟာ ဘယ်သူတွေရဲ့ ကျေးဇူးရှင် လဲ။ အရှင်အာနန္ဒာက အမျိုးသမီးထုကြီးရဲ့ ကျေးဇူး ရှင်ပါ။ အရှင် အာနန္ဒာဟာ အမျိုးသမီးတွေကို သိပ်အလေးထားပါတယ်။ လေးစားပါတယ်။

အဲဒီတော့ အရှင်အာနန္ဒာမထေရ်မြတ်ကြီးက မြတ်စွာဘုရားကို ဘိက္ခုနီသာသနာကိုခွင့်ပြုဖို့အတွက် လျှောက်ထားတဲ့အခါ အမျိုးသမီးတွေ ဘုရားရှင်သာသနာတော်မှာ ရဟန်းမပြု၍ သောတာပန်စသည် ဖြစ်နိုင်ပါလျှင် ရဟန်းမ ဘိက္ခုနီ ပြုခွင့်ရစေချင်ပါတယ်ဘုရားဆိုပြီး တောင်းဆို လျှောက်ထားခဲ့တဲ့ အရှင်အာနန္ဒာ မထေရ်နော်။ သားတော်ကြောင့် ဘိက္ခုနီသာသနာ ပေါ်လာရတာလေ။ ဘယ်နှယ်ကြောင့် ငိုရတာလဲတဲ့၊ အမျိုးသမီးတွေ ဘိက္ခုနီဘဝနဲ့ ပရိနိဗ္ဗာန် စံကြရတာဟာ သားတော်ကြောင့်ပေါ့ သားတော်ရယ်။

အရှင်အာနန္ဒာက အမျိုးသမီးတွေရဲ့ ဘဝကို ကိုယ်ချင်းစာနာတတ်တယ်။ အဲဒါကြောင့် မိထွေးတော်ဂေါတမီ ဘိက္ခုနီမက အရှင်အာနန္ဒာကို လျှောက်နေတာ။ သားတော် မငိုပါနဲ့တဲ့၊ သားတော်ဟာလေ ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်မယ့် သားတော်ပါတဲ့။ သားတော်ကို အစ ဖူးမြင်ရတာဟာ

နောက်ဆုံးဖူးတွေ့ရခြင်းပါ သားတော်၊ သားတော်သည် ဘုရားရှင်ရဲ့ အခုံးအမ သာသနာတော်ကို စောင့်ရှောက်မယ့် သားတော်ပါတဲ့။

မိတွေးတော်ဂေါတမီ ဘိက္ခုနီမက ပြောတယ်။ သားတော် အာနန္ဒာရဲ့ နှလုံးသားမှာ ဗုဒ္ဓဘုရားရှင်ရဲ့ မွေတွေ အပြည့် ရှိနေပါတယ်တဲ့။ သားတော်ဟာ သာသနာတော်ကို စောင့်ရှောက်ပါသားတော်၊ မငိုပါနဲ့တဲ့။

အရှင်အာနန္ဒာရဲ့ ဆွေးသား ချွေမျိုးထဲက ပရိနိဗ္ဗာန်စံတဲ့ပုဂ္ဂိုလ်တွေ သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်စံသွားပြီး၊ မိတွေးတော်ဂေါတမီ ပရိနိဗ္ဗာန်စံသွားပြီ၊ အနာထပိဏ် သူဌေးကြီးလည်း မရှိတော့ဘူး။ လူပုဂ္ဂိုလ်ထဲက ကောသလဘုရင်လည်း မရှိတော့ဘူး၊ ဘုရားရှင်ရဲ့ သာသနာတော်မှာ အားထားရတဲ့ ဒေါက်ထောက်ပေးတဲ့ ပုဂ္ဂိုလ်တွေနော်၊ ဒီဒေါက်တွေလည်း ပြုတ်သွားကြပြီ၊ တော်တော် သံဝေဂ ရစရာ ကောင်းတယ်နော်။ နောက်ပြီး နောင်တော်

ဘုရားရဲ့ ကြင်ယာတော် ဖြစ်ခဲ့တဲ့ ယသော်ဓရာ မထေရီမလည်း ကြိုတင်ပြီး ပရိနိဗ္ဗာန်စံခဲ့တယ်။ ဘုရားရှင်ရဲ့သားတော်ရာဟုလာကလည်း ပရိနိဗ္ဗာန် စံခဲ့ပြီ။ နောက်ပြီး သာသနာမှာ အစဆုံး သစ္စာ လေးပါးကို သိမြင်ခဲ့တဲ့ အရှင်ကောဏ္ဍညမထေရ်ကြီး ကလည်း ပရိနိဗ္ဗာန်စံခဲ့ပါပြီ။

ရှုသားထဲက တောင်ငါးလုံးကာနီ ရာဇဂြိုဟ် ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရကလည်း သားတော်အဇာတသတ် က ထီးရိုက်နန်းကို သူ့ရယူလေတော့ သားလက်ချက် နဲ့ပဲကွယ်လွန်သွားခဲ့ရတယ်။ ခြေဖဝါးဓားနဲ့ခွဲ ဆားပက် လို့ ကံတော်ကုန်။

ကောသလရယ်လို့ ဘဝမှာ အသရေရွှင်ချမ်းပေ မယ့် ရွှေနန်းစံရာ နဂိုကိုတော်မှ ခါချိန်တန် ပျက် စမြဲပေမို့ ရွှံ့စိုသံဝေ စရပ်သို့ ပြေးရချေ ခွေးသေသလို သေရပြန်တယ်။ ကောသလမင်းကြီးလည်း သေသွား ပြီ၊ စရပ်ပေါ်မှာ ထမင်းကြမ်းခဲ စားပြီး သေရှာ တာ။

အရှင်အာနန္ဒာအနေနဲ့ လေးစားရတဲ့မထေရ်ကြီးတွေ သံယောဇဉ်ထားရတဲ့ ခမည်းတော် မယ်တော် ဆွေမျိုးထဲက ပုဂ္ဂိုလ်တွေ၊ သာသနာအတွက် အားကိုးအားထားပြုရတဲ့ ဘုရင်မင်းကြီးတွေ မရှိကြတော့ဘူးဆိုတော့ တစ်ယောက်တည်း(တစ်ပါးတည်း) ထီးထီးကြီးဖြစ်သွားပြီ။ ဘယ်လောက် ဝမ်းနည်းစရာကောင်းမလဲ၊အားကိုးရာမဲ့သလိုဖြစ်သွားတယ်။ အဖေလည်း မရှိတော့၊ အမေလည်းမရှိတော့၊ ဆွေမျိုးတွေလည်း မရှိတော့၊ ဒကာတွေလည်း မရှိတော့၊ ဘုရားရှင် အားကိုး အားထားရတဲ့ ရာဇဂြိုဟ်ပြည့်ရှင်ဘုရင် ဗိမ္ဗိသာရမင်း၊ ကောသလတိုင်းက ဘုရင်ကောသလမင်းကလည်း မရှိတော့ဘူး။ ခါဒီ တိုင်းကြီးနှစ်တိုင်းက ဘုရင်နှစ်ပါးလည်း မရှိတော့ဘူး။

ဒီနေရာမှာ ဘုရားရှင် ပရိနိဗ္ဗာန်မစံဝင်မီ နောက်ဆုံး ဘုရားရှင်ရဲ့ခရီးကို စဉ်းစားကြည့်လိုက်စမ်းပါ။ ဘုရားရှင် နောက်က အရှင်အာနန္ဒာပဲ၊ မျက်စေ့ထဲမြင်အောင်ကြည့်ပါ။အရှင်အာနန္ဒာဘာလို့ငိုမ်းတာလဲ။

အရှင်အာနန္ဒာရဲ့လွမ်းရိပ်

ဟိုက ရဟန္တာအရှင်မြတ်ကြီးတွေ ခန္ဓာဝန်ချ သွားကြပြီ။ အရှင်အာနန္ဒာက ငိုတုန်းပါပဲ။ ဗိမ္ဗိသာရ မင်းကြီးကို သူ့သားတော် နန်းလုတုန်းကလည်း မျက်ရည်လေးစမ်းစမ်း ဖြစ်ရတာပဲ။

အရှင်အာနန္ဒာ လွမ်းခဲ့ရတဲ့အဖြစ် ငိုခဲ့ရတဲ့အဖြစ် တွေ၊ သူ့မှာ မျက်ရည်လည်း လွယ်ရှာတယ်။ အဲဒီလို နဂိုက အလွမ်းဓာတ်ခံ ရှိနေတာ ဖြစ်ခြင်းကြောင့် အရှင်အာနန္ဒာ၏အခုပြောခဲ့တဲ့စကားတွေမှာ လွမ်းငွေ့ တွေ ယှက်သန်းနေပါတယ်။

ဗုဒ္ဓမြတ်စွာ ကဆုန်လမှာ ပရိနိဗ္ဗာန်မစံခင် တပို့တွဲ၊ တပေါင်း၊ တန်ခူး ဒီသုံးလထဲက နှာရည် ယိုစွဲ တပို့တွဲမှာ အရှင်အာနန္ဒာရဲ့ မျက်ရည်တွေ ယိုစွဲရတဲ့အကြောင်းအရာကို တင်စားလို့ အရှင် အာနန္ဒာ၏လွမ်းရိပ်ယှက်သန်းတဲ့ ဝေဒနာမှတ်တမ်း ကို ရေးသားစွဲခဲ့ပါတယ်။ ဒါဆိုရင် အရှင်အာနန္ဒာရဲ့ လွမ်းရိပ်ယှက်သန်းဆိုတဲ့ စကားပုံ ပေါ်သွားပါပြီ။

ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။

ဘုရားရှင်ကိုယ်တော်မြတ်သည် ရာဇဂြိုဟ်မြို့ ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးပါပြီ။ တရားမှတ်တမ်းက အဲဒီက စခဲ့ပါတယ်။ အဲဒီအချိန်မှာ ဗိမ္ဗိသာရမင်းကြီး မရှိတော့ဘူး။ ဝဿကာရပုဏ္ဏားး မြတ်စွာဘုရားဆီကို ရောက်လာပါတယ်။ ဒီအခါ မြတ်စွာဘုရားက လောက ဓမ္မ ရာဇ သုံးပွားနံ ကြီးပွားရေး တရားကို ဟောကြားတော်မူပါတယ်။ ပါဠိလို အပရိ ဟာနိယ တရား (မဆုတ်ယုတ်ကြောင်းတရား)လို့ ဆိုလိုပါတယ်။

လောကမှာသော်လည်းကောင်း၊ ဓမ္မမှာသော်လည်းကောင်း၊ ရာဇမှာသော်လည်းကောင်း မဆုတ်ယုတ်နိုင်တဲ့ အပရိဟာနိယတရားကို ဟောပါတယ်။ ဒီလိုဆိုရင် အရှင်အာနန္ဒာရဲ့ လွှမ်းငွေယုက်သမ်း ဓွေမှတ်တမ်း အမှတ်(၁)လို့ ဒီလို ပြောချင်ပါတယ်။

အသင်ရိုပြာနိုသတေရား(၇)ပါး

ဒီအချိန်မှာ အရှင်အာနန္ဒာသည် မြတ်စွာဘုရား ရှင်ကို နောက်ကနေပြီး ယပ်ခတ်နေပါတယ်။ ဒီအခါ မြတ်စွာဘုရားက အာနန္ဒာကို "အာနန္ဒာ…။ ဝဇ္ဇီ မင်းတွေဟာ မကြာမကြာ စည်းဝေးကုန်သလော" တဲ့။

ညီညာဖြဖြ ညီညွတ်၍ မကွဲမပြားချင်ရင် ညီညွတ်ရေးဟာ အရေးကြီးတယ်နော်။ ဒါကြောင့် ရှင်ဘုရင်တွေဟာ မကြာမကြာ စည်းဝေးကြသလား တဲ့နော်။ စည်းဝေးမှုရှိရမယ်။ ခဏ ခဏ အစည်း အဝေး ရှိရမယ်။

နောက်ပြီး အညီအညွတ် စည်းဝေးကြသလား တဲ့၊ အစည်းအဝေးမှာ အညီအညွတ် ထသလားတဲ့၊ အစည်းအဝေးမှာ အစည်းအဝေး မပြီးသေးခင် ထသွားရင် ကန့်ကွက်ရာ ရောက်တယ်။ ဒါကြောင့် အစည်းအဝေး အညီအညွတ်လုပ်ပြီးတဲ့ အခါလည်း အညီအညွတ် ထပြန်တဲ့။ နှစ်ခုရှိသွားပြီ။

ရှေးဘုရင်တွေ မပညတ်ခဲ့တဲ့ အရာတွေကို မပညတ်ပါနဲ့။ပညတ်ပြီးသား အရာတွေကို မဖျက်ဆီးပါနဲ့တဲ့။ ရှိပြီးသား ဥပဒေကို လိုက်နာရမယ်။ အဲဒီ ဥပဒေတွေကို မဖျက်ဆီးဘူးလားတဲ့။ မဖျက်ဆီးဘူး နော်၊ သုံးခုရှိသွားပြီ။

ပြီးတော့ အသက်ကြီးတဲ့ ဝဇ္ဇီမင်းတွေကို အရို အသေ အလေးအမြတ် မြတ်မြတ်နိုးနိုး ပူဇော်ကြရ မည်တဲ့၊ အသက်အရွယ် ကြီးသူတွေ ရှေ့မှီ နောက်မှီ ပုဂ္ဂိုလ်တွေကို လေးစားရိုသေရမယ်တဲ့။ လေးခုရှိသွား ပြီနော်။

နောက်တစ်ခုက ဝဇ္ဇီမင်းတွေသည် အမျိုးသမီး ကြီး ၊ ငယ်သူတွေကို အတင်းခွဲငင် နိုင်ထက်လုပ်ပြီး မသိမ်းပိုက်ရ ဘူးတဲ့။ အမျိုးသမီးတွေရဲ့ အခွင့်အရေး၊ မတရားမလုပ်ပါနဲ့တဲ့။ငါလုပ်ရင်ဖြစ်တယ်ဆိုပြီး အနိုင် အထက် မလုပ်ပါနဲ့တဲ့နော်။

နောက်ပြီး ဝဇ္ဇီမင်းတွေဟာ မြို့တွင်း မြို့ပြင်မှာ ရှိတဲ့ လေးစားထိုက်တဲ့ နတ်ကွန်း(စေတီ)တွေကို

အရိုအသေပေးရမယ်။ ရှေ့က လျှို့ခါန်းပူဇော်မှု ပြုခဲ့သလို အခုလည်း ပြုရမယ်တဲ့။ ဝေသာလီမှာတော့ စေတီနတ်ကွန်းလို့ ပြောတာပါ။ အရိုအသေပြုထိုက်တဲ့ နေရာသင်္ကေတတွေ ရှိပါတယ်။

ဥပမာ နိုင်ငံတော်အလံဆိုရင်လည်း အလေးပြုအပ်တဲ့ အရာမှာပါပါတယ်။ မုံရွာဆိုရင် ဖောင်းတော်ဆွေတွေမယ်၊ သမ္ဗုဒ္ဓေစေတီတွေမယ်။ အဲဒီအရာတွေကို ရိုသေလေးစားသင့် ပါတယ်။ ဒါတွေဟာ လေးစားပူဇော်ရမယ့် သင်္ကေတတွေပါ။ ဒီလိုလေးစားသင့်တဲ့အရာ၊ ပူဇော်ထိုက်တဲ့ အရာတွေကိုလည်း လေးစားပူဇော်ရမယ်တဲ့။

နောက်ပြီးတော့မကြွလာသေးတဲ့ ရဟန္တာအရှင်မြတ်တွေကြွလာပြီး ရဟန္တာအရှင်မြတ်တွေကို ကောင်းကောင်းမွန်မွန် သီတင်းသုံးဖို့ ဒီအရှင်မြတ်တွေကို လုံလုံခြုံခြုံ စောင့်ရှောက် ကာကွယ်မှုတွေ ပေးရမယ်။

ဆိုလိုသည်မှာ ဟိုအဝေးကြီးက ကြွလာတဲ့ အာဂန္တုဘုန်းကြီးတွေ၊ ရဟန္တာအရှင်သူမြတ်ကြီးတွေ အဲဒီပုဂ္ဂိုလ်တွေကို လုံခြုံမှု ချမ်းသာမှုရှိစေရန် စောင့်ရှောက်ပေးရမယ်တဲ့။ အဝေးကကြွလာတဲ့ ရဟန္တာတို့ကို သူတို့ချမ်းသာစွာနေဖို့ တရားနဲ့အညီ အစောင့်အရှောက် ကာကွယ်မှုတွေကို စီမံပေးသလားတဲ့။

ခုနစ်ချက်နော်။ ဒါတွေကို ကျင့်သုံးသလားတဲ့။ ကျင့်သုံးရင် ကြီးပွားမယ်။ ဒီလိုလုပ်ပေးရင် မဆုတ်ယုတ်နိုင်ဘူးတဲ့။

**ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတ ဗဟု၊ လာဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။**

သံဃာတော်အရှင်မြတ်တွေ မြို့နယ် သံဃနာယက၊ တိုင်းသံဃနာယက စသည်ဖြင့်အဆင့်ဆင့် အကြိမ်ကြိမ် စည်းဝေးကြရဲ့လားတဲ့။ အဲသလို စည်းဝေးကြရင် တိုးတက်မယ်တဲ့။

ပြီးတော့ ရဟန်းသံဃာတော်တွေအစည်းအဝေး မှာ ညီညာစွာထပြီး သံဃာ့ကိစ္စတွေကို အညီအညွတ် ဆောင်ရွက်ကြသလားတဲ့။ အညီအညွတ် စည်းဝေး ကြတယ်၊ ထကြတယ်၊ နောက်ပြီး ငါဘုရားမပညတ် တဲ့အရာကို မပညတ်ဘဲ၊ ပညတ်ပြီးသား သိက္ခာပုဒ် တွေ မဖျက်မတုတ်ပယ်နဲ့တဲ့။ ပညတ်ထားတဲ့အတိုင်း ကျင့်သလားတဲ့။

အပညတ္တံ န ပညပေသန္တိ၊

ငါဘုရား မပညတ်တဲ့အရာတွေ ပညတ်သလား တဲ့။ ရဟန်းတော်တွေက မပညတ်ပါဘူးတဲ့။

ပညတ္တံ န သမုစ္ဆိန္ဒိသန္တိ-

ပညတ်ပြီးသားအရာ တွေကိုလည်း မဖျက်ဆီး ပါ ဘုရားတဲ့။

ယထာ ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိသန္တိ-

ပညတ်ထားတဲ့အတိုင်းပဲ ကျင့်သုံးကြပါကုန် ၏ ဘုရားတဲ့။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ ယေ တေ ဘိက္ခူ ထေရာ ရတ္တညူ စိရပဗ္ဗဇိတာ သံဃပိတရော သံဃ ပရိဏာယကာ။

သံဃပိတရော- သံဃာတော်တွေရဲ့ အဖေ၊ သံဃပိတာ-ကိစ္စတွေ အများကြီးကြုံလာရင် သံဃာ့ အကြီးအကဲ သံဃာရဲ့ပိတာတွေရဲ့စကားကို လေးစား လိုက်နာကြရဲ့လား။ ထေရ်ကြီးဝါကြီး သံဃာတော် တွေရဲ့စကားကို လေးစားနာယူရမယ်တဲ့။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ ဥပ္ပန္နာယ တဏှာယ ပေါနောဗ္ဘဝိကာယ န ဝသံ ဂစ္ဆိဿန္တိ။

ရဟန်းတော်တွေဟာ ဟိုဟာလိုချင်၊ ဒီဟာ လိုချင်နဲ့ ဘဝတစ်ခုကို ဖြစ်စေတဲ့ တဏှာရဲ့ အလိုကို လိုက်ကြရဲ့လား။ မလိုက်ပါဘုရားတဲ့။ မလိုက်ရင် ကြီးပွားမယ်။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အရညေသု သေနာသနေသု သာပေက္ခာ ဘဝိဿန္တိ။

ရဟန်းတော်တွေဟာ မြို့မှာပဲပျော်ပြီ။ တောမှာ မပျော်တဲ့ ဘုန်းကြီးတွေ ရှိသလားတဲ့။ တောမှာလည်း ဘုန်းကြီးတွေ ရှိပါသည်။ ချစ်သားတို့ ဘုန်းတော်ကြီးတွေဟာ မြို့မှာပဲ နေချင်တာ။ အဲသလို မဖြစ်ပါစေနဲ့တဲ့။ တောအရပ်မှာလည်း နေကြရမယ်။ မြို့မှာနေချင်တဲ့ ဘုန်းကြီးတွေပဲများရင် သာသနာကွယ်မယ်တဲ့။ တောကျောင်းမှာ နေလိုတဲ့စိတ်ရှိနေရင် ရဟန်းတော်တွေ ကြီးပွားမယ်တဲ့။

**ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ ပစ္စတ္တဉ္စေဝ သတိ ဥပဋ္ဌပေဿသန္တိ။**

"ချစ်သားတို့... ရဟန်းတော် အရှင်သူမြတ်တွေက သတိတရားလေးတွေနဲ့ ကိုယ်စိတ်ကိုယ်ခံ သီလကို ချစ်မြတ်နိုးကြသလား။ ချစ်မြတ်နိုးပါတယ်။ ဟုတ်ပြီနော်။

သီလကိုချစ်ရင်တဲ့ အဲဒီ သီလကနေပြီး ပီတိ ပါမောဇ္ဇတွေဖြစ်လာမယ်။ ပြီးတော့ပဿဒ္ဓိ၊ ပြီးတော့ သမာဓိ၊ ပြီးတော့ ယထာဘူတဉာဏ်၊ ပြီးတော့

မဂ်ဉာဏ်ထိအောင် ဖြစ်ပေါ်လာနိုင်ပါတယ်တဲ့။ ဒါကြောင့် သီလ သမ္ပန္န ဓဝ ဘိက္ခဝေ၊ သီလနဲ့ ပြည့်စုံခြင်းဖြစ်ကြပါ။ သီလကို ချစ်မြတ်နိုးကြပါလို့ ပြောတာ။

**ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ ပစ္စတ္တညေဝ သတိံ ဥပဋ္ဌပေဿန္တိ ကိန္တိ အနာဂတာစ ပေသလာ သဗြဟ္မစာရီ အာဂစ္ဆေယျုံ၊ အာဂတာစ ပေသလာ သဗြဟ္မစာရီ ဖာသု ဝိဟရေယျုန္တိ။**

ချစ်သားတို့…။ ရဟန်းတော် အရှင်သူမြတ်တွေက သတိတရားတွေ ရှိရမယ်။ အနည်းငယ်သော တရားထူးကိုရရုံလေးနဲ့ရပ်မနေဘဲသတိဖြင့် ရှေ့ဆက်ပြီး တရားကြီးစား အားထုတ်ပါတဲ့။ လောက ဓမ္မ ရာဇ သုံးဌာန ကြီးပွားရမယ်တဲ့။

နောက်ပြီး မမေ့သင့်တဲ့အရာ ခြောက်ဌာနကို ပြောဦးမယ်။Six conditions to be remember. မမေ့သင့်တဲ့ တရားလို့ ကမ္ဘာကပြန်တာပါ။ ကမ္ဘာ့ ပညာရှင်တွေကြိုက်တဲ့ တရားတွေထဲမှာ ဓမ္မစကြာ

သုတ်၊ အနတ္တလက္ခဏာသုတ်၊ ဒီဃနိကာယ်ထဲက သာမညဖလသုတ်၊ ဗြဟ္မဇာလသုတ်၊ မဟာ သတိ ပဋ္ဌာနသုတ်တွေကို ကြိုက်ကြတယ်။ နိုင်ငံတော်တော် များများမှာ ဓမ္မတရားတော်များကို ဝါသနာပါပြီ ဆိုရင် ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ မဟာ သတိပဋ္ဌာနသုတ်၊ ဗြဟ္မဇာလသုတ်၊ ပြီးရင် မဟာ ပရိနိဗ္ဗာနသုတ်၊ ပြီးတော့ ပဋိစ္စသမုပ္ပါဒ်။ ဒီတရား တွေကို သူတို့ကြိုက်ကြတယ်။ Top Ten သုတ္တန် ထဲမှာ မဟာပရိနိဗ္ဗာနသုတ္တန်ကြီးကို ထည့်ထား တယ်။

ဒီသုတ်တစ်သုတ်ကိုပဲ ပုဒ်အဖွင့်တွေ ပါဠိအဖွင့် တွေလေ့လာလိုက်ရင်သင်ပေးလိုက်ရင် အတော်လေး ပြည့်စုံသွားတယ်၊ ဋီကာအဖွင့် အတက်အလွှတ်တွေနဲ့ လေ့လာလိုက်ရင် (စာပေ သဘောတရားအားလုံး) ပြီးသွားပြီ။ အဲသည်လိုပဲ ပဋိစ္စသမုပ္ပါဒ်တရား တစ်ခု ကို ကျကျနနတတ်လိုက်ရင် အကုန်ပြီးသွားပြီ။ အဲ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ် နှစ်သုတ်ကို

ကျကျနန လေ့လာလိုက်မယ်။ သင်ကြား ဆည်းပူး လိုက်မယ်ဆိုရင်လည်း အဲဒီထဲမှာ အကျန်ပါသွားပြီ။

ကမ္ဘာ့ပညာရှင်တွေက ဒီမဟာသတိပဋ္ဌာနသုတ်ကို အကောင်းဆုံးသုတ္တန်လို့ သတ်မှတ်ကြတယ်။ ဘာသာအမျိုး နှစ်ဆယ်လောက် ဘာသာပြန်ထားကြတယ်။ ဒို့လည်း စာတွေကို တွေ့ပါတယ်။ ဒါပေမယ့် အပရိဟာနိယတရား ခုနစ်ပါးကို ရေးထားမှန်းတော့ သိတယ်။ သေသေချာချာလေ့လာမှပဲ မဟာသတိပဋ္ဌာနသုတ်ထဲက တရားတွေဆိုတာမှန်း သိရတယ်။

## နှလုံးသွင်းရမည့်တရားများ

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ မေတ္တံ ကာယကမ္မံ ပစ္စုပဋ္ဌာပေဿန္တိ သဗြဟ္မစာရီသု အာဝိစေဝ ရဟော စ။

သဗြဟ္မစာရီသု-သီတင်းသုံးဖော်တွေ အပေါ်မှာ၊ အာဝိစေဝ ရဟော စ-မျက်မှောက်မျက်ကွယ် နှစ်ပါးလုံးမှာ မေတ္တာ ရှေးရှုထားပါတဲ့။ လောလော

ဆယ် ဒီမှာ တရားလာနာနေတဲ့သူတွေကို မြင်နေတဲ့ အချိန်မှာလည်း မေတ္တာပို့ပါတယ်။ ပြန်သွားကြတော့ လည်း မေတ္တာပို့ပါတယ်။ မုံရွာမြို့ကို ရောက်ဆဲမှာ လည်း မေတ္တာပို့ပါတယ်။ မရောက်ခင်မှာလည်း မေတ္တာပို့ပါတယ်။ ရဟန်းတော်အချင်းချင်း သီတင်း သုံးဖော်တွေအပေါ်မှာ မေတ္တာပွားရမယ်တဲ့။ ဘာ မေတ္တာလဲဆိုရင် ကာယယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာပေါ့။ သီတင်းသုံးဖော်တွေအပေါ်မှာ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ။ ဒါဒီမေတ္တာသုံးမျိုးသည် မျက်မှောက် မျက်ကွယ် မရေပါနဲ့။ သုံးခု ရှိသွားပြီ။

သိပ်ကောင်းတဲ့ စကားလေး၊ We want to share: အပ္ပဋိဝိဘတ္တဘောဂီ= ကိုယ်ရရှိထားတဲ့ ပစ္စည်း(ဥစ္စာ)လေးကို သူများနဲ့ မျှဝေခံစားမှု ရှိတာ ကောင်းပါသူးတဲ့။

ဒါကြောင့် အပ္ပဋိဝိဘတ္တ=သီးခြားခွဲပြီး မသုံး ဆောင်ဘဲနဲ့ မျှဝေစံစား သုံးဆောင်ခြင်းကလည်း

တစ်ခုပါပါတယ်။ ကိုယ်တော်တွေအနေနဲ့ သပိတ်ထဲ
မှာရှိတဲ့ဆွမ်း၊ ဆရာလေးတွေအနေနဲ့ ကိုယ့်ဆီမှာ
ပါရှိလာတဲ့ ဆန်လေးတစ်ဇွန်းပဲဖြစ်ဖြစ်ပေါ့။ ကိုယ့်ရဲ့
ဓမ္မိယလဒ္ဓ-တရားသဖြင့် ရလာတဲ့လာဘ်ကို သူများ
ကို ပေးလိုက်ရင် အပ္ပဋိဝိဘတ္တဘောဂီ ဖြစ်ပါတယ်။
သူများနှင့်မျှတစွာ သုံးစွဲတာပါပဲ။

မန္တလေးမှာနေတုန်း ဘုန်းကြီးတို့လည်း ဆင်းရဲ
ခဲ့ပါတယ်။ ဒါပေမယ့် ဒါန ပေးတမ်းရတဲ့အရောကို
ယုံကြည်ခဲ့တယ်။ ဒါကြောင့် ဒို့အဆင်ပြေပြေနဲ့ နေရ
ပါတယ်။ အချို့ ဒကာ၊ ဒကာမတွေက ရောရော
နှောနှောနေမှ ကြိုက်တယ်။ စာသင်တုန်းဆိုတော့
ရောရောနှောနှော မနေတဲ့အခါကျတော့ ဘယ်မှ
မရောက်ဖူးဘူး။ မန္တလေးနဲ့ မေမြို့ ကပ်နေတာပဲ။
ဒါပေမယ့် အသက်လေးဆယ် သုံးဆယ့်ကိုး ဝန်းကျင်
လောက်ကျမှ မေမြို့ကို ရောက်တာပါ။

မေမြို့ကို မရောက်ခဲ့ဘူး။ ဘာကြောင့်လဲ
ဆိုတော့ စာကို မြန်မြန်ပြီးချင်လို့ပါ။ တချို့ကလည်း

ဦးစင်း မေမြို့ကို လိုက်ခဲ့ပါ။ မေမြို့လိုက်လို့ရှိရင် လှူမယ်တဲ့။ တချို့ကလည်း လိုက်မကြိုက်ဘာ။ ရန်ကုန်ကလူတွေကလည်း အဲသလိုပဲ၊ ဒကာတစ်ဦး က ပိုက်ဆံလေး ၂၀၀လှူသွားတယ်။ လက်ဖက်ရည် အရွက်နှစ်ရာ သောက်လို့ရတယ်။ အဲဒီ နှစ်ရာဟာ တစ်နှစ်နီးနီးလောက် သောက်ရတယ်။ ကော်ဖီ လေးသောက်၊ နေ့လက်ဖက်ရည်ချွမ်းလေး ဘူဦးပေး။ အဲဒီပိုက်ဆံ လှူသွားတဲ့ ဓနီးမောင်နှံကို ဒီနေ့အချိန်ထိ သီးခြား မေ့လျော့ပါတယ်။

အဲဒီတုန်းက နှစ်ရာက တန်ဖိုးရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားကြီးတို့ စသွားတက်ဖို့ ကားခပြားလေးဆယ်ကို မတတ်နိုင်လို့ ကုန်းကြောင်း လျှောက်ရတဲ့ အချိန်လေ။ အဲဒီမှာ ပန္နာန်းသွားတက် ပါတယ်။ နေ့ခင်း ၂-နာရီလောက် လျှောက်ရတာပဲ။ ပိုက်ဆံပြားလေးဆယ် မတတ်နိုင်လို့။ အမေ ပေး လိုက်တဲ့ ပိုက်ဆံအစိတ် ချေတာပြီး သုံးနေခဲ့ရတယ်။ အမေ ဒေါ်တင်လှဆီက ငွေအစိတ်ပဲ ရဖူးပါတယ်။

ဘယ်တော့မှ မတောင်းခဲ့ဖူးဘူး။ အဲဒီတော့ ဒီနေ့ သစ္စာဆိုလိုက်ပါတယ်။

ငါသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးကို စည်ပင်ပြန့်ပွားအောင် သာသနာပြုပါမယ်။ ငါများ ကြီးပွားတိုးတက် ဘုန်းကြီးခဲ့ရင် သီလရှင်ဆရာလေး တွေ ကိုရင်တွေ၊ သီတင်းသုံးဖော်တွေ၊ ပဉ္စင်းတွေ၊ ရဟန်းသံဃာတွေ၊ ချို့တဲ့နွမ်းပါးသူတွေကို ပေးနိုင်တဲ့ ကိုယ်တော်ဖြစ်ပြီး ငါ့ရဲ့လက်ကလေးက အမြဲတမ်းပဲ ရေစီးဆင်းနေတဲ့ လက်ကလေးလို ဖြစ်ရပါစေသား လို့ သစ္စာပြုတိုင်တည်ပါတယ်။

ဒို့ ဒီကနေ့ထိ သိန်းထောင်သောင်းပေးနိုင်ခဲ့ ပါပြီ။ ကြွားတာမဟုတ်ပါဘူးနော်။ စိတ်ဓာတ်လေး တွေ မြင့်ဝအောင်လို့ ပြောတာပါ။ ဒီနှစ် ၂၀၁၀- ခုနှစ် ဇန်နဝါရီလ မွေ့စေတီ ဆရာတော်ဆိုတာ ဖြစ်လာပါပြီ။ ပြီးခဲ့တဲ့လမှာ အကြောင်း အမျိုးမျိုး ကြောင့် တရားပွဲတွေကို ခဏ နားထားခဲ့ပါတယ်။

အဲဒီလ သိပ်မလှူနိုင်ခဲ့ဘူး။ ၉၂-သိန်းလောက်ပဲ ပေးနိုင်ခဲ့တယ်။ အဲဒီလ အဆောင်းရဲဆုံးလပါပဲ။

အဲဒီထဲမှာ အများဆုံး စက်ဝေုက ဘုန်းကြီး တစ်ပါးက သိန်းခြောက်ရာကိုးဆယ်ခုနစ်ရာလောက် ပုံနှိပ်စက်ကြီးတစ်ခုကို သာသနာရေးဦးစီးဌာနကို လှူပါတယ်။ အဲဒီမှာ အခန်းမရှိဘူး၊ အဲယားကွန်းနဲ့ ထားမှ ဖြစ်မယ်ဆိုလို့ ထားဝယ်က ပြန်လာပြီး ချက်ချင်းပဲ နို့သာသနာရေးဦးစီးဌာနကို သိန်းအစိတ် လှူလိုက်ပါတယ်။ အဲဒါ ဒီလမှာ အများဆုံးပါပဲ။ ဓါတ်ပုံး တစ်ရာ နှစ်ရာ ငါးရာ အဲသည်လိုမျိုးလှူနိုင် ပါတယ်။ ဒါက ဒီမှာ လာကြွားတာ မဟုတ်ပါဘူး။ မှတ်တမ်းလေးတွေ ပြထားပါတယ်။ ယုံကြည်မှာ အလုပ်လုပ်ဖို့ လိုပါတယ်။

ဘုန်းကြီးကျောင်းထဲမှာ မြွေတွေပေါ်တယ်။ တရားပွဲက ပြန်လာတဲ့ တစ်နေ့မှာ ဆီအုန်းလေးကို ကိုင်လိုက်တော့ မျှော့စီ မျှော့စီနဲ့ ဦးဝင်းရေ လာပါဦး၊ မြွေဟောက်ကြီးလားမသိဘူးဗျ။ မြွေမွေး မြွေဟောက်

တွေက နို့သေးမှာ အများကြီးပဲ။ အသာငြိမ်နေရတယ်။ လှုပ်လိုက်ရင် ကိုက်တော့မှာလေ။ နို့က ပရိတ် အမြဲရွတ်တာ။ ခန္ဓသုတ်ပရိတ်ကိုလည်း ရွတ်တယ်။ မြွေတွေပေါ်တဲ့နေရာမှာ ဘာမှမလုပ်ဘူး။ ဗုဒ္ဓရဲ့ပရိတ်တွေကိုပဲ တွင်တွင်ရွတ်ပါတယ်။ တကယ်စွမ်းတယ်နော်။ တွေ့တိုင်းမေတ္တာတွေပို့ဆိုတော့ အခုတစ်ကောင်မှ မရှိတော့ဘူး။ ယုံကြည်စွာသာလုပ်ပါ။ ခန္ဓသုတ်ကို ရွတ်ပါ။ ဒါ နတ်ဆေးပဲ။ ဘုရားရှင်ရဲ့ ပရိတ်တွေကို စွဲစွဲမြဲမြဲ ယုံယုံကြည်ကြည်နဲ့ရွတ်ပါ။ ပဋ္ဌာန်းတရားတွေကိုလည်း ရွတ်ကြည့်ပါ။ တကယ်လုပ်ကြည့်၊ တကယ်အကျိုးပေးပါတယ်၊ မြွေတွေပေါ်တဲ့နေရာမှာ ကိုယ်တိုင်နေလာခဲ့လို့ တကယ်ယုံကြည်ပါတယ်။ ချွမ်းလာမှီတဲ့ ဒကာ ဒကာမတွေကိုလည်း မကိုက်ဖို့ မေတ္တာပို့ရပါတယ်။

အဲဒါကြောင့် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ၊ မျက်မှောက် မျက်ကွယ် ပို့ရမယ်၊ ဟုတ်ပြီနော်။ **ယာနိ တာနိ သီလာနိ အခေတ္တာနိ**

**အစ္ဆိန္နဒါနိ-** သီလကို မကျိုးမပေါက်အောင် ရှောက်ရမယ်။ သိတင်းသုံးဖော်တွေနဲ့ သီလချင်းတူမျှအောင် နေပါ။

**ယာဝကီဝ ဘိက္ခဝေ ဘိက္ခူ ယာယံ ဒိဋ္ဌိ အရိယာ နိယျာနိကာ နိယျာတိ တက္ကရဿ သမ္မာ ဒုက္ခက္ခယာယ။**

ဆိုလိုသည်မှာ အရိယာပညာအားဖြင့် မျက်မှောက် မျက်ကွယ် နှစ်ပါးလုံး၌ သိတင်းသုံးဖော်များနှင့် ပညာချင်း တူမျှအောင် နေမယ်ဆိုလျှင် ကြီးပွား တိုးတက်မယ်တဲ့။ အဲဒါသည် မမေ့သင့်တဲ့အရာ ခြောက်ပါးပဲ။

ပရိနိဗ္ဗာန်စံခါနီး

**အထခေါ ဘဂဝါ အမ္ဗလဋ္ဌိကာယံ ယထာဘိရန္တံ ဝိဟရိတွာ အာယသ္မန္တံ အာနန္ဒံ အာမန္တေသိ။**

ဟော မြတ်စွာဘုရား ရာဇဂြိုဟ်ကနေ ထွက် လည်း ထွက်ပြီးရော ဟိုမှာ နာလန္ဒာမြို့၊ အဲဒီနားမှာ

အမ္ဗလဋ္ဌိကာ ဆိုတဲ့ နေရာလေး၊ သာမညဖလသုတ် ဟောတဲ့ နေရာလေး ရောက်သွားတော့ ဘုရားရှင်က တရားကျဉ်းကျဉ်းလေး ဟောတော်မူတယ်။ သုတ္တန် အရှည်ကြီးတွေ မဟောတော့ဘူး။ ပရိနိဗ္ဗာန်စံတော့မှာလေ။ တရားလေးတွေ တဖြည်းဖြည်းနဲ့ ကျစ်ကျစ်လာပြီ။

ဣတိသီလံ၊ ဣတိသမာဓိ၊ ဣတိပညာ၊ သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော၊ သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။

“အာနန္ဒာ… သီလကိုပွားပါ၊ သီလကိုပွားရင် သမာဓိအကျိုး ရှိလိမ့်မယ်၊ သမာဓိကိုပွားပါ၊ သမာဓိကို ပွားရင် ပညာအကျိုးရှိလိမ့်မယ်၊ ပညာကိုပွားပါ၊ ပညာကိုပွားရင် အာသဝေါတရားကုန်တဲ့ နိဗ္ဗာန် အကျိုးရှိလိမ့်မယ်”တဲ့။

သီလပရိဘာဝိတော-သီလနဲ့ တည်ပြီး သီလကို ပွားထားပါတဲ့။ သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော၊ သမာဓိအကျိုးကိုရမယ်။ သီလမပါတဲ့ သမာဓိသည် အကျိုးမကြီးဘူး။ တရားတော့ အားထုတ်နေတယ်။ တရားတော့ ထိုင်နေတယ်။ ဒါပေမဲ့ သီလမရှိဘူးဆိုရင် သမာဓိမရဘူး၊ သမာဓိ မဖြစ်ဘူး။ ဒါကြောင့် သီလမပြည့်စုံရင် အကျိုးနည်းတယ်။ သီလရှိသော သမာဓိသည် အကျိုးကြီးပါတယ်။ သမာဓိ ပရိဘာဝိတော-သမာဓိတွေ ပွားထားသောပညာသည်၊ မဟပ္ဖလော ဟောတိ-အကျိုးကြီးပါတယ်။ သမာဓိတည်သွားတဲ့ ပညာကလည်း အကျိုးကြီးပါတယ်။ ပညာကိုပွားရင် အာသဝေါတရား ကင်းတဲ့ နိဗ္ဗာန်အကျိုးရမယ်တဲ့။

စီဝီယံရိုက်တဲ့အခါ ခေါက်သုံးချောင်းနဲ့ ရိုက်သလိုပါပဲ။ဒီမှာလည်း သီလရယ်၊သမာဓိရယ်၊ ပညာရယ်၊ သုံးချောင်းပါရတယ်။ တစ်ချောင်းလျော့သွားလိုက်တာနဲ့ ယိုင်သွားမယ်။ ဒီ့သာသနာက ဘယ်လို

လဲဆိုရင် သီလရယ်,သမာဓိရယ်,ပညာရယ် ခေါက် သုံးခေါက်နဲ့ တောက်ထားတာ။ ဒီသီလ သမာဓိ ပညာ သုံးပါးနဲ့ပြည့်စုံမှ အာသဝေါတရားက လွတ်မယ်၊ အာသဝေါတရားက လွတ်ချင်ရင် ပညာရှိရမယ်။ ပညာရချင်ရင် သမာဓိပွားထားရမယ်။ သမာဓိရှိချင်ရင် သီလ ပွားထားရမယ်။ ဒီလိုဆိုရင် ခုနက ပြောခဲ့တဲ့ အမ္ဗလဋ္ဌိကမှာ သီလ သမာဓိ ပညာ သိက္ခာသုံးရပ်ကို ဟောပါတယ်။ အဲဒီကနေ ရှေ့ကို ဘုရားရှင်နဲ့ သွားတော့ အရှင်အာနန္ဒာ နာလန္ဒာကို သွားမယ်။

အရှင်သာရိပုတ္တရာ မထေရ်ကြီးက အဲဒီမှာ ပရိနိဗ္ဗာန်စံပြီး ကျန်ခဲ့တော့မှာ၊ အရှင်သာရိပုတ္တရာဟာ နောက်ဆုံး ဘုရားရှင်ကို သီဟနာဒ(ရဲရင့်တဲ့ စကားတွေ) လျှောက်ပြီးတော့ သူက နာလန္ဒာရဲ့ နာဠကရွာမှာ ပရိနိဗ္ဗာန်စံဖို့ ကျန်ခဲ့တယ်။ အဲဒီမှာ ပရိနိဗ္ဗာန်မစံခင် အရှင်သာရိပုတ္တရာက မြတ်စွာဘုရားရှင်ကို လျှောက်ထားပါတယ်။

### အရှင်သာရိပုတ္တရာရဲ့ ရဲရင့်သောစကား

အရှင်ဘုရား၊ သဗ္ဗညုတဉာဏ်အရာ၌ အရှင်ဘုရား ထက်သာလွန်တဲ့ အခြား သမဏ၊ ဗြာဟ္မဏ ရှိလည်း မရှိခဲ့၊ ရှိမည်လည်း မဟုတ်၊ ယခုလည်း မရှိပါ။ တပည့်တော်ဒီလိုယုံကြည်ပါတယ်လို့ လျှောက်ထားလိုက်တဲ့အခါ မြတ်စွာဘုရားရှင်က သာရိပုတ္တရာ သင်သည် ရှေးကပွင့်ခဲ့ပြီး မြတ်စွာဘုရားရှင်၊ နောင်အခါပွင့်မယ့် ဘုရားရှင်၊ ယခု ပွင့်ဆဲ ဘုရားရှင်တွေရဲ့ ဒီလိုသဘောရှိတဲ့ သီလ၊ သမာဓိ၊ ပညာ ဒီလို သဘောရှိတဲ့နေခြင်း၊ လွတ်မြောက်ခြင်းတွေကို ဒါတွေက ဒီလိုရှိတယ်ဆိုပြီး သင့်ရဲ့စိတ်နဲ့ ပိုင်းခြားပြီး သိသလားလို့ မေးတော်မူတယ်။ ဒီအခါ အရှင်သာရိပုတ္တရာက မသိပါဘူးဘုရားလို့ လျှောက်လိုက်တယ်။

ဘုရားရှင်က ဘယ်လိုလဲ သာရိပုတ္တရာ… သင်က အရင့်အရင်ကပွင့်ခဲ့တဲ့ ဘုရားတွေ၊ နောင်ပွင့်မယ့်ဘုရားတွေ၊ အခုပွင့်မယ့် ဘုရားရှင်တွေကို သင့်ရဲ့ သီလ သမာဓိ ပညာတွေနဲ့ တိုင်းတာလား

ဆိုတော့၊ ဒီလိုပေါ့တဲ့ပါ။ ဘုရားတပည့်တော်မှာ ဓမ္မာနုပဿနာဉာဏ်နဲ့ မှန်းကြည့်လိုက်တဲ့အခါမှာ သိရပါတယ်ဘုရား။ အရှင်ဘုရားဟောလိုက်တဲ့သတိပဋ္ဌာန် တရားတွေဟာ နိဝရဏတရားတွေ၊ စိတ်ကိုလေးစေတတ်တဲ့ ဥပက္ကိလေသ စိတ်ကို ညစ်ငြူးအောင်၊ ပညာကို အားနည်းအောင် ဖြစ်စေတဲ့ အရာတွေကို လွှန့်ဖြောက်နိုင်ပါတယ်ဘုရားတဲ့။

ဗုဒ္ဓဟောတဲ့ တရားတွေဟာ စိတ်တွေကို ညစ်ငြူးအောင်၊ ပညာကို အားနည်းအောင် လုပ်မယ့် တရားတွေကို ပယ်နိုင်ပါတယ်။ ဒီအတွက်ဟောတာ နော်။ ဒီစကားက အရှင်သာရိပုတ္တရာ လျှောက်တဲ့ စကားဗျ။ စေတသော ဥပက္ကိလေသေ ပညာယ ဒုဗ္ဗလီကရဏေ တဲ့နော်။

Correction of mine and weeken of wistem ပါဠိစကားလုံးနဲ့တစ်ထပ်တည်းပဲ။ စိတ်တွေကို ညစ်ငြူးသွားအောင်၊ ပညာကို အားနည်းသွားအောင် လုပ်တဲ့ နိဝရဏ တရားတွေကို ပယ်ဖို့ရန်

သတိပဋ္ဌာန်လေးပါးတရားကို၊ ဗောဇ္ဈင်ကို ထောက်
သောအားဖြင့် တပည့်တော် အရှင်ဘုရား တရားကို
နာပြီး ရှေ့ဘုရားရှင်တွေလည်း ဒီအတိုင်းပါပဲ။ နောင်
ပွင့်မယ့်ဘုရားရှင်တွေလည်း ဒီအတိုင်းပါပဲဆိုတာကို
သိရပါတယ် ဘုရားတဲ့။ အဲဒါ အရှင်သာရိပုတ္တရာ
ကိုယ်တော်မြတ်ကြီးက မြတ်စွာဘုရားကို ရဲရဲဝံ့ဝံ့
လျှောက်တဲ့ သီဟနာဒစကားပဲ။ မှတ်တမ်း ဘယ်
လောက်ပြီးသွားပြီလဲ မှတ်တမ်း ၄ ပြီးသွားပြီနော်။

**န ခေါ မေ ဘန္တေ အတီတာ နာဂတပစ္စုပ္ပန္နေသု
အရဟန္တေသု သမ္မာသမ္ဗုဒ္ဓေသု စေတောပရိယဉာဏံ
အတ္ထိ အပိစမေ ဓမ္မန္ဝယော ဝိဒိတော။**

အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးမှာ
ပွင့်တော်မူကြတဲ့ ဘုရားရှင်တော်တို့လို သဗ္ဗညုတ
ဉာဏ်တော်မရှိပေမယ့် တပည့်တော်မှာ တရားတော်
တွေကို အစဉ်လျှောက်ပြီးတော့ ဉာဏ်မှာထင်လာပါ
တယ်။တပည့်တော်ဟာ အရှင်ဘုရားတို့လို မသိတော့
မသိပါဘူးဘုရား။ ဒါပေမယ့် သတိပဋ္ဌာန်လေးပါး၊

သစ္စပွဲမှာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး ဆိုတဲ့ ဗောဓိပက္ခိယ (၃၇)ပါးကို သိပြီး၍ တပည့်တော် အဲသလို သိပါတယ်ဘုရားတဲ့။ ဒါဖြင့် နို့သာသနာတော်မှာ ဗောဓိပက္ခိယ(၃၇)ပါးသည် သာသနာတော် အရှည်တည်တဲ့ရေးတရားလို့ မှတ်ပါ။

အဲဒီမှာဝေသာလီကာရုပ်ရွာအကြီးနှင့် သုနိဝပ်ရွာကြီးတို့ ဦးဆောင်ပြီး ပါဠလိပုတ်မြည်ကြီးကို တည်ကြတယ်။ ဝေသာလီမြည်များကို (ဘုရားရှင်) ရောက်တော့မယ်နော်။မြတ်စွာဘုရားရှင်ရဲ့နောက်ဆုံးဆေယ်လ မြတ်စုဒ္ဒရဲ့ခရီးစဉ်ကို အရှင်အာနန္ဒာ မှတ်တမ်းတင်နေတာနော်။ အရှင်အာနန္ဒရဲ့ "လွမ်းငွေ့ယှက်သမ်း နွေမှတ်တမ်း"တရား တဖြည်းဖြည်းနဲ့ အစပိုင်းပြီးသွားပြီ။

အစနဲ့ အဆုံး တူတဲ့တရား

အလယ်ရှယ်, အဆုံးရှယ်, မနက်ဖြန်ခါ ဆက်သွားရမယ်၊ အဲဒီမှာ ဘာတွေ ပါသလဲဆိုရင်

သစ္စာလေးပါး သိတာတွေ့ပါမယ့် မြတ်စွာဘုရား သာသနာတော်ကြီးကို ဘာနဲ့စခဲ့သလဲ၊ သစ္စာလေးပါးနဲ့စခဲ့တယ်။ သစ္စာလေးပါးနဲ့ စခဲ့တာဖြစ်ခြင်းကြောင့် ဘုရားရှင်သည် သစ္စာလေးပါးနဲ့ပဲ နိဂုံးချုပ်မယ်။ ဒီ နိဂုံးချုပ်တာကို မနက်ဖြန်မှ ဆက်ကြစို့။

**စတုန္နံ အရိယသစ္စာနံ ယထာ ဘူတံ အဒဿနာ။**

သစ္စာလေးပါးတရားကို ဟုတ်တိုင်းမှန်စွာ မသိသေခြင်းကြောင့်၊ သံသရိတံ(သံသိတံ)သံသရာကြီးထဲမှာ မမ စေတ တွေမှာကစ္စ-ငါလည်း မျောခဲ့ရပြီ၊ သင်တို့လည်း မျော နေခဲ့ကြရလေပြီ။

ဘုရားရှင်က သစ္စာလေးပါးနဲ့ ဓမ္မစကြာသုတ်မှာ စခဲ့တယ်။ နောက်ဆုံးမှာလည်း သစ္စာလေးပါးနဲ့ နိဂုံးချုပ်သွားတယ်။ အဲဒါ ပါဋ္ဌလိပုတ်ဂါမအနားက ကောဋိဂ္ဂါမဆိုတဲ့ရွာမှာပဲသစ္စာလေးပါးကို နောက်ဆုံး ဟောခဲ့တာ၊ ဒီနောက် ဘုရားရှင် မဟောတော့ဘူး။ ဘုရားရှင်နောက်ဆုံးဟောခဲ့တာကို မနက်ဖြန်နောက်ဆုံး ဖြစ်ခြင်းကြောင့် မနက်ဖြန် ဟောပါမယ်။

ဒီနေ့ အရှင်အာနန္ဒာ၏ "လွမ်းဆွေ့လှုက်သိမ်း ဆွေ့ မှတ်တမ်း" အစပျိုးခဲ့ပါပြီ။ အလယ်နဲ့ အဆုံးကို နောက်ဖြန် ဟောပါ့မယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ။

သာဓု သာဓု သာဓု

# အရှင်အာနန္ဒာ၏
# လွမ်းဆွေးဖွယ်ကောင်းသော ရွှေမှတ်တမ်း
# (၂)

ဒီနေ့ မြတ်စွာဘုရားရှင်ရဲ့ နောက်ဆုံးခရီး အကြောင်းပါပဲ။ နောက်ဆုံးခရီးမှာ ဘုရားရှင်ဟာ ရှစ်မြို့လောက်ကို လှည့်လည်ခဲ့ပါတယ်။ အဲဒါတွေ က ရာဇဂြိုဟ်၊ အမ္ဗလဋ္ဌိကာ၊ အဲဒီကနေနာလန္ဒာ၊ နာလန္ဒာကနေ မြစ်ကိုဖြတ် ပါဋလိပုတ်ဂါမ၊ အဲဒီ ကနေ ဗေလုဝရွာအဲဒီ ဗေလုဝရွာမှနေပြီး ဝေသာလီ၊ ဝေသာလီမှာနေပြီးတော့ ပါဝါမြို့ကို ကြွသွား တယ်။

ဘုရားရှင်သည် ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ မာဂဓတိုင်းထဲက လေးရွာနက်ို ကြွတော်မူခဲ့ပါတယ်။ အဲဒါတွေက ရာဇဂြိုဟ်ရယ်၊ အမ္ဗလဋ္ဌိကာရယ်၊ နာလန္ဒာရယ်၊ ပါဋလိပုတ်ရယ်၊ ဒီ လေးရွာနက်ို ဘုရားရှင်ကြွခဲ့ပါတယ်။ အဲဒီထဲကပါဋလိပုတ်ဆိုတာ ဒီနေ့ ပတ္တနားလို့အမည်ရတဲ့မြို့ပါ။ ပတ္တနားလို့ခေါ်ပါတယ်။ အခုရင်တုန်းက ဒီပါဋလိပုတ်(ပတ္တနား)မြို့သည် လူဦးရေ တစ်သန်းနဲ့ ခုနစ်သိန်းလောက် ရှိပါတယ်။ ဘီဟာပြည်နယ်ရဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဒီပါဋလိပုတ်ဟာ သမိုင်းဝင်ဖြစ်ပါတယ်၊ ဒီပါဋလိပုတ်မှာ တတိယသံဂါယနာတင်ခဲ့ပါတယ်။ ညီတော်နောင်တော် ရဟန်းသံဃာများ ပဋ္ဌင်းတက်ဆဲအခါမှာ ဒီပါဋလိပုတ်နဲ့ပတ်သက်တဲ့ မှတ်သားစရာအကြောင်းလေးတွေ များလာပါတယ်။

ဒါပေမယ့် တချို့ကိစ္စအကြောင်းအရာများသည် တပေ ထဲမှာ မပါပါဘူး။ ဆရာသမား အစဉ်အဆက် ပြောတာလေးတွေကို မထေရ်မြတ်တွေရဲ့ စကားလေး

တွေကို မှတ်မှတ်ထားပါတယ်။ နောင် ကိုယ့်ထက် ငယ်တဲ့ ညီငယ် ရဟန်းငယ်များကို အသိပေးချင်လို့ ပြောခဲ့ပါ့မယ်။

ဓသ ၄-ပါး။ ရှင် ၄-ပါး

သေလေးပါး ရှင်လေးပါးကို ကြားဖူးကြမှာပါ။ ဒီအကြောင်းတွေနဲ့စပ်လို့ ဦးဇင်းကပြောတော့ ပခုက္ကူ ဆရာတော်ကြီးက အဲဒီ မွေစေတီဆရာတော်လေးကို တွေ့ချင်လိုက်တာတဲ့။ ဆရာတော်ကြီးက အသက် ၈၈-နှစ် ရှိပါပြီ။

နို့ဆရာတော်က အဘယာရာမဆရာတော်ဆီမှာ စာတက်တုန်းက ဆရာတော်တွေဆီက ပြောသံကြား လိုက်တယ် တဲ့။ "ဟော့ သေလေးပါး၊ ရှင်လေးပါး ဆိုတာ တခြားလျှောက်ရှာမနေနဲ့တဲ့။ ရဟန်းတော် တွေ မပြုကောင်းတဲ့ အရာလေးပါးက သေလေးပါး ပါပဲ။ ရဟန်းတော်တွေ မှီဝဲကောင်း ပြုကောင်းတဲ့ ကာရဏီယလေးပါးဟာ ရှင်လေးပါးပဲကွဲ့တဲ့။

အခု သီတဂူဆရာတော်ရဲ့ဆရာဟာ အနီးစခန်း ဆရာတော်ဖြစ်တယ်။ အနီးစခန်းဆရာတော်ရဲ့ ဆရာ သည် အာဘယာရာမဆရာတော် (အာဘယာရာမဆရာ တော်ရဲ့ ဆရာသည် ပခုက္ကူဆရာတော်ကြီး)အဲဒီ ပခုက္ကူဆရာတော်ကြီးက ပါဠိမှတ်နေရင်းနဲ့ ဒီလို ပြောပါတယ်။

ယခုအခါ၌ ကမ္မဝါစာရွတ်ဖတ်ရာ၌ လွယ်ကူ ပါစေခြင်းငှာ ပဥ္စင်းလောင်းဖြစ်သော ဥပမာ ကောသလ္လ အမည်ရင်းကို ဖျောက်၍ နာဂ ဟူ၍ မှည့်ပါ၏။ ဥပဇ္ဈာယ်ဆရာတော်၏ အမည်ကိုလည်း မူလအမည်ကို ဖျောက်၍ တိဿဟု အမည်မှည့် ပါ၏။ ဥပမာ ကိုရင် ကောသလ္လရဲ့ ဥပဇ္ဈာယ်ဆရာ ဦးဥက္ကံ့သစ္စဒ္ဓိကိုလည်း တိဿဟူ၍ မှည့်ပါ။ ဒီလို ဆိုလိုပါတယ်။

### တိဿနဲ့နာဂ

ဘာ့ကြောင့် ဥပဇ္ဈာယ်ဆရာကို တိဿလို့ အမည်မှည့်တယ်ဆိုတာကို ဆရာတော်ကို မေးချင်

လိုက်တယ်။ ဘုန်းကြီးတို့ဘုရား... ဒီပြင်နာမည်ကို ဘာလို့မမှည့်တာလဲ၊ ရဟန်းလောင်းအမည်ကိုလည်း နာဂတို့ ဒတ္တတို့ ဘာလို့ မမှည့်တာလဲ၊ မဟုတ်ဘူးကွ၊ အဲဒီတော့ မင်း အဲသလိုမေးတော့လည်း ငါတို့က ဖြေရတာပေါ့ကွာတဲ့။ သိမ်ထဲမှာ မေးလိုက်ပါတယ်။

ပဥ္စင်းလောင်းအမည် နာဂ။ ဒါ အဓိပ္ပါယ် ရှိတယ်။ **နာဂ** ဆိုတာ **န**-ပုဒ်၊ **အဂ**-ပုဒ်၊ **အဂ**- ဆိုတာသွားတာ၊ န-က မလုပ်တော့တာ၊ မသွား တော့တာ။

ဥပမာ ပဥ္စင်းလောင်း ကောသလ္လရေ မင်း ကာမဂုဏ် တောထဲ လူ့လောကထဲ မပြန်နဲ့တော့၊ ရှုပ်ထွေးမှုပေါလှတဲ့ သံသရာထဲကို မလာနဲ့တော့တဲ့၊ ဒီအဓိပ္ပါယ်ကို သိစေလိုလို့ နာဂ-လို့ခေါ်တာ။

**သူ့အာသိ နာဂ ဘူတကာလော သန္တကာလော၊ ယံ မမ္မာတံ သန္တံ၊ အညီတိ ဝစ္စန္တံ၊ န သန္တံ၊ နညီတိ ဝစ္စန္တံ** လို့ ဆိုလိုက်တဲ့အခါ နာဂ ကို ဒီလို အနက်ပြန်ကြတယ်။

**နာဂ**-ပဋ္ဌင်းလောင်း၊ **နာဂ**-သံသရာအိုင်ဂယက်ဆိုင်မှ အာရုံတစ်ပါး စိတ်မသွားအောင် နားကိုစူးစိုက်ထောင် အမောင် ပဋ္ဌင်းလောင်း။ **နာဂ**- သံသရာအိုင်ဂယက်ဆိုင်မှ ထွက်နိုင်ရလို ကျွတ်တမ်းခိုသည့် မဂ်ဖိုလ်နီးကြောင်း အသင် ပဋ္ဌင်းလောင်း။

မင်း မဂ်ဖိုလ်နဲ့ နီးတယ်ကွတဲ့၊ လူသားတွေ ကလေ ချစ်တော့လည်း မျက်နှာလိုက်တယ်၊ မုန်းရင်လည်း မျက်နှာလိုက်တယ်၊ ကြောက်ရင်လည်း မျက်နှာလိုက်တယ်၊မသိနားမလည်ရင်လည်း မျက်နှာလိုက်တယ်၊လူသားတွေမှာလေ အဂတိတရားလေးပါး ရှိတယ်တဲ့။ လူငယ်တွေကို နားလည်အောင် ပြောရင် ဘောလုံးကွင်းပဲကြည့်ပေါ့ဗျာ။အဝေးကွင်းနဲ့ အိမ်ကွင်း ဘယ်ဟာကို မျက်နှာလိုက်တုန်း၊ အဂတိလိုက်တာ နော်။

**န ဂစ္ဆတိ နာဂေါ** တဲ့၊ မင်းမသွားနဲ့တဲ့။ ဘယ်လိုမသွားရမှာလဲ။ အဲဒီအဂတိတရား ၄-ပါး ကို မသွားနဲ့တဲ့။ ဒါကြောင့် နာဂ-ချစ်ခြင်း၊ မုန်းခြင်း၊

ကြောက်ခြင်း၊ မသိခြင်းဟု ဆိုအပ်သော အဂတိတရား ၄-ပါး ရှောင်ရှားတတ်သော မောင်ပဉ္စင်းလေးတင်း-တဲ့။

နောက်တစ်မျိုးက နာဂ မှာ န အာဂုံ၊ န ကရောတိတိ နာဂေါတဲ့။ ဘုန်းကြီးဝတ်ကတည်းက မကောင်းမှု ဒုစရိုက် မလုပ်နဲ့ကွာတဲ့။ အဓိပ္ပါယ်ရှိပါတယ်။ နာဂရဲ့ အဓိပ္ပါယ်ကို ကိုရင် မဝတ်ခင်ကတည်းက ကျက်ရပါတယ်။

နောက်တစ်မျိုးက နာဂဆိုတာ ရဟန္တာအရှင်မြတ်ကြီးလိုပါလား။ ဒါကြောင့်မလို့ ပဉ္စင်းတက်ပြီး သိမ်ထဲက ထွက်လိုက်တာနဲ့ အဲဒီနာဂအမည် ရထားတဲ့ ပဉ္စင်းဟာ အပြစ် အာပတ်တွေ ကင်းနေတာဖြစ်ခြင်းကြောင့် ဆရာတော်ကြီးတွေရဲ့ ရှေ့ သူကအရင်ကြွရတယ်။

ဒို့တတော့ ကျောင်းမှာ သိက္ခာတင်ပြီဆိုရင် ခုလွှတဲ့ပဲဖြစ်ဖြစ် ဦးခင်းတစ်ပါးရဲ့ ရှေ့နေပြီးတော့

ခုနမင်း(ဒကာ ဒကာမတွေ) လောင်းချင်တဲ့ အရာတွေကို မင်းတို့တစ်ယောက်ယောက်နဲ့ ကပ္ပိယလုပ်ပြီး ခံယူသွားကြဖို့ ပြောထားတယ်။ ဆိုလိုသည်မှာ ဒီကနေ့ပဲ သိမ်ကထွက်တယ်။ ဒီကနေ့ပဲ နဝကာမွှတွေကို လောင်းထည့်လိုက်တယ်။ ဒီကနေ့ပဲ ဆံပင်တွေနှုံခင်းပြီး ကန်တော့ခံတယ်ဆိုရင် အာပတ်အပြစ်ကသင့်သွားပြီ။ အဲသည်လိုဖြစ်မှာစိုးလို့ သိက္ခာတင်ခါစရဟန်းကို ရဟန္တာနဲ့ အလားသဏ္ဍာန်တူတယ်လို့ ပြောတာ။

ပန်းလောင်း။ ပန်းသစ်လေး ခုလ္လတရဟန်းလေးကို ရှိခိုးလိုက်ခါမှ ဒီလူတွေ ကုသိုလ်ရပါစေတော့ဆိုတဲ့ဆန္ဒနဲ့ ဒီပန်းတွေ ဘာအာပတ်မှ မသင့်အောင် အရှင်ဘုရား လက်ကလေးပိုက်ပြီး ကြွပါ။ ကပ္ပိယက ပန်းသစ် ရှေ့ကနေ သူကိုင်ထားတဲ့ ကြွပ်ကြွပ်အိတ်ထဲကို လောင်းထည့်၊ တောင်းထဲကို လောင်းထည့်။ ပန်းသစ် ကလေးက ဘာမှမကိုင်ရဘူး၊ လောင်းတဲ့ ပုဂ္ဂိုလ်တွေက ရဟန္တာနဲ့ အလား

သစ္စာခံထူနေတဲ့ ပုဂ္ဂိုလ်ကိုလှူရတော့ ကုသိုလ်တွေ ရပါတယ်။

အဲဒီတော့ ဥပဇ္ဈာယ်ဆရာကို တိဿလို့ ဘာလို့ အမည် မှည့်တာလဲ။ ပါဋလိပုတ်မှာ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်ဟာ ဘီစီ ၂၄၃ မှာ ပထမသင်္ဂါယနာတင်တယ်။ ပထမ သင်္ဂါယနာကို အဲဒီမှာတင်တယ်။ ဒုတိယဖြစ်တဲ့ သင်္ဂါယနာကို ဝေသာလီမှာတင်တယ်။ ဒီတော့ ဒီနေရာတွေဟာ ရာဇဂြိုဟ်ထဲပါသွားပြီ၊ အဲဒီတော့ မြတ်စွာဘုရားရှင် နောက်ဆုံးသွားခဲ့တဲ့ခရီးမှာ ဝေသာလီရယ်၊ ရာဇဂြိုဟ် ရယ်၊ ပါဋလိပုတ်ရယ် ဆိုတဲ့ သုံးခုဟာ သင်္ဂါယနာ တင်တဲ့ အခါကနေရာတွေ ဖြစ်သွားပါပြီ။

ဒါကြောင့် First Buddhist Great Consel, RAJAGAHA (ပထမသင်္ဂါယနာရာဇဂြိုဟ်) Second Buddhist Great Consel, VESâLI. (ဒုတိယသင်္ဂါယနာ ဝေသာလီ)။(တတိယသင်္ဂါယနာ ပါဋလိပုတ္တ)

အဲဒီ တတိယသင်္ဂါယနာတင်ပြီးလို့ ပွင့်တော်ထွန်းတဲ့ အခါမှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးကို ဥပဇ္ဈာယ်ပြုပြီး တက်ကြတာဖြစ်ခြင်းကြောင့် နောင် ပွင့်တက်မယ့် ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဂန္ဓသာရ ပြောခဲ့ဖူးပါတယ်။ ဒါကြောင့် ဥပဇ္ဈာယ်ဆရာရဲ့ အမည်ကို တိဿလို့ မှည့်ကြတာပါ။ စာထဲတော့ မပါပါဘူး။ ဘယ်မှာ ပါသလဲလို့မေးရင် ဒါပခုက္ကူဆရာတော်တို့ရဲ့ တပည့်စဉ်ဆက် မှတ်ယူလာတဲ့ ဗဟုသုတ ဖြစ်ပါတယ်။

ပခုက္ကူ ရေစကြိုဆရာတော်ကြီးက အဲသလို ပြောလိုက်တဲ့အခါမှာ အဘယာရာမ ဆရာတော်က လည်းကြားသိပါတယ်။ အဘယာရာမ ဆရာတော်ဆိုက နို့ဆရာတော် ဦးဥက္ကံသဝံသ၊ နို့ဆရာတော်ဆီက နို့က သိလာရတာ ဖြစ်ပါတယ်။

ပခုက္ကူရေစကြိုဆရာတော်ကြီး ဘဒ္ဒန္တဂန္ဓသာရက အေးကွာ…မောင်ပွင့်တို့၊ ပွင့်တက်တဲ့အခါ ဥတ္တရကမ္ဘာဝါစာမှာ သုဏာတု မေ ဘန္တေ သံဃော

အယံ နာဂေါ တိဿော ဥပသမ္ပဒါပေက္ခော ဆိုတာ ဒါပဲကွ။ ဟို တတိယသင်္ဂါယနာ တင်ခဲ့တဲ့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကိုထိအောင် အာရုံပြုပါတဲ့။

ပခုက္ကူ ရေစကြိုဆရာတော်ကြီးမှ တစ်ဆင့် ယခုလက်ရှိ ပခုက္ကူဆရာတော်တွေကလည်း ဒီလို ပြောကြပါတယ်။ အဲဒီဆရာတော်က ငါ ဒီဓမ္မစေတီ ကိုယ်တော်လေးကို တွေ့ချင်လိုက်တာကွာတဲ့။ ဒီသတင်းကို သူငယ်ချင်းတစ်ပါးက ပြောပြလို့ နို့သိရတာပါ။

နောက် တစ်ဆက်တည်းပဲ သေလေးပါး၊ ရှင်လေးပါးဆိုတာ သိမ်ထဲကစပါတယ်လို့ ဓမ္မစေတီ က ဟောလိုက်တာ၊ ဒီအကြောင်းကို ယခု ပခုက္ကူ ဆရာတော်ကို အကြောင်းကြားလိုက်တော့ ပခုက္ကူ ဆရာတော်က ဒီအကြောင်းကို နို့ဆရာတော်ကြီး ပြောဖူးတယ်ကွာတဲ့။ အဲဒါ အဘယာရာမဆရာတော် က စာချရင်းနဲ့ သေလေးပါး ရှင်လေးပါးဆိုတာ

သိမ်ထဲကစတာတဲ့။ဒီအကြောင်းကိုဒို့ပေါကပြောလိုက်တော့ ပခုက္ကူဆရာတော်ကြီးက မောင်ကောသလ္လပေါပါတဲ့။ ဒို့ အဘယာရာမ ဆရာတော်ကြီးကပြောခဲ့ဖူးတယ်လို့ ဆိုပါတယ်။ ပါဠိလိပ်ပတ်နဲ့ဆက်ပြီး ပြောလိုက်တာပါ။

## လုပ်သင့်တာနဲ့ မလုပ်သင့်တာ

ရဟန်းဖြစ်လာပြီဆိုရင် သလုံးမြင်းခေါင်း(ခြေ)ကိုအမှီပြု၍ ရွှမ်းခံစားပါ။ ရွှမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး အဲဒီ လေးခုမရှိရင် ဒို့တွေ သေလိမ့်မယ်။ အဲဒါရှိရင်ရှင်မယ်။

ဒါကြောင့် ရွှမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးတွေသော ပစ္စည်းတွေအတွက် တေုပစ္စယ ဒါယကာ ဒါယိကာမတွေက သံဃာတော်တွေကို လေးတွေသော ပစ္စည်းပေးတာသည် ရဟန်းတော်တွေရဲ့ရရှိမယ့် အခွင့်အရေးဖြစ်ပါတယ်။ သာသနာ့အလုပ်ကို လုပ်နိုင်ဖို့အတွက်။

အဲဒီရဟန်းတော်တွေ ရရှိမယ့်အခွင့်အရေးတွေကို ရဟန်းတော်တွေက ပါရာဇိက(သာသနာတော်မှ ဆုံးရှုံးမယ့်) သိက္ခာပုဒ်လေးပါးကို ရှောင်ကြဉ်ထားရင်ပဲ ရဟန်းတော်တွေ ဒီအခွင့်အရေးတွေကို ရရှိနိုင်ပါတယ်။

ဒါကြောင့် သိမ်ထဲ ရဟန်းဘဝကို ဝင်ဝင်ချင်း ရဟန်းတော်တွေ မှီဝဲရမယ့်အရာလေးပါးနဲ့ မမှီဝဲရမယ့်အရာ လေးပါးကို တစ်ခါတည်း ပြောပေးထားခဲ့တာ။ ရဟန်းဘဝကို ရောက်ပြီးမှ အမျိုးသမီးတွေနဲ့ ပတ်သက်သွားတာတို့၊ လူကို သတ်မိတာတို့ မကျူးမိအောင် သိမ်ထဲမှာပဲပြောမယ်။ ဒီပြင်မှာ မပြောဘူး၊ မသိလိုက်ဘူးဖြစ်မှာစိုးလို့၊ ဒါကြောင့် ရဟန်းတော်တွေဟာ ဒါတွေမလုပ်ကောင်းဘူး၊ အမျိုးသမီးတွေနဲ့ ပတ်သက်တာသူများပစ္စည်းခိုးတာ၊ လူကိုသေအောင် သတ်တာ၊ ဈာန်မဂ်ဖိုလ်တရား မိမိမှာမရှိဘဲ လိမ်ပြောတာအဲဒီသိက္ခာပုဒ်လေးခုကို **ဓမ္မာရီ အကရဏီယာနိ** မလုပ်သင့်တဲ့ အရာ ၄-ပါးတဲ့၊ ရဟန်းတော်တွေ

အစရနဲ့ Do and don't လုပ်သင့်တာနဲ့ မလုပ်သင့်တာကို အစရင်ဆုံးသိထားရတယ်။

Do လုပ်သင့်တာသည် အခွင့်အရေး၊ Don't မလုပ်သင့်တာသည် ရှောင်ကြဉ်ရမယ့်အရာ။ ဒီမလုပ်သင့်တာကို လုပ်မိရင် သာသနာတော်မှာ သေမယ့်တိစ္ဆာ။ ဒီတိစ္ဆာနဲ့ပတ်သက်လို့ ဘုရားရှင်က ဥပမာနဲ့ ပြောကြပါတယ်။

ဦးခေါင်းပြတ်သွားတဲ့လူဟာ အသက်ပြန်မရှင်လာနိုင်သလို၊ အညှာမှ ပြုတ်ကျသွားတဲ့ သစ်ရွက်ဟာ တစ်ဖန် စိမ်းစိုမလာသလို၊ နှစ်ခြမ်းကွဲ ကွဲသွားတဲ့ ကျောက်ဖျာကြီးဟာ အကောင်းပကတိဖြစ်မလာသလို၊ လည်ဆစ်ပြတ်သွားတဲ့ ထန်းပင်ဟာ တစ်ဖန် မရှင်လာနိုင်သလို သာသနာတော်မှာ မလုပ်သင့်တာတွေလုပ်ရင် ပါရာဇိက-သေသွားပြီတဲ့။ သာသနာတော်ကနေ ပါရာဇိက၊ သူ့မှာ စိတ မရှိတော့ဘူး။ ဒါကြောင့် **စိနပေဟာ နာမ သာသနဿ အာယု** လို့ပြောတာ။ ဝိနည်းဟာ သာသနာတော်ရဲ့ အသက်

ပဲတဲ့။ အသက်ရှိနေပေမယ့် သာသနာရဲ့ အသက် ဖြစ်တဲ့ သီလသိက္ခာမရှိတော့တဲ့အတွက် သူ့မငြိမ်း ချမ်းနိုင်တော့ဘူး။ ငြိမ်းချမ်းတဲ့ပုဂ္ဂိုလ် မဟုတ်တော့ ဘူး။

**အသက်ချုပ်ဖွဲ့ဆိုးယော**-သာသနာတော်မှာ ဘုရား ရှင်ရဲ့ သားတော်မဟုတ်တော့ဘူးဆိုတော့ သေတာ ပေါ့။ ဒါကြောင့်မလို့ သေလေးပါး၊ ရှင်လေးပါး သည် အဲဒီ ပါရာဇိကနဲ့ ဆက်စပ်ပြီး ပြောခဲ့တာ ဖြစ်ပါတယ်။

ယောဂီ ဒကာ၊ဒကာမတို့ သံဃာတော် အရှင် သူမြတ်တွေကို ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေး၊ ပစ္စည်းလေးပါး ထောက်ပံ့နေသမျှ ကာလပတ်လုံး သာသနာတော်ကြီး ရှင်သန်နေမယ်။

ရဟန်းတော်တွေအနေနဲ့ မပြုလုပ်သင့်တဲ့ ကာမ ကိစ္စတွေ၊ ခိုးတာတွေ၊ သတ်တာတွေ၊ လိမ်တာတွေ ကတော့ သေမယ့်ကိစ္စတွေပါ။ ဒါကြောင့် ဒီသေ လေးပါး၊ ရှင်လေးပါးအရာသည် ပစ္စုပ္ပန်ဆရာတော်

ကြီး ပြောခဲ့တဲ့စကား ဖြစ်ပါတယ်။ ဒီဆရာတော်က ဒို့မဗိုလ်ကော်သော်လည်း အဘယာရာမ ဆရာတော် အဲသလို ပြောခဲ့တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဆရာစဉ်ဆက် စကားလို့ မှတ်ပါ။

## ဆရာတော်ကြီးများ

အဘယာရာမနဲ့စပ်လို့ စာရေးဆရာ ပါရဂူဟာ အဘယာရာမကျောင်းတိုက်မှာနေခဲ့ပါတယ်။ ဆရာ ပါရဂူရဲ့ နာမည်က ဦးလှကြိုင်တဲ့၊ ရှင်အမည်က ပါရဂူ၊ သူ့ရဲ့ဦးလေး တော်စပ်သူက ဆန်းထွန်း (မန်းတက္ကသိုလ်)၊ သူရဲ့ ရဟန်းဘွဲ့ အမည်က ဦးဉာဏိဿရတဲ့။ အဲဒီ ရှင်ပါရဂူကို ဦးဉာဏိဿရ က အဘယာရာမ ဆရာတော်ဆီ ကိုရင်ဘဝနဲ့နေ ဆိုပြီး အပ်လိုက်တယ်။ ရှင်ပါရဂူဟာ ဆရာတော်ကို ကြည့်ပြီးတော့ ကြောက်လို့ဆိုပြီး ထွက်ပြေးသွား တာတဲ့။ ခုနစ်ရက်ပဲ နေခဲ့တယ်တဲ့။ အဘယာရာမ ဆရာတော်သည်စကားလည်းမပြော၊ အပြင်ကိုလည်း

မထွက်ဘဲ တယ်ချနေတာတဲ့။ လယ်တီဆရာတော် စိန်ပန်းအရပ်မှာ တရားဟောပေါ့တော့ အသာယာရာမ ဆရာတော်က အပြင်ထွက်ပါတယ်တဲ့။

မမှုစေတီလည်း ဆရာတော် ဦးဥက္ကံသစုန္ဒီနဲ့ ခုနစ်နှစ်လောက် နေခဲ့ဖူးပါတယ်။ ဆရာတော်ဟာ ငါးနှစ်တိတိအထိ တစ်ခါမှ မပြုံးခဲ့ပါဘူး။ ရှေ့တုန်းက တချို့ဆရာတော်ကြီးတွေဟာ အဲသလို သမာဓိကောင်းကြတယ်။

၁၉၂၀-ခုနှစ်ကျော်လောက်က ဒေးဒရဲမြို့ကနေ ဒကာတစ်ဦးက……ဆရာတော်ကို ငွေတစ်ထောင် လာလှူတာ။ သူက ဒေးဒရဲသူဌေးပေါ့။ ဆရာတော်ကြီးက တချနေတယ်။

တပည့်က ဆရာတော်ဘုရား… ဟို ဒေးဒရဲက ဒကာတစ်ယောက်က နဝကမ္မငွေ လှူကပ်ချင်လို့တဲ့ ဘုရား လျှောက်တယ်။ အဲဒီတော့ ဆရာတော်ကြီးက သွားထိုင်လိုက်တယ်။ ဒကာက ဆရာတော်ကြီးကို ဩကာသ ဩကာသ ဆိုပြီး ကန်တော့တယ်။

ဆရာတော်ကြီးက ထိုင်နေတုန်းပဲ၊ ဘာစကား မှလည်းမပြောဘူး၊ ဒကာက ဆရာတော်ကြီး မကြား လို့ အာရုံမပြုမိလို့နဲ့ တူတယ်ဆိုပြီး နောက်တစ်ခါ သြကာသ သြကာသ ဆိုပြီး ရှိခိုးတယ်။ ဒါလည်း ထိုင်နေတုန်းပဲ၊ တတိယအကြိမ်တော့ ဆရာတော် ဆုပေးလောက်တယ်ဆိုပြီး ဒကာက တတိယအကြိမ် သြကာသနဲ့ ကန်တော့ပြန်တယ်။ ဆရာတော်က ကျွပ် စာရွက်ရှိသေးတယ်ဆိုပြီး ဘာဆုမှ မပေးဘဲ ထသွားတော်မူတဲ့ဗျာ။ ငွေလှူတဲ့ဒကာကလည်း ဘာပဲ ဖြစ်ဖြစ် နဝကမ္မကို လက်ခံထားလိုက်တာကိုပဲ သူ့မှာ ဝမ်းသာကျေနပ်မိပါသတဲ့၊ ဘယ်လောက်ကြည်ညို စရာ ကောင်းသလဲ။ အဲဒီခေတ်က ငွေတစ်ထောင် စဉ်းစားကြည့်၊ ဒီခေတ်နဲ့ဆိုရင် သိန်းတစ်ရာလောက် ရှိမှာပေါ့။ ဘယ်လောက် ကြည်ညိုစရာကောင်း သလဲ။ အဲဒါနဲ့ အနီးစခန်းဆရာတော်တို့ကလည်း ရှိနေတာနဲ့ ဆရာတော်ကြီးကို "အရှင်ဘုရားတဲ့၊ ဒကာကြီးကို ဆုလေးဘာလေး ပေးလိုက်ပါဦး

ဘုရား""လို့ လျှောက်တဲ့အခါ ဆရာတော်ကြီးက ""အေးကွာ ငါလည်း ဆုပေးမလို့ စဉ်းစားနေတာ၊ ဘယ်ဂါထာမှ မတိုးလို့""တဲ့။ ဒီလောက် စာတတ် ပေမယ့် ဒကာ ဒကာမတွေ ပေါရေး၊ ပြောရေး ဆက်ဆံနေကျ မဟုတ်တော့ ဂါထာမတိုးလို့တဲ့။ စာကို ဘယ်လောက်အရေးထားသလဲ။ တစ်နေကုန် စာချဆိုစာချနိုင်တယ်။ ပရိယတ္တိအကျော် ဆရာတော် ကြီးတွေ သိပ်ကြည်ညိုဖို့ ကောင်းပါတယ်။

လယ်တီဆရာတော်ကြီး စိန့်ပန်းအရပ်မှာ တရားလာဟောတော့ ရွှေရေးဆောင်ဆရာတော်ကြီး က သွားပြီး တရားနာပါတယ်။ ညဘက်မှာ သွားပြီး တရားနာတာကိုး၊ တရားပွဲက ပြန်လာတော့ ပြောပါ တယ်။ ""ငါ ညကလယ်တီဆရာတော်တရား သွားနာ ကြည့်တာ လယ်တီလယ်တီနဲ့ တော်သလောက်လည်း ကျော်ပါတယ်၊ ကျော်သလောက်လည်း တော်ပါ တယ်။ ""အဲသလို စကားလေးတစ်ခွန်း ပြောခဲ့ပါ တယ်။

တချို့က ကျော်ကြားနေတယ်၊ မတော်ဘူး၊ တချို့က တော်တယ်၊ မကျော်ရှာဘူးတဲ့။ လယ်တီဆရာတော်ကတော့ တော်သလောက်လည်း ကျော်တယ်၊ ကျော်သလောက်လည်း တော်တယ်တဲ့။

နောက် အကြောင်းအရာတစ်ခု ရှိသေးတယ်။ ဒါက အဘယာရာမဆရာတော်က ပြောတာပါ။ ငါ တရားဆုံးအောင် မနောက်နဲ့ပြန်လာခဲ့တယ်တဲ့။ ဘာဖြစ်လို့လဲ ဆရာတော်လို့တပည့်တွေက မေးတော့ ငါ့ရှေ့ကို နည်းနည်းတိုးပြီး တရားနာရင် ငါ သောတာပန်တည်တော့မှာတဲ့၊ ကြည့်စမ်း၊ လယ်တီ ဆရာတော်ရဲ့ တရားဟာ အဲသည်လောက်ကို ကောင်းတာပါ။ အဘယာရာမဆရာတော်က ငါက ဘုရားဆုကို တောင်းတာတဲ့၊ သောတာပန် မတည်ချင်ဘူးတဲ့။ တရားနာရင်းနဲ့ နောက်ကို ပြန်ဆုတ်သွားတယ်။

ရန်ကုန်မှာ အရှင်အာဒိစ္စဝံသ ဆရာတော်ဟာ စာတတ်ပေတတ်ပါပဲ။ တစ်နေ့ တချေနေရင်းနဲ့ ကိုယ်တော်တွေကိုပြန်တော့၊ပြန်တော့ဆိုပြီး ပြန်နိုင်းတယ်။

ဘာဖြစ်လို့လဲတဲ့၊ စာဆက်ပြီး ချနေရင် ငါ အရိယာ ဖြစ်တော့မယ်တဲ့။ ငါ ဒီနေ့ အရိယာ မဖြစ်ချင်သေး ဘူးတဲ့၊ မြန်ဦးကွာ ငါ စာမချတော့ဘူးတဲ့၊ ဒီဆရာ တော်က ဘုရားဆုကိုတောင်းတဲ့ပုဂ္ဂိုလ်တွေဖြစ်တယ်။ ဒီလို ရှေးက ဆရာတော်တွေရဲ့မှတ်တမ်း မှတ်ရာ လေးတွေ ရှိခဲ့ကြပါတယ်။

ပါဠိလိပ်မှတ်ကါမကိုပြောရင်နဲ့ အရှင်မောဂ္ဂလိပုတ္တ တိဿ မထေရ်ကြီး တင်ပြီး ရဟန်းခံတာကို တောက်ထား၍ နောက်နောင်မှာ ဒို့တွေဟာဥပဇ္ဈာယ် ဆရာ့အမည်ကို ဖော်ကာ၍ တိဿဟူ၍ မှည့်ပါ၏။ ညီတော် ရဟန်းငယ်များအတွက် ဗဟုသုတပါ။

လူသားနဲ့ဘာသာတရား

ပါဠိလိပ်မှတ်ကါမနဲ့ ပတ်သက်တဲ့ ထူးခြားမှုလေး တွေ ဘီစီ-၃၀၆မှာ တတိယသင်္ဂါယနာ တင်ပြီးသွား တဲ့ သုံးနှစ်အကြာမှာ ကိုးတိုင်းကိုးဌာန သာသနာပြု လွှတ်ပါတယ်။ အဲဒီထဲက အရှင်သောဏနဲ့ အရှင်

ဥက္ကာရမဟာဓော်ရိတို့သည် ဒို့ သုဝဏ္ဏဘူမိမှာ ရှိကြပါ တယ်။ သုဝဏ္ဏဘူမိဆိုတာ ဒို့မြန်မာနိုင်ငံလည်းပါ တယ်။ မလေးရှား ပါတယ်၊ ထိုင်းပါတယ်၊ အင်ဒို နီးရှား ပါတယ်၊ တည့်တည့်ပြောရရင် အရှေ့တောင် အာရှဆယ်နိုင်ငံထဲက ဘရူနိုင်း တစ်ခြမ်းရယ်၊ ဖိလစ်ပိုင်နိုင်ငံရယ် ဒီနှစ်ခုကလွဲ၍ ကျန်တဲ့ ရှစ်နိုင်ငံ ဟာ အဲဒီ ဘီစီ ၃၀၆-မှာ ထေရဝါဒသာသနာသည် မူလအတိုင်းရောက်ရှိလာခဲ့ပါတယ်။ဒီလိုဆိုရင် ဒို့တွေ ဟာ အစောကြီးကတည်းက ထေရဝါဒကိုရခဲ့ပြီ။

ဒါပေမယ့် ခေတ်ပညာတတ် ဆရာတော်များ၊ ခေတ် ပညာတတ် ညီငယ် ညီမငယ်များ စဉ်းစားဖို့ ကမ္ဘာကြီးက မြတ်စွာဘုရားရှင်ရဲ့ သာသနာ နှစ်ပေါ နေတာတွေ၊ ဘုရားရှင်ရဲ့ မွေးသက္ကရာဇ်တွေကို တဖြည်းဖြည်းနဲ့ နောက်ကို ဆုတ်လာအောင် ဖန်တီး ကြတယ်။

ဒီကနေ ဘီစီ-၄၄၈ ထိ ရောက်သွားပါတယ်။ ဆိုလိုသည်မှာ ဘီစီ-၆၂၃ မှ ဘုရားရှင်ကို မွေးဖွား

တယ်ဆိုတာကို အနောက်တိုင်းက ပညာရှင်တွေ အထူးအားဖြင့် တရုတ်ရယ်၊ ဂျပန်ရယ်က တစ်မျိုး လုပ်ကြတယ်။ အခု ထိုင်ဝမ်က ပညာရှင်တွေက တဖြည်းဖြည်းနဲ့ ဗုဒ္ဓကို နောက်ဆုတ်ပစ်နေတာ Our lord Buddha. He was born in 623 BC. အဲသည်လိုမဟုတ်တာပဲ။ ဘီစီ ၄၄၈ လို့ လုပ်နေတာ။ အဲဒီ ဘီစီ-၄၄၈ ကျမှ မြတ်စွာဘုရားရှင်ကို မွေးဖွား တယ်ဆိုရင် ဘီစီ-၅၄၃ မှ ထေရဝါဒ စတာသည် နောင်နှစ် ၁၀၀ နောက်ပြန်ဆုတ်ရတော့မယ်။ ဘီစီ-၄၄၈ မှာ မြတ်စွာဘုရားဘုရားရှင် မွေးတယ်ဆိုရင် သက်တော်(၈၀)ကို နှုတ်လိုက်။ ဘယ်လောက်ကျန် မလဲ၊ ၃၆၈-ကျန်မယ်၊ အဲဒီတော့ ၃၆၈-၃၆၇ ကျမှ ပထမသင်္ဂါယနာတင်မယ်၊ ပထမသင်္ဂါယနာ တင်ပြီး ရင် နောက်အနှစ်သုံးရာကြာပြီးတော့မှ တတိယ သင်္ဂါယနာတင်တယ်ဆိုရင် မြန်မာနိုင်ငံကို ထေရဝါဒ ရောက်တော့ ဘီစီ ၆၈-၆၅ ကျမှ ရောက်တယ်လို့ အဓိပ္ပါယ်ရောက်သွားပါတယ်။

တကယ်တော့ မြန်မာနိုင်ငံကို ဘီစီ-၃၀၆ မှာ ရောက်ပါတယ်။အခု ၂၀၁၀-ဖြစ်ခြင်းကြောင့် ၂၃၁၆ ဖြစ်သွားပါပြီ။ တိတိကျကျပဲနော်။ ဘယ်လောက် ရှိသွားပြီလဲ၊ ၂၃၁၆ နှစ် ရှိသွားပါပြီ။ အနောက်တိုင်း သားပညာရှင် တချို့ရယ်၊ စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ် တွေလည်း ရှိပါတယ်။

စိတ်ကောင်းမရှိတဲ့ ကမ္ဘာ့ပညာရှင် အမည်ခံတဲ့ ပညာရှင်တွေကတော့ဗုဒ္ဓကို ဘီစီ၃၉၀လောက်မှ ဘုရားရှင် ကို မွေးဖွားတယ်လို့ လုပ်ကြတယ်။

ဂျပန်က ဟာဒါကုတ ဆိုတဲ့လူက အဲဒါကို The date of Buddha or birth of Buddha ဗုဒ္ဓဘုရားရှင်ရဲ့ မွေးနေ့ဆိုတာလေးကို Internet ထဲ ရိုက်ထည့်လိုက်တယ်။ အင်တာနက်ထဲမှာ ဗုဒ္ဓရဲ့ မွေးဖွားခုနှစ်တွေ တန်းစီပြီးပြလိမ့်မယ်။ ပြတဲ့အခါ ကျရင် ထေရဝါဒကို မြတ်နိုးတဲ့ အသိုင်းအဝိုင်းက ရေးထားတာရယ်၊ထေရဝါဒကိုနှိပ်ကွပ်လိုတဲ့ အသိုင်း အဝိုင်းရယ်ဆိုပြီး ၂-ခု ဖြစ်လာတယ်။

ဒါတွေက ဘာဖြစ်လို့လဲဆိုတော့ ဘီစီ-၅၀၀နဲ့ ၄၀၀ ကြားမှာ အရစ္စတိုတယ်တို့၊ ဆိုခရေးတီးတို့ ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ အရှေ့ ပိုက်သာဂိုရတို့၊ ဂရိက အတွေး အခေါ်ပညာရှင်တွေ ပေါ်လာပါတယ်။

တရုတ်ပြည်မှာဆိုရင် လာအိုစူး(လောင်ရုး)တို့၊ ကွန်ဖြူးရှပ်တို့ ပေါ်လာပါတယ်။ ဗုဒ္ဓမြတ်စွာက သူတို့ထက် နှစ်(၁၀၀)တစ်ရာလောက် စောပါတယ်။ သူတို့က အဲဒီ အရစ္စတိုတယ်တို့၊ ပိုက်သာဂိုရတို့ နောက်က ဗုဒ္ဓလိုက်တယ်။ ဗုဒ္ဓက အဲဒါတွေထက် နောက်ကျတယ်။ ဒီလိုဖြစ်စေချင်တော့ ဗုဒ္ဓရဲ့ ခွေး သတ္တုရာဇ်တွေကို နောက်ဆုတ်လိုက်တာ၊ သာမန် ကြည့်ရင်တော့ ရိုးရိုးလေးလို့ ထင်ရပေမယ့် သမိုင်းရဲ့ တန်ဖိုးကိုကြည့်ရင် အဲဒီ အနောက်တိုင်းသား အချို့ရဲ့ အရှေ့တိုင်းသားအချို့ ပညာရှင်တို့ လုပ်လိုက်ခြင်း သည် ဗုဒ္ဓဘုရားရှင်ကို နောက်ဆုတ်ပေးလိုက်တာ ဖြစ်ပါတယ်။ ဒီလို နောက်ကို ဆုတ်ပေးလိုက်ရင် ဘုရားရှင်ရဲ့ ဒေသနာတော်များသည် အနောက်တိုင်း

အတွေးအခေါ်ကို တည်ဆောက်ခဲ့တဲ့ အရေး့ တိုတယ်၊ ဆိုခရေးတီး၊ ပိုက်သာဂိုရတို့ရဲ့ အတွေးအခေါ်က ယူတာ၊ ပြီးတော့ တရုတ်ပညာရှိ လာအိုဇူး(လောင်ဇူး) ဆီက ယူလိုက်တာလို့ ပြောချင်လို့ပါပဲ။

ဒါပေမယ့် သူတို့ထက် ဗုဒ္ဓက စောနေပါတယ်။ ကွန်ဖြူးရှပ်တို့နဲ့ လာအိုဇူးတို့က အနောက်ဘက်မှာ ဂေါတမ ပွင့်နေပြီလို့ ရေးခဲ့တဲ့ ဒီစာကြီးက တန်းလန်းကြီး ဖြစ်နေပါတယ်။

အဲဒါကြောင့်မို့လို့ ခင်ဗျားတို့ ကြည့်နေတဲ့ တရုတ် ဝတ္ထုကား၊ အဲဒီဝတ္ထုကားသည် အခုမှ မြန်မာတို့ ကြည့်တာပါ။ ဟားဗက်ယူနီဗာစီတီနဲ့ ရေးလ် ယူနီဗာစီတီမှာ လွှန်ခဲ့တဲ့ နှစ်ပေါင်း များစွာကတည်းက အဲဒီစာတ်ကား ပြုဖူးပါတယ်။ Journey to the west. နောက်ကျူမှုစွန်းဝတ္ထုတို့၊ ပါကျဲတို့ ပါလာတာ၊ ခပ်စောစောတုန်းကတော့ မြတ်စွာဘုရားရှင်ရဲ့ ဝိနည်းတွေမရှိလို့ သုတ္တန်နဲ့ အဘိဓမ္မာခေသနာ ရောက်လို့ အဲဒီဂိုဏ်းသဲကန္တာရကြီးကိုဖြတ်ပြီး စီထန်မ်

ဘုန်းကြီးက အိန္ဒိယနိုင်ငံမှာ ပိဋကတ်တွေကို သွား သယ်တာ။ အဲဒါက တကယ့်အဖြစ်မှန်။

နောက်ပိုင်းကျတော့ အဲဒါကို အနုပညာနဲ့ ပေါင်းစပ်ပြီး လုပ်လိုက်တာ၊ တရုတ်က သိတာ မဟုတ်ဘူး။ အဲဒါကိုဟားဗက်တက္ကသိုလ်မှာ ပြဋ္ဌာန်း ထားပါတယ်။ ပြီးတော့ ရေးလ်ယူနီဗာစတီမှာလည်း သင်တယ်။ အဲဒီမှာသွားတက်တဲ့သွားသင်တဲ့ တရုတ် တွေကပဲ ဒီဥစ္စာပဲ Journey to the west ပဲ၊ ဒါက တော်တော်ကောင်းတဲ့ စာတော်ကားပဲ၊ ဒီဟာကို နှစ်ပေါင်းငါးရာကျော်လောက်ကတည်းက တက္ကသိုလ် တွေမှာ ပြဇာတ်အနေနဲ့ ပြပြီးနေပါပြီ။ အဲဒီပြဇာတ် လေး သွားတွေ့တော့ ဒါကို ရုပ်ရှင်ရိုက်ချလိုက်တော့ ဇွန်းပွခုံးဆိုပြီးဖြစ်လာတယ်။ တစ်ကမ္ဘာလုံး ကျော် ကြားလာတယ်။

ဒါထေရဝါဒနဲ့ပတ်သက်တာလွှမ်းခဲ့တဲ့ နှစ်ပေါင်း ငါးရာကတည်းက နို့တွေမတီးခင် မခေါက်မီကတည်း က ဒီဥစ္စာက ကမ္ဘာပေါ်မှာ ပေါ်ပြူလာဖြစ်နေပြီ။

Journey to the west အဲဒါကို တရုတ်ပညာရှင်က ရေးလိုက်မှုနိုင်စာစတိကို သွားတက်လိုက်ပြီး ဒီစာတ် ကားကို ပြန်ရိုက်လိုက်တာ တစ်ကမ္ဘာလုံးမှာ ကျော် ကြားသွားတယ်၊ ကမ္ဘာ့အကောင်းဆုံး စာရင်းထဲ ဝင်သွားတယ်။

အဲဒီတော့ ထေရဝါဒက တရုတ်ကို ရောက်လာ တယ်။ ရောက်လာတဲ့အကြောင်းကလည်း အနောက် ကမ္ဘာမှာ သိဒ္ဓတ္ထ ဆိုတဲ့ အလွန်သိတဲ့ ပညာရှင် တစ်ယောက် ပေါ်ထွန်းနေတယ် ဆိုတဲ့ စကားကို တွေ့ပြီး၍ရောက်ခဲ့တာပါ။ ဒီလိုဆိုရင် ဗုဒ္ဓမှင့်တာကို အဲဒီ ကွန်ဖြူးရှပ်နဲ့ လာအိုဇူးတို့က ကောင်းကောင်း လက်ခံခဲ့ပါတယ်။ နောက်ပညာရှင်တွေက သူတို့ တရုတ် ပညာရှင်ကြီးထက် နောက်ကျအောင် ဗုဒ္ဓကို တဖြည်းဖြည်းနဲ့ နည်းနည်းလေး လေးဆယ်လောက် စောလိုက်တယ်။

သိဒ္ဓတ္ထကမြင်းစီးပြီးတောထွက်တယ်၊ လာအိုဇူး က ကျွဲစီးပြီး တောထွက်တယ်၊ ဒါမျိုးလုပ်ပစ်တာ၊ သူတို့က တောထွက်ပုံချင်းတောင်မှ ပြိုင်ထားတာ။

ဒီမှာ မဟာကာဂွိနမင်းကြီးက ဗုဒ္ဓရဲ့ဂုဏ်တော် တွေကိုမှားပြီး မြစ်ကိုဖြတ်တယ်။ ဟိုဘက်က ပီတာ ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ခရစ်တော်ရဲ့ ဂုဏ်တော်တွေကို မှားပြီး ရေကူးကန်ကို ဖြတ်တယ်။ အဲသည်လို အလားတူလေးတွေ ဖြစ်လာတယ်။ We are bor-row from Buddha ငါတို့တွေက ဗုဒ္ဓဘာသာ ထဲက ကူးထားပါတယ်ဆိုတာ ရှင်းပါတယ်။

ဥပမာ-နဲ့ ဗုဒ္ဓဖြတ်စွာဘုရားရှင်က ရာညရည္ဒသ ဒုက္ခ မရှေးယျ-လူအချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်ကြပါ။ Love each other လို့ ပြောပါတယ်။

ဒါကိုပဲ ဟိုဘက်(ဘိုင်ဗယ်လ်)က Love your neighbourကိုယ့်အိမ်နီးချင်းကို ချစ်ပါတဲ့။ သူတို့က အိမ်နီးချင်းတွေကိုပဲ ချစ်နိုင်းတာ၊ ဗုဒ္ဓကတော့ ဒီလို မဟုတ်ဘူး။ သတ္တဝါ အားလုံးကိုချစ်ပါ။ လူတိုင်း အချင်းချင်းချစ်ပါ။ လူအချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြပါ။ ဒီမြင်ပုဂ္ဂိုလ်ရဲ့ ဆင်းရဲ

ဒုက္ခကို အလိုမရှိပါနဲ့လို့ ပြောတယ်။ ဒီလိုလေးတွေ မတိမ်းမယိမ်းလေးပေါ့။

အဲဒီတော့ လုံးဝမယဉ်ကျေးတဲ့ပုဂ္ဂိုလ်က သူ… ဆိုပြီးတော့ လက်ညှိုးထိုးပါတယ်တဲ့။ ဒါ ဘီစီ-၄၀၀ မှ ပေါ်လာတဲ့စကားပါ။ Unculture person blame other people. ယဉ်ကျေးမှုမရှိတဲ့ ပုဂ္ဂိုလ်က လူတကာရဲ့ အပြစ်ကိုလိုက်ပြီး လက်ညှိုး ထိုးတယ်တဲ့။

A semi-culture person blame himself. တစ်ဝက်လောက်ယဉ်ကျေးလာရင် ခြော်…ငါကိုယ်က မကောင်းခဲ့တာပါလို့ ကိုယ့်ကိုယ်ကို အပြစ်တင် တယ်။

A fully culture person never blame. လုံးဝ ယဉ်ကျေးသွားရင်တော့ ဘယ်သူ့ကိုမှ အပြစ် မတင်တော့ဘူးတဲ့၊ ဒီစကားသည် ကွန်ဖြူးစီးယပ်စ် ပြောခဲ့တဲ့စကား ဖြစ်ပါတယ်။

သုဒဿံ ဝဇ္ဇ မညေသံ၊ အတ္တနော ပန ဒုဒ္ဒသံ-သူတစ်ပါးအပြစ်ကို မြင်လွယ်၊ မိမိအပြစ်ကို မြင်ခဲတယ်။ ဒီလို ဗုဒ္ဓရဲ့စကားတွေ ရှိတယ်။ နောက်ပြီး အာသဝေါကင်းကွာတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်သူနဲ့မှ မဆန့်ကျင်တော့ဘူး။ ဘယ်သူ့ကိုမှလည်း အပြစ်နဲ့ မရှုမြင်တော့ဘူး ဆိုတဲ့ ဗုဒ္ဓရဲ့စကားကို တိုက်ရိုက် ကူးချလိုက်တယ်၊ ဒါပေသိ၊ သူတို့ လုပ်လိုက်တဲ့ ကွန်ဖြူးစီးယပ်စ် စကားက ကမ္ဘာကို ကျော်သွားတယ်။ A fully culture person never blame. လုံးဝ ယဉ်ကျေးသွားရင်တော့ဘယ်သူ့မှ အပြစ်မတင်တော့ဘူးတဲ့။ တကယ် ကြည့်လိုက်တော့ ဗုဒ္ဓဆီက ယူသွားတာ။ ဒီလိုစသည် စသည်ဖြင့် အများကြီးပါ။

ဒါကြောင့်မို့လို့ ခုပြောခဲ့တဲ့ ခုနစ်လေးတွေကို ယောဂီတို့က မှတ်ထားပါ။ ပါဠိလိုမှတ်မှ တတိယ သင်္ဂါယနာကို ဘီစီ-၃၀၉ မှ တင်ပါတယ်။ သုံးနှစ် ကြာတော့ ဘီစီ-၃၀၆ ခုနစ်မှာ အရှေ့တောင်အာရှကို ထေရဝါဒရောက်ပါတယ်။

အဲဒီထဲက အရှင်သောဏနဲ့ အရှင်ဥတ္တရတို့သည် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ အင်ဒို နီးရှား၊ ဖော်မိုဆိုကျွန်း၊ ဟိုဘက် ဘရူးနိုင်းနိုင်ငံရဲ့တစ်ခြမ်း၊ ဖိလစ်ပိုင်ရယ် အဲဒီနှစ်နိုင်ငံ ကလွဲ၍ ကျန်တဲ့နိုင်ငံတစ်ဝက် ကိုးနိုင်ငံ မပြည့်တပြည့်ထိအောင် ဗုဒ္ဓရဲ့ဝေရာဝါဒ ကြီးစိုး လွှမ်းမိုးခဲ့ပါတယ်။

ဘယ်အချိန်ထိ လွှမ်းမိုးခဲ့တယ်ဆိုတာကို အတိအကျပြောရင် အေဒီ-၁၄ ထိအောင်ပါ။ ဘီစီ-၃၀၀ ကျော်ကနေ အေဒီ-၁၄ ထိအောင် ထေရဝါဒ လျှမ်းလျှမ်းတောက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ဘရူနိုင်းရှင်ဘုရင် စီးနေတဲ့ လေကြောင်း လိုင်းကို ဘဂဝန်အဲယားလိုင်း (BAGAWAN AIR LINE) လို့ ပါဠိဝေါဟာရလေးတွေ ကျန်နေသေးတယ်။

အင်ဒိုနီးရှားက အမျိုးသမီးတွေဟာ သူတို့လင်ယောကျ်ားကို ဆာမိ(သာမိ)လင်လို့ ခေါ်ကြတယ်။

ပါဠိလို သာမိဆိုတာ လင်ယောကျ်ားလို့ အဓိပ္ပါယ်ရ တယ်။

မလေးရှားလူမျိုးတွေက မိန်းမတွေကို ဝဏိတာ လို့ခေါ်တယ်။ ဝဏိတာ-မိန်းမလို့ခေါ်တာ၊ မလေးရှား လိုက်သွား ပြီးတော့ ဒကာ ဦးမောင်မောင်လှိုင် ဆိုတဲ့ လူက လိုက်ပို့ပါတယ်။ ဒကာ က အရှင်ဘုရား ကားမှာ လေမရှိတော့ဘူးတဲ့၊ အဲဒီမှာ ဆိုင်တစ်ဆိုင်ကို ကားလေဝင်ထိုးခိုင်းတယ်။ ဒကာက ဘုန်းကြီး ဒီကုလားကို သိလို့လားတဲ့။ ကဲရော ခင်ဗျားထိုးသာ ထိုးစမ်းပါ။ ကျွန်ုပ် တာဝန်ယူပါတယ်လို့၊ ဒါနဲ့ လေဝင်ထိုးရော၊ ဟိုက လေထိုးခပိုက်ဆံ မယူဘူး၊ ပိုက်ဆံပေးတာ မယူဘူးလေ၊ အဲဒါနဲ့ ဘုန်းကြီးက ပိုက်ဆံပေးစရာမလိုဘူးလို့ ပြောလိုက်တယ်၊ ဒကာက ဘုန်းကြီး ပိုင်လှချည်လားတဲ့၊ ခင်ဗျားဟိုမှာ မမြင်ဘူး လားလို့ DARNA AIR (ဒါန အဲ)တဲ့လေ၊ လေ အလကားပေးတယ်လို့ ရေးထားတယ်။ အင်္ဂလိပ်လို ရေးမထားဘူး၊ ဒါန(DARNA)လို့ ရေးထားတယ်။

အိမ်သာတွေကလည်း ယောကျ်ားအိမ်သာမှာ ပုရိသ၊ အမျိုးသမီး အိမ်သာမှာ ဝဏိကာ လို့ ရေးထားတယ်။ ဒီကနေ့ထိ မလေးရှားမှာ ပါဠိဝေါဟာရ တွေကို သုံးစွဲတုန်းပဲ ရှိသေးတယ်။

အင်ဒိုနီးရှားမှာ လူတွေ ခလုပ်တိုက်ရင် ဗုဓ (ဘုရား) လို့ တ,တာ၊ ဗုဒ္ဓပေါ့။ အင်ဒိုနီးရှားတွေ သည် ခလုတ်တိုက်လိုက်ရင် ဗုဓ ဗုဓ လို့ အာမေဋိတ် သံ ထွက်ကြတာဟာ ဒီကနေ့ ထိပါပဲ။ ဒါကြောင့် အဲဒီမှာ ပါဠိစကားသံတွေဟာ ကျန်သေးတယ်။ ထေရဝါဒ စခဲ့တာကို ပြောတာနော်။

ထိုင်းနိုင်ငံလည်း ထေရဝါဒကို ဒို့နဲ့အတူတူ ရခဲ့ပါတယ်။ ဒါကြောင့် ထိုင်းတို့ကလည်း သူတို့ ဗန်ကောက် လေဆိပ်ကြီးကို ဇမာတွေ မလုပ်ခင် သူတို့ International air port. Golden land သူများသုံးမှာစိုးလို့ ထိုင်းက ပေတာ။

ဒီကနေ့အချိန်ထိတော့ မြန်မာကလည်း သာတုံ သည် သုဝဏ္ဏဘူမိ၊ အင်ဒိုနီးရှားကလည်း သူတို့က

သုဝဏ္ဏဘူမိ၊ သူတို့စကားက UTOM (ဥတုံ) Uကို နိနဲ့ ပြောင်းပြီးတော့ U နဲ့ နိ နဲ့ ပြောင်းရိုးထုံးစံ ရှိတော့ နိတုံ-ဥတုံ စကားနှစ်လုံးသည် ရွှေလို့ အဓိပ္ပါယ်ရပါတယ်။

ထိုင်းနိုင်ငံမှာ ဥတုံအရပ်ဆိုတာ ခုထိရှိပါသေးတယ်။ ထိုင်းနိုင်ငံမှာ အကုန်လုံး ထေရဝါဒတွေ ရှိပါတယ်။ နဂရဲ ပထမ် နဂရဲ ဆိုတာ မြို့၊ ပထမ် ဆိုတာက အစဦးဆုံးဆိုတော့ထိုင်းနိုင်ငံမှာ ထေရဝါဒ အစဦးဆုံးတည်လို့ သူတို့ကို နဂရဲ ပထမ်လို့ ခေါ်တယ်။

ထိုင်းနိုင်ငံဟာ နဂရဲ ပထမ် ဖြစ်သွားရော၊ ထိုင်းတွေက သူတို့အစိုးရကို Goverment လို့ မခေါ်ဘူး။ ရဋ္ဌပံလို့ ခေါ်တယ်။ တကယ်တော့ ရဋ္ဌပံဟာ ရဋ္ဌ+ပါလ က လာတာဖြစ်တယ်။ ရဋ္ဌ-နိုင်ငံ၊ ပါလ-စောင့်ရှောက်တာ၊ တိုင်းပြည်ကို စောင့်ရှောက်သူလို့ အဓိပ္ပါယ်ရတယ်။ သူတို့ အစိုးရကို ရဋ္ဌပံလို့ သုံးပါတယ် ပါဠိသံနဲ့ပေါ့။

ပါဠိလိပ်ပုတ်က စခဲ့တဲ့ ဘေရာဝါဒ၊ ဒီနေ့ဒီအချိန်ထိ ကောင်းတုန်းပါပဲ၊ အဲဒီ ဘီစီ-၃၀၆ လွှမ်းခဲ့တဲ့ နှစ်ပေါင်း ၂၃၁၆ ခုနှစ်က ထိုင်းလည်း မြန်မာနှင့် အတူတူပါပဲ။ နောက်ကျမှ တစ်မျိုးတစ်မည်တွေ ပြောင်းပစ်တာ။

ထိုင်းတို့ကလည်း သူတို့မြေကို ဥတုံ-နိတုံ ရွှေကိုပြောတာနော်။ သူတို့ကလည်း သုဝဏ္ဏဘူမိတဲ့။ သထုံဆိုတာ ရွှေပဲ မြန်မာတို့ကလည်း ရွှေမြန်မာ၊ သထုံဟာ သုဝဏ္ဏဘူမိတဲ့။ မလေးရှားကလည်း Golden Land. သူတို့ကိုယ် သူတို့ ပြောနေကြတာ။

ရွှေရောင်လွှမ်းတဲ့မြေ

တကယ်တော့ ဘာအကြောင်းကြောင့်မှ ရွှေမြေလို့ခေါ်တာ မဟုတ်ပါဘူး။ ထိုစဉ်အခါက ဆရာတော် သံဃာတော်တွေက ကျောင်းကန်မှာလည်း အများကြီးပဲ၊ အောက်မြေပြင်မှာလည်း ရဟန်းတော်တွေ၊ သင်္ကန်းရောင်တွေက တပြောင်ပြောင်နဲ့

ရွှေရောင်လွှမ်းခဲ့သောကြောင့် Golden Land. လို့ ခေါ်တာပါ။ မှတ်ထားကြ။ Buddhism ထဲက ကျမ်းတွေအတိုင်း ပြောလိုက်တာပါ။ ရွှေရောင် တပြောင်ပြောင် သင်္ကန်းရောင် တပြောင်ပြောင် ဖြစ်ခြင်းကြောင့် မြန်မာ ထိုင်း မလေးရှား အင်ဒိုနီးရှား အဲဒီနိုင်ငံတွေမှာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေ လျှမ်းလျှမ်းတောက် ရှိနေပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ ဗုဒ္ဓဘာသာ ထေရဝါဒ ကျောင်းတွေ ၂၀၀၀(နှစ်ထောင်)လောက် ရှိပါတယ်။ ထေရဝါဒ ဘုန်းကြီး ၅-ပါးပဲ ရှိတယ်။ ကျောင်းက နှစ်ထောင်ကျော် လောက်ရှိတယ်။ ကျောင်းတွေက အများကြီး၊ ဘယ်သူမှ မနေတော့ဘူး။

ထိုင်းနိုင်ငံမှာလည်း ဒီလိုတွေဖြစ်ကုန်ပြီ။ ကျောင်းတွေ အများကြီး၊ ဘုန်းကြီးတွေ မနေနိုင် တော့ဘူး။

ဒါဖြင့် ကောင်းပြီသကော်တလေးတစ်ခု ပြောပြ မယ်။ တရားတော့ နည်းနည်းဝေးထွက်သွားပြီနော်။

ဆပ္ပဋမထေရ်ရဲ့အကြောင်းနဲ့စပ်လို့ပေါ့။ စာမှာတော့ အာယသ္မာ ဆပ္ပချောလို့ ရေးထားတယ်။ တကယ်တော့ ပုသိမ် နားက စပါးချောင်းရွာသားပေါ့။ ဒါပေမယ့် မြန်မာတွေက စပါး ချောင်းကို မရေးတတ်တော့ စပါးချောဆို ရေးလိုက်တာ၊ တကယ်တော့ ဒီအရှင်သည် ပုသိမ်နားက စပါးချောင်းရွာသားဇာတိပါ။အဲဒီ စပါးချောင်းကနေစပါးချော၊ အဲဒီကနေစပ္ပဋ၊ အဲဒီကမှ ဆပ္ပဋလို့ ဖြစ်သွားတာ။ အဲဒီရွာသားဆပ္ပဋ မထေရ်တို့ သီဟိုဠ်ကိုသွားပြီး စာသင်ကြတယ်။ မြန်မာနိုင်ငံက နိုင်ငံခြားကို ပညာသွားသင်တဲ့ မထေရ်တွေအထဲမှာ အစောဆုံး မထေရ်သည်ဆပ္ပဋမထေရ်ပါ။

အဲဒီ ဆပ္ပဋမထေရ် သီဟိုဠ်ကနေ ပညာတွေသင်ပြီး ပုဂံကို ပြန်ရောက်ပါတယ်။

ပုဂံမှာ ရှင်အရဟံနဲ့ အနော်ရထာတို့ကနေပြီး အုတ်မြစ်ချခဲ့တဲ့ ထေရဝါဒဗုဒ္ဓသာသနာမှာ ရှင်အရဟံရဲ့ အဆက်အနွယ် တွေ့သွားပြီးတော့၊ တစ်ကြိမ်

ပြန်ပြီး သီရိလင်္ကာကိုသွားပြီး ပညာတော်သင်ယူရ ပြန်တယ်။

ပုဂံသာသနာတော်ကြီး ပြန်လည်အင်အား ကောင်းအောင် ပြန်လည် ရှင်သန်လာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြန်မာ ရဟန်းတော် အရှင်ဆပ္ပဋ မထေရ် သီဟိုဠ်မှာ ပညာသွားသင် တာပါ။ အဲဒီက ပြန်လာတဲ့အခါ သီဟိုဠ်ဘုန်းကြီးတွေ ပါလာပါ တယ်။ တာမလိန္ဒတို့၊ ရာဟုလာတို့၊ အာနန္ဒာတို့ ပါလာကြတယ်။

ဒီအချိန်မှာ ပုဂံရဟန်းတော်တွေကလည်း သူတို့ ၏ ထေရဝါဒဗုဒ္ဓသာသနာတော်ကို ပြန့်ပွားအောင် ပြုပြီးအားထုတ်ကြမယ်လုပ်ကြမယ်ဆိုပြီး သာသနာ တော်ကြီးကို အသက်သွင်းနေတဲ့အချိန် ဖြစ်ပါတယ်။ ဒီအချိန်မှာ အရှင်ဆပ္ပဋမထေရ်နှင့်အတူ ပါလာကြတဲ့ မထေရ်တွေအားလုံးကို ဘုရင်က နိုင်ငံခြားကပြန်လာ တဲ့မထေရ်တွေဆိုပြီး ကချေသည်လေးတွေနဲ့ကျူကျူနှန ကြိုဆိုဧည့်ခံပါတယ်။

ရှင်ရာဟုလာနဲ့ မုဂ်သာသနာ

အဲဒီမှာ မုဂ်က အိုးပြည့်ရာဆိုတဲ့ ကချေသည်မ လေးဟာ အကမှာ အတော်ဆုံးပဲ၊ သူမလေးက ချောလည်းချောပုံရတယ်၊ ဒီ အိုးပြည့်ရာ ကချေသည် မလေးကို သီဟိုဠ်ရဟန်းတော် ရှင်ရာဟုလာက မြင်မြင်ချင်းပဲ တွယ်တာသွားခဲ့တယ်။ သူတို့ရဲ့ ရှေး ရေစက်လို့ပဲ ပြောရမှာပေါ့။

တခေမှာ **"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊** ဝေဒနာ ပစ္စယာ တဏှာ။ စက္ခု ပသာဒ(အမြင်အကြည်ဓာတ်) ရယ် အဆင်းရူပါရုံ ရယ် ဆုံတဲ့အခါ မြင်သိစိတ် စက္ခုဝိညာဉ်ဖြစ် တယ်။ အဲဒီ ၃-ခုပေါင်းဆုံတဲ့အခါ တွေ့ထိမှုသဘော ဖဿ ဖြစ်တယ်။ တွေ့ထိတဲ့သဘော ဖဿဖြစ်ခြင်းကြောင့် ခံစားမှုသဘောဝေဒနာဖြစ်လာတယ်။ ခံစားမှုဝေဒနာ ဖြစ်ခြင်းကြောင့် လိုချင်မှု လောဘတဏှာ ဖြစ်လာ တယ်။ ဒါကူမြေ့ကို မစောင့်စည်းတာက စ ,ဖြစ်တာ။

ရှင်ရာဟုလာသည် ကချေသည်လေးအိုးပြည့်ရာကိုတွေ့ပြီး နှစ်သက်စွဲလမ်းသွားတယ်။ ပဋိစ္စသမုပ္ပါဒ်လည်းပြီးရော၊ အဲဒါနဲ့ ရှင်ရာဟုလာဟာ အဲဒီအိုးပြည့်ရာလေး နေတဲ့နေရာကို မေးပြီးတော့ သွားလည်တယ်။ အိုးပြည့်ရာကလည်း ဘုရင့်ရဲ့ ထေရဝါဒ ဆရာတော်၊ သာသနာ့ အာစာရနည်းဆရာတော်တွေ ဆိုတော့ ကောင်းကောင်းမွန်မွန် ဧည့်ခံတာပေါ့။ တစ်ရက်၊ နှစ်ရက်၊ သုံးရက် စသည်ဖြင့် လာပါများလာတော့ အိုးပြည့်ရာ လေးကလည်း သံယောဇဉ် တွယ်သွားတယ်။

အိုးချင်းနီးတော့ အိုးချင်းထိ ဆိုသလိုပေါ့။ သူတို့နှစ်ဦးဟာ တော်တော်လေးသံယောဇဉ်ဖြစ်သွားကြတယ်။ ဘဝအခြေအနေက မတူဘူး၊ ဘဝက ခြားနေတယ်။

အဲဒီတော့ သူတို့နှစ်ယောက် အဲလည်လို ဖြစ်နေတာကို မြင်တွေ့ရတဲ့ လူတွေက မှစ် မှစ် ပြောလာကြတယ်။ ပုဂံပြည်မှာ ဘုန်းကြီးတွေကလည်း နည်းနေ

တဲ့အချိန်ဆိုတော့ စကားတွေက များလာကြတာပေါ့။ ကောလာဟာလတွေ ဖြစ်လာကြတယ်။

တစ်နေ့တော့ ရှင်ရာဟုလာ ဟာ ဒိုဗြည့်ရာ အိမ်ကနေ ကျောင်းကိုပြန်လာတာ၊ ကျောင်းပေါ်မှာ ရဟန်းတွေက စည်းဝေးနေကြတယ်။ ဘယ်လိုလဲတဲ့၊ ဒို့က ထေရဝါဒ သာသနာတော်ကြီးကို ခုမှ တည်ဆောက်မလို့မှုက်ခေတ်ကိုပြန်ရောက်အောင် ထေရဝါဒ သာသနာတော်ကြီးကို စ, အသက်သွင်းမယ့်အချိန်မှာ ဒို့သူရဲကောင်း လေးဦးထဲက ရှင်ရာဟုလာ တစ်ပါးကတော့ တိုက်ပွဲကျတော့မှာ၊ တိုက်ပွဲမှ မစရသေးဘူး၊ ဒို့ရှုံးတော့မှာလား၊ ဒီလိုဆိုရင် မုက်ပြည်သူပြည်သားတွေ ဒို့အပေါ်မှာ ကြည်ညိုပါဦးမလား၊ သူတို့အနေနဲ့ ပုတုစဉ် သဘာဝ မပျော်ရင် သူတို့ဟာ သူတို့ သဘောအတိုင်း နေထိုင်ခွင့်ရှိပါတယ်။ ဒို့ဘာလုပ်ကြမလဲ၊ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ အချစ်ရေး အချစ်ရာနဲ့ပြောရင် မနှောင့်ယှက်သင့်ပေမယ့် သူက ဘုန်းကြီးတစ်ပါးဖြစ်နေတယ်။ ဒိုဗြည့်ရာ

ကာလည်း ကာခြေသည် ဖြစ်နေတယ်။ လူထွက်ပြီး ယူရင် ယူကောင်းပါတယ်။ သို့သော် ဒါ သာမန်ကိစ္စ မဟုတ်ဘူး။ သာသနာတော်ကြီး အရှိန်အဝါ ရလာတဲ့ အခါကျမှ ယူကြပါစေ၊ ကြိုက်ကြပါစေ၊ အခုမှ သာသနာတော်ကြီး မြန့်တည်ရမယ့်အချိန်မှာ··· ဆိုပြီး··· ပြောဆိုနေကြတယ်။

ကျောင်းပေါ်မှာ စည်းဝေးသံတွေကို ကျောင်း အောက် ရောက်နေတဲ့ ရှင်ရာဟုလာမထေရ်က အားလုံးကို ကြားသိနေရတယ်။ အဲဒါနဲ့ ရှင်ရာဟုလာ ဟာ အဲဒီမှာတင် သူ့ရဲ့နှလုံးသားတွေကို သာသနာ အတွက်ဆိုပြီး တစ်ခါတည်း သင်္ဂြိုဟ်ပစ်လိုက်တယ်။ အိုပြည့်ရာလေးကိုချစ်ပေမယ့် ထေရဝါဒဗုဒ္ဓသာသနာ တော် ငါ့ကြောင့် မညှိုးမမှိန်ပါစေနဲ့ဆိုတဲ့ ဆုံးဖြတ် ချက်နဲ့ သူတို့ရဲ့ စာတ်လမ်းကို ဒီမှာတင် ပြည်ဖုံးကား ချလိုက်ပါတယ်။

ဒါ··· ထေရဝါဒ ရဟန်းတော်ရဲ့ သာသနာ့ သစ္စာပဲ။

သနားစရာ ကောင်းတယ်နော်။ သာသာနေ့ ဝန်ထမ်း ရဟန်းတော်တစ်ပါးနဲ့ ကခြေသည်မလေး တစ်ဦးရဲ့ဇာတ်လမ်း ရုပ်ရှင်ရိုက်ရင် ကိုရီးယားဇာတ်ကားထက်တောင် ကောင်းမယ်ဗျာ။

ဒီတော့ ရှေ့ကတည်းက ဒီလို အဖြစ်အပျက်လေးတွေ ရှိခဲ့တယ်နော်။ ခင်ဗျားတို့ ကြားဖူးနေကျပဲလေ၊ ဘာတဲ့လဲ၊ "မျိုးလေးတို့ အိမ်ဦး ဆယ်သွားဖူးတဲ့ တစ်ရုံနှစ်ရုံ၊ ကျေးတွေကအုံ၊ မအုံပါနဲ့ ကိုရွှေကျေးရယ် မျိုးတို့မောင် ရှင်လိုင်ပြန်တော့ နားယန်ဖို့ပါတော်ရေ တော်ရေ"တဲ့။

ဆယ်သွားဖူးတွေ ဘေးမှာ ရှိနေတယ်။ မအုံပါနဲ့တဲ့ သူ့ရဲ့ကောင်ကလေး ရှင်လိုင်ပြန်တော့မယ်တဲ့။ ရှင်လိုင်ပြန်တယ်ဆိုတာ လူထွက်တာပြောတာ၊ သူ့ရဲ့ချစ်သူလေး မျိုးတို့မောင် လူထွက်ရင် နားလေးမှာယန်ဖို့ပါတဲ့။

နားယန်တာတို့၊ ဘာတို့ဆိုတာ ဟို ပုဂံခေတ်ကတည်းက ရှိခဲ့တာ၊ အခုမှ ခေတ်မှီတယ်ဆိုပြီး လုပ်နေကြတယ်။ ဒါက ပုဂံခေတ်က ဒီဇိုင်းတွေ။

အဲဒီတော့ ရှင်ရာဟုလာသည် အစည်းအဝေး ပြုလုပ်နေတဲ့ ကျောင်းဆောင်ကို တက်သွားပြီး ဆရာတော် သံဃာတော်တွေကို ဒီလို လျှောက်ထားလိုက်တယ်။

“အရှင်ဘုရားတို့ဘုရား…။ တပည့်တော် ကိုယ်တပည့်တော် သိပါတယ်ဘုရား၊ အရှင်ဘုရားတို့ အနေနဲ့ ဘာမှမဆုံးဖြတ်ပါနဲ့ဘုရား၊ ပုဂံမှာ စမယ့် ထေရဝါဒ သာသနာတော်ကြီးအတွက် တပည့်တော် ရဲ့နှလုံးသားကို သကြိုးပုက်လိုက်ပါပြီ ဘုရား၊ တပည့် တော်အတွက်နဲ့ ပုဂံသာသနာ ဘာမှမဖြစ်စေရပါ ဘုရား” ဆိုပြီး လျှောက်လိုက်တယ်။

ဒီနေရာမှာ ရှင်ရာဟုလာက ဘုရင် တိုးကွယ် တဲ့ ဘုန်းကြီး၊ အိပ်ပြည့်ရာလေးက ကချေသည်မလေး၊ သူတို့သည် ပုထုဇဉ် လူသားစစ်စစ် သံယောဇဉ်ဖြစ်ကြ သည်မှာ မှန်ပေသည်။ သာသနာတော်အမြင်နှင့် ကြည့်လျှင် တစ်မျိုးဖြစ်နေပေသည်။ လောကီ နှလုံးသားရေးရာနှင့်ကြည့်လျှင် အပြစ်မဆိုသာပေ။

သို့သော် သာသနာ့ဝန်ထမ်းနှင့် လူဖြစ်နေကြသည်။ နောက်ဆုံးတွင် ရှင်ရာဟုလာက အိုပြည့်ရာ ကခြေသည်မလေးကို သဘောပေါက် နားလည် ခွင့်လွှတ်နိုင်သည်အထိ ပြောပြကာ သိဟိုဠ်သို့ ပြန်တော့မယ်ဆဲဆဲ လောကနဲ့မှာ ဆိပ်ကမ်းကနေ ပုဂံပြည်ကြီးကို နှုတ်ဆက်ရင်း "အိုပြည့်ရာလေးကို ကျွန်ရစ်ခဲ့တော့ အိုပြည့်ရာ" လို့ပဲ သူ့ရဲ့ရင်ထဲက တီးတိုးဆိုလေမလား၊ နှမ လက်ချော်နေလေတော့ လို့ပဲ ရေရွတ်လေမလား မသိဘူးပေါ့။ ရှင်ရာဟုလာနဲ့ အိုပြည့်ရာလေးတို့ရဲ့ ဇာတ်သည် ဤမှာတွင် ပြီးဆုံးခဲ့လေသည်။ ဒီဇာတ်လမ်းလေးကို "လောကနဲ့မှာ ဆိပ်ကမ်းက လွမ်းပုံပြင်" ဆိုပြီး ပေါ့ဖို့ အစီအစဉ် ရှိပါတယ်။

အဲဒီအခါလည်းကျရော ဆရာတော် ရာဟုလာ ပြန်သွားတော့ မလေးကျွန်း၊ မာလာယုကျွန်းကို ရောက်ပါတယ်။ မာလာယုကျွန်းကို ရောက်တဲ့အခါ ပုဂံက ဘုန်းကြီးတစ်ပါး လာတယ် ကြွတယ်ဟော့

ဆိုပြီးတော့ ရှင်ဘုရင်နဲ့ တိုင်းသားပြည်သူတွေ ဝိုင်းပြီး ကြည်ညိုကြတယ်။ ဆရာတော်က အဲဒီမှာ ခုဒ္ဒသိက္ခာနဲ့ မူလသိက္ခာ အဲဒီ ၂-ကျမ်းကို သိချင် သင်ချင်တဲ့ ပုဂ္ဂိုလ်တွေကို သင်ပေးတယ်။ ဝိနည်းလေးစောင်ထဲက ခုဒ္ဒသိက္ခာနဲ့ မူလသိက္ခာ ဝိနည်းကျမ်းလေးကို သင်ပါရစေဆိုပြီး သင်ကြတယ်။ အဲဒီက ပုဂ္ဂိုလ်တွေက သင်ပေးတဲ့ ဆရာတော်ကို ပစ္စည်းများတွေ သပိတ်ထဲ ထည့်လှူလိုက်တာရော၊ ဆရာတော်က ပစ္စည်းများတွေကို ရောင်းပြီး မလေး ့မ ့လေးနဲ့ လှူလွှတ်သွား ရော၊ ထေရဝါဒဘုန်းကြီးတစ်ပါး မလေးမှာ လှူလွှတ်သွားတယ်၊ ဒါ အရှေ့တောင်အာရှရဲ့ မှတ်တမ်းမှာ တွေ့ရပါတယ်။

သံချင်နိုင်ကာ

နောက်ပြီး ကျွန်မဟင်းကြီးရဲ့ ဘုရင့်သမီးက ကိုယ်တော်တွေကို စာချပေးရတယ်။ ဘုရင့်သမီးရဲ့ အသံဟာ သာယာတယ်။ ကိုယ်တော်တွေ မမြင်ရ

ဒေဝင် ကန့်လန့်ကာ ကာပြီး စာချနေတာ။ အဲဒါနဲ့ ကိုယ်တော်တစ်ပါးက အဲဒီ ဘုရင့်သမီးလှတာကို ကြည့်ချင်တာနဲ့ “ဟီ စာလေ ယော ယော ယုံ” ဆိုပြီး စာဆိုတယ်။ ဒီစာက ပါဠိမှာ မပါဘူး။ ဘုရင့်သမီးက စာကိုဖတ်လေလို့ ဆိုတော့ ကိုယ်တော်က အဲဒီစာကို **ဟီ**-တံ ငါတို့သည်၊ **စာလေနှ**-ပိုက်ကွန်ဖြင့်၊ ငါတို့ကိုမြင်သော်၊**ယောယော**- ယုန်ပစ်ကြလေကုန်၏” ဆိုပြီး အနက်ပြန်ဆိုလိုက်တာပေါ့။ ဘုရင့်သမီးက ကိုယ်တော်ကို ထွက်ကြည့်တော့ စွဲလမ်းပြီးနောက်နေ တွေမှာ စာမတက်တော့ဘူး။

မင်းသမီးက ဒီ စာမတက်တဲ့ အကြောင်းကို သိတော့ သူ့ခမည်းတော် ဘုရင်ကြီးကို သွားပြောပါတယ်။ ဘုရင်ကြီးက ဒီ ကိုယ်တော်ကို ပင့်ပြီးတော့ အကျိုးအကြောင်းမေးမြန်း ကြည့်တဲ့အခါ ဘုရင့်သမီးတော်ကို စွဲလမ်းကြောင်း ဝန်ခံတယ်။ ဒါနဲ့ ဘုရင်ကြီးက ဒီလိုဆိုရင် ကျမ်းတစ်စောင် ရေးပါတဲ့။ ကျမ်းတစ်စောင် ရေးနိုင်ရင် သူ့ ပေးစားမယ်ဆိုတဲ့

သဘောပေါ့။ ဒါနဲ့ ဒီကိုယ်တော်ဟာ နိသသယရဲ့အဖွင့် သံဗျင်ဋီကာတစ်ကျမ်း ရေးလိုက်ပါတယ်။ ဘုရင်ကြီးရဲ့သမီး သဗျင်မင်းသမီးကိုချစ်လို့ သူက သံဗျင်ဋီကာဆိုပြီး အမည်ပေးပြီး ရေးလိုက်တယ်။ အဲဒီတော့မှ သံဗျင်ဋီကာဆိုတာ ပေါ်လာတယ်။

### သူ့ခေတ်နဲ့သူဖြစ်လာမယ်

ရှင်ရေဟုလာဟာ မာလာယုကျွန်း(မလေးရှား) ကို ရောက်သွားတဲ့အခါမှာ မလေးရှားဘုရင်က ကြည်ညိုလွန်းလို့ ဝိနည်းထဲက ခုဒ္ဒသိက္ခာကို ရှာတယ်။ ဘုန်းကြီးက ပေးတယ်၊ ပတ္တမြားတွေကို သပိတ်ထဲထည့်လှူလိုက်တယ်။လှူထွက်ပြီး ပတ္တမြားတွေ ရောင်းပြီးတော့ မလေး‚မနဲ့ အိမ်ထောင်ကျတယ်။

ဒါကြောင့် ဒီကနေ့ကိုရင်လေးတွေ၊ ဆရာလေးတွေ ဝိနည်းကိုသင်နေကြတယ်နော်။ အဲဒီ ဝိနည်းဟာ ပတ္တမြားတစ်သပိတ်တန်တဲ့ ဝိနည်းပဲ။ ဆရာလေးတို့

ကိုရင်တို့ မိမိတို့ သင်နေတဲ့ ဝိနည်းကို လျှော့မတွက်ပါနဲ့။ နောင်တစ်ချိန်ကျရင် အဲဒီ ဝိနည်းသိက္ခာတွေကို သင်ပေးပါ၊ ရှုတ်ပြပါ၊ စိန်တစ်ဆင် ဆာပေးပါ့မယ် ဆိုတဲ့ခေတ်ကို မရောက်ပါဘူးလို့ မပြောနိုင်ဘူး။

**အနိစ္စဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော၊**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

အဲဒီဂါထာလေးကို ပြောပြပါ။ စိန်တစ်ဆင်ဆာ ပေးပါ့မယ်ဘုရား ဆိုတဲ့ခေတ် ရောက်လာဦးမှာ။ ခေတ်ဆိုတာ ဒီလိုပဲ။

သီချင်းလေး တစ်ပုဒ်ကို သိန်းပေါင်းများစွာ ပေးပြီး ကူးနေရတဲ့အချိန်မှာ တရားတစ်ပုဒ်ကို သိန်းပေါင်းများစွာပေးပြီး နာရတဲ့ခေတ် ရောက်ဦးမှာ။

ဘီစီ-၃၀၆မှာ ထေရဝါဒသာသနာ ဒို့မြန်မာနိုင်ငံကိုရောက်ပါတယ်။ ဒါကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာ ဒို့နိုင်ငံရောက်တော့ ၂၃၁၆-နှစ် တိတိရှိလာပါပြီ။ ၂၅၅၃-ခုနှစ်ကတစ်ကမ္ဘာလုံးရဲ့ သာသနာတော်သက်တမ်း ဖြစ်ပါတယ်။

ပါဋ္ဌလိပုတ်ပြည်

**တေန ခေါ ပန သမယေန သုနိဓ ဝဿကာရာ မဂဓမဟာမတ္တာ ပါဋ္ဌလိဂါမေ နဂရံ မာပေန္တိ ဝဇ္ဇီနံ ပဋိဗာဟာယ။**

ပါဋ္ဌလိပုတ်မြို့သစ် နန်းသစ်တည်ပြီး သုနိဓ ပုဏ္ဏားနဲ့ ဝဿကာရပုဏ္ဏားတွေ ဦးဆောင်ပြီး ပါဋ္ဌလိပုတ်ကို တည်ကြပါတယ်။ အဲဒီကို မြတ်စွာဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ ကြွလာကြတယ်။ ဘုရားရှင်ကြွလာတဲ့ဆိပ်ကမ်းကို ဂေါတမဆိပ်ကမ်း၊ ဘုရားရှင်ထွက်သွားတဲ့ တံခါးကို ဂေါတမတံခါး၊ ဒီလိုခေါ်ကြတယ်။ ဒါပေမယ့် အဲဒီ ပုဏ္ဏားကြီးတွေက ဘုရားရှင်ကိုမကြည်ညိုဘူး၊ သို့သော်လည်း ဘုရားရှင် ကြွလာပြီကွာတဲ့၊ ဘုရားရှင်က ဘုန်းတန်ခိုး အာနုဘော်ရှိတယ်ကွာတဲ့၊ သီလရှိတဲ့ ဓလေ့ရှိမြတ်တွေပါလာရင် နောက်မှာလည်း နတ်ကောင်း နတ်မြတ်တွေ ပါလာမယ်တဲ့။ အဲဒီတော့ ပညာရှိပုဂ္ဂိုလ်တစ်ဦး မြင့်မြတ်တဲ့ပုဂ္ဂိုလ်တစ်ဦး ဒီနေရာကို ရောက်လာ လိုက်ပြီဆိုရင်

ဒီနေရာဟာ အမြဲတမ်း အသက်ရှင်နေတယ်။ အမြဲ ကျက်သရေရှိနေတယ်။ ဒီသဘောနဲ့ မြတ်စွာဘုရား ကို ဒီပုဂ္ဂိုလ်ကြီးတွေက ပင့်ဖိတ်ပြီး လုပ်ကျွေးပူဇော် ကြတာ ဖြစ်တယ်။ အဲဒီနေရာဒေသဟာ ညှိုးမှိန် မသွားဘူး၊ သေမသွားဘူး။

မုံရွာလယ်တီဆရာတော်

မုံရွာမြို့မှာ လယ်တီဆရာတော်ဘုရားကြီး၊ ဒီနေ့ထိ ကမ္ဘာမှာ နံပါတ်(၁)ပဲ၊ မြန်မာနိုင်ငံရဲ့ ဘာသာရေးသမိုင်းကို ပြောတိုင်း ပြောတိုင်း ကမ္ဘာ အင်တာနက်မှာ လယ်တီဆရာ တော်ဘုရားကြီးက အမြဲပါပါတယ်။ဘယ်ဆရာတော် ဘယ်လောက်နာမည် ကြီးကြီး လယ်တီဆရာတော်ကြီးကို မကျော်သွားဘူး။ ကမ္ဘာမှာ ပြောတာနော်။ မင်းကွန်းဆရာတော် ဘုရားကြီး၊ လယ်တီဆရာတော်ကြီးကို မကျော်ဘူး။

မုံရွာမြို့ရဲ့ လယ်တီဆရာတော်တစ်ပါး ပေါ်လာ လိုက်တာဟာ ကမ္ဘာရဲ့တာမှာ အောက်မေ့ဖို့ ပုဂ္ဂိုလ်တော်

မျိုးပေါ့။ မြင်သာ ထင်သာပါတယ်။ တစ္ဆသိုလ် တော်တော် များများမှာ လယ်တီဆရာတော်ကြီးဟာ အပေါ်မှာပဲ ရှိပါတယ်။ ဘယ်ဘုန်းကြီးတွေ ဘာတွေ ဖြစ်ဖြစ် ကမ္ဘာက လယ်တီဆရာတော် ဆိုတာကို သိသလားက စမေးတာ။

မုံရွာနဲ့လယ်တီ၊ လယ်တီနဲ့မုံရွာ(ကမ္ဘာက) မုံရွာဆိုတာကို တအားစိတ်ဝင်စားတာ၊ အင်္ဂလန်မှာ လည်းထိုနည်းလည်းကောင်းပါပဲ။လယ်တီဆရာတော် ရဲ့ စာပေတွေကို အခုချိန်ထိ ဘိက္ခုဗောသဆိုတဲ့ ဘုန်းကြီးတစ်ပါးက လယ်တီရဲ့ ကျမ်းတွေကို ဘာသာပြန်နေတယ်။

ဥပမာ- ငါးအာရုံ ဘင်ရုနဲ့၊ ခင်မှူးနဲ့ရေ့ကုန်၊ နှင်ယာခု မေ့ပုံတွေကို-ဒါမျိုးလေးတွေကိုပေါ့။ မြန်မာ လိုလေးကို သူ့ကိုပြောပြ၊ သူက အင်္ဂလိပ်လို ဘာသာ ပြန်၊ ကိုယ်တို့က အင်္ဂလိပ်စာ သူ့လောက်မတတ်ဘူး၊ သူက အင်္ဂလိပ်အစစ် ဆိုတော့ ချက်ချင်း ဘာသာပြန် ပြီးသွားပြီ၊ သူက လယ်တီဆရာတော်ရဲ့စာတွေကို

သိပ်ကြည်ညိုတာ။ မုံရွာကနေ လယ်တီဆရာတော် ဆိုပြီး ပညာရှိတစ်ဦးပေါ်ပေါက်လိုက်တာ သိပ်တန်ဖိုး ကြီးတာပဲ၊ မုံရွာနဲ့ ဗောဓိတစ်ထောင်၊ စစ်ကိုင်းတိုင်း၊ မုံရွာနယ်ဘက်က ပညာတတ်တွေ အများကြီး ပေါ်တာ။

ဘုန်းကြီးတို့က နိုင်ငံခြားမှာ ပြောပြပါတယ်။ ဒို့ဆီမှာ လယ်တီဆရာတော်ဘုရားလို ပညာတတ်တွေ အများကြီးပေါ်ပါတယ်။ ဒါပေမယ့် တချို့က မပေါ်လွင် ကြဘူး။ မင်းတို့ သူတို့နဲ့တွေ့ချင်၊ ဆွေးနွေးချင်ရင် မြန်မာနိုင်ငံကို သွားလို့ရပါတယ်လို့ ပြောခဲ့ပါတယ်။

လန်ဒန်မှာ ဗစ်တိုးရီးယားစတေရှင် ဆိုတာ ရှိပါတယ်၊ အဲဒီမှာ ရထားတွေ အကုန်ဆုံတယ်။ အဲဒီမှာ တစ်ကမ္ဘာလုံးကို သွားရမယ့် မြေပုံရှိတယ်။ အဲဒီမြေပုံထဲမှာ မြန်မာနိုင်ငံကိုရေးထားတယ်။ အဲဒီမှာ မုံရွာပါတယ်။ မန္တလေးပါတယ်။ ဖိုလ်ဝင်တောင်ပါ တယ်။ တချို့လည်း မြန်မာနိုင်ငံကို သတင်းမှားတွေ ကြောင့် မလာရဲကြဘူး။

ဒါကြောင့် သတင်းမှန်တွေကို ကမ္ဘာ့အင်တာနက်မှာတင်ဖို့ လိုပါတယ်။

တကယ်ပဲထေရဝါဒသာသနာဟာ မြန်မာနိုင်ငံမှာ အလွန်ကောင်းမွန်ပါတယ်။ လန်ဒန်မှာ New Buddhismဆို ထွက်လာပါပြီ။ အခု America Buddhism တဲ့၊ အမေရိကန်ရဲ့ Live style နဲ့ မြန်မာနိုင်ငံက ကောင်းတဲ့အရာတွေကို ထည့်ပြီး ရေးထားတာတွေကိုတွေ့ရတယ်။ ဒီစာအုပ်ကို ဝယ်ခဲ့ပါတယ်၊ စာရေးသူက ဒေါက်တာနက်ချ်ပိ ဆိုပြီး ရေးထားပါတယ်။

ကြည့်လိုက်တော့မှ ဟာ ဒါက မဟာစည်ဆရာတော်ကြီးရဲ့ တရား၊ ဒါ ဝေဘူ ဆရာတော်ဘုရားကြီးရဲ့တရား၊ ဒါ ချမ်းမြေ့ ဆရာတော်ဘုရားကြီးရဲ့ တရား၊ ဒါ လယ်တီဆရာတော်ဘုရားကြီးရဲ့တရားပဲ၊ အဲဒီလိုကောင်းနိုးရာရာတရားတွေကို ကူးပြီး သူတို့က New Buddhism တဲ့။

ခုနပြောသလို အင်တာနက်တွေ ယိုင်သွားတဲ့ အခါမှာ ခင်ဗျားတို့သိတဲ့ စီလီကွန်းတောင်ဖျားမှာ အဲဒီမှာရှိတဲ့ လူတွေအကျန်လုံး ဗုဒ္ဓဘာသာဌာန နှစ်ခု သုံးဆယ်ဌာနရှိတယ်။ အဲဒီထဲမှာ ထေရဝါဒစစ်စစ် က (၃)ဌာနပဲရှိတယ်။ ကျန်တဲ့ဌာနတွေက နိုင်ငံခြား ချည်းပဲ။ ၂၃၀ လောက်ရှိတဲ့ အဲဒီ စီလီကွန် (Bill) (Bill)လေးမှာ ကွန်ပျူတာပညာရှင်တွေ၊ ဟောလီး ဝုဒ် ဒီလိုနေရာမျိုးတွေကို ဝင်လိုက်တာ၊ ၂၃၃-ဌာန ကBuddhism ဌာန။အဲဒီ ၂၃၃ဌာနထဲက ၃-ဌာန ပဲ ထေရဝါဒစစ်စစ် ရှိတယ်။

အခုဆိုရင်တစ်ကမ္ဘာလုံးမှာ Meditation and yoga. အဲဒါပဲ။ Yoga သည် Meditation မဟုတ် ပါဘူးလို့ ဘယ်လိုမှ ရှင်းပြလို့မရဘူး။ အခုဆိုရင် အမေရိကန်ကျောင်းတွေမှာကို ဗုဒ္ဓဘာသာတရား ထိုင်နည်းဆိုပြီး ထိုင်နေကြတယ်။ ကြည့်လိုက်တော့ Yoga။ ပေါင်ကြီးတွေ ကား၊ ခေါင်းကြီးတွေငုံ့၊ အဲသည်လို လုပ်နေကြတာ။

မြတ်စွာဘုရားအလှုပ်

အခုဆိုရင် Buddhism Meditation means yoga. အဲဒီလို ဖြစ်သွားပြီ။ ယောဂကနေ ယောဂီလို့ ဖြစ်တာ။ ဟာ... သွားပြီ။ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်က yoga၊ အဲဒီ yoga ကျင့်တဲ့ ပုဂ္ဂိုလ်သည် ယောဂီ။ Meditator ယောဂီလို့ မခေါ်နဲ့တော့။ Meditator, Meditation တွေကို ပျောက်အောင် yoga ဆိုပြီး ကျောင်းတွေကကို တရားဝင် ပြဋ္ဌာန်းနေပါပြီ။

ကဲတောင်းချင်လာတော့ ဘာလေးဖြစ်လာလဲ ဆိုတော့ ကုသလမဏ္ဍရဲ့တကယ့်နေရာလေး၊ အရေးကြီးတဲ့နေရာလေး Main Room လေးမှာ ကုလာသမဏ္ဍရဲ့ နံစ်ပေါင်းလေးဆယ်ကျော်၊ ငါးဆယ်မှာ တစ်ခါမှ အလ်ကို ကျည်ဆံမထိခဲ့ဘူး၊ ဒါပေမယ့် ဘဂ္ဂဒက်မှာ ကျည်ဆံ ၁၄-ချက် ထိခဲ့တယ်။ ဒါကြောင့် အဲဒီ အလံကို ပြောင်းလိုက်တယ်။

၁၉၄၅-ခုနှစ်က ပထမဆုံးအကြိမ် ဖြစ်ခဲ့တဲ့ အလံကို ဘဂ္ဂဒက်မှာ သေနတ်နဲ့ပိုင်းပစ်လို့ သွေးတွေ စွန်းသွားလို့ ဒီတိုင်းထားလိုက်တယ်။ ထားပြီး အဲဒီ နေရာလေးမှာ ကုလသမဂ္ဂ အလံ ကျည်ဆံ ၁၄-ချက်ကို ပြပါတယ်။ သူ့ရဲ့ မျက်နှာချင်း ဆိုင် အခန်း၊ တစ်ချိန်တုန်းကတော့ ထမင်းစားခန်းပေါ့။ အဲဒီ အခန်းမှာ Meditation ဆိုပြီးတော့ ကမ္မဋ္ဌာန်းထိုင် တယ်။

ဆိုလိုသည်မှာ ကုလသမဂ္ဂအလံကြီးကိုတောင်မှ သေနတ်တွေနဲ့ပစ်ပြီး သွေးတွေ စွန်းခဲ့ပြီဆိုရင် သူတို့ကိုနိုင်တဲ့နည်းဟာ ညှိနှိုင်းဆွေးနွေးမှုနဲ့ မရတော့ ဘဲနဲ့ ကမ္မဋ္ဌာန်းနည်းနဲ့ပဲ ရတော့မယ်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ နိုင်ငံသား တော်တော်များများဟာ အဲဒီ အခန်းလေးမှာပဲ ကမ္မဋ္ဌာန်းထိုင်ကြပါတယ်။

နိုင်ငံတကာ က လူတွေက Buddhism Meditation ကို အဲဒီအခန်းလေးဟာ တရားထိုင်တဲ့ အခန်းလေး ဖြစ်လာတယ်လို့ ဆိုကြတယ်။ အဲ···

အလွန်ကောင်းပါတယ်။ ဗုဒ္ဓဘာသာအတွက် ဒီတစ်ချက် ကောင်းတယ်လို့ မှတ်ရမယ်။

နောက်တစ်ချက် တစ်ကမ္ဘာလုံးဆိုင်ရာ World peace conference ကြီး လုပ်လိုက်တဲ့အခါမှာ ဘာသာအမျိုးမျိုးတွေ လုပ်လိုက်တဲ့အခါမှာ စေတီ တစ်ခု တည်လိုက်ပါတယ်။ ရွှေတိဂုံစေတီမျိုးလေး ပေါ့။ ရွှေသားနဲ့လုပ်ထားတာပါ။ အဲဒါ ကုလသမဂ္ဂ ရဲ့ main ပဲ၊ လေ့လာတဲ့လူတိုင်း မြင်ရတဲ့ဌာနကြီးပါ။ အဲဒီ ရွှေတိဂုံလိုမျိုး တည်လိုက်ပါတယ်။ စေတီရဲ့ အရံဘေးမှာ နိုင်ငံတကာက ဝိုင်းပြီး ဦးညွှတ်တဲ့ သဘောနဲ့ ကုလ သမဂ္ဂအဖွဲ့ဝင်(၁၉၂)နိုင်ငံက A ကနေ Z ထိအောင် ပတ်ပြီး ရေးထားပါတယ်။ ဒါ သိပ်ကောင်းတာပဲ။ ရွှေတိဂုံဘုရားကို ဗုဒ္ဓဘာသာ ရော၊ ခရစ်ယာန်ရော၊ မွတ်စလင်ရော အကုန်လုံး ကုလသမဂ္ဂ ၁၉၂-နိုင်ငံက သဘောတူညီမှုနဲ့ အရံ ခံထားတာ၊ ကျန်တဲ့ ဗလီတို့ ချာ့ချ်တို့ မဟုတ်ဘဲနဲ့ ရွှေတိဂုံဘုရားလို စေတီလေးမှာ ဝိုင်းပြီး ရံထားတာ။

ပြောလိုတာကတော့ရေဝါဒသည် ဘယ်လိုဖြစ်လာမယ်ဆိုတာကို မသိသေးသော်လည်းပဲ ခုနက ပြောခဲ့တဲ့ source (မြစ်ဖျားခံရာလေး) ပေးခဲ့ပါတယ်။ အဲဒီနေရာမှာ ရွှေတိဂုံစေတီ တည်လိုက်ပြီးတော့မှ အကျွရောစဉ်အတိုင်း အာဖဂန်နစ္စတန်၊ အာကျင်တီနား စသည်ဖြင့် A to Z ထိ စဉ်ထားတာ တော်တော်လေး ကောင်းပါတယ်။

တစ်ချိန်မှာ ဒီကမ္ဘာကြီးမှာ ဗုဒ္ဓဘာသာတရားသော်လည်းကောင်း၊ သို့မဟုတ် အခြား ဘာသာရေးတစ်ခုခုပေါ့။ ခရစ်ယာန်ဆိုလည်း ခရစ်ယာန်ပေါ့၊ ဘာသာတရား ၄-ခုက ပိုင်းပြီး ငြိမ်းချမ်းအောင်လုပ်မှ ကမ္ဘာကြီးငြိမ်းချမ်းမယ်လို့ ခေါင်းထဲထည့်ပါ။ အဲဒါ ဘယ်သူပြောခဲ့တာလဲ။ ၁၉၇၄-ခုနှစ်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးကနေ အငြိမ်းစားယူခါနီးတုန်း ဦးသန့်က ရေးသားခဲ့တာဗျ။ အခုထိအဲဒီစာကြီး ရှိသေးတယ်။ သူက သက္ကရာဇ် ၂၀၀၀မှာ ငါရှိချင်မှ ရှိတော့မယ်။ ဦးသန့်က သက္ကရာဇ်

၂၀၀၀-ပြည့်သွားရင် ကမ္ဘာ့ငြိမ်းချမ်းရေး conference ကြီး လုပ်ပါတဲ့။ လုပ်တဲ့အခါကျရင် ဘာသာတရားတွေကပဲ လူတွေရဲ့ ငြိမ်းချမ်းရေးကို လုပ်နိုင်ပါလိမ့်မယ်လို့ ဦးသန့်က ပြောခဲ့ပါတယ်တဲ့။

အဲဒီ ၁၉၇၄-ခုနှစ်က တည်ထောင်၊ ဒီကနေ့ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ထိ ၂၆-နှစ်ကြာသွားပါပြီ။ ဦးသန့်လည်း မရှိတော့ဘူး။ ဒါကြောင့်မလို့ ကုလသမဂ္ဂမှာလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှုပွဲကြီးတွေအတွက် မြန်မာနိုင်ငံမှလူသုံးဆယ်ကျော်ဖိတ်ပါတယ်။ အဲဒီသုံးဆယ်ကျော်ဖိတ်တဲ့အထဲမှာ သီတဂူဆရာတော်ဘုရားကြီးလည်း ပါတယ်။ သုံးဆယ်ကျော်ဖိတ်တာဟာ မြန်မာကို လေးစားလို့တဲ့။

ပညာရှင်တစ်ဦး ပေါ်လိုက်တာ စစ်ကိုင်းမှာ သီတဂူဆရာတော်ဘုရားကြီးတို့ဒေါက်တာနန္ဒမာလာတို့ သူတို့နေရာတွေကို အစားထိုးလို့ မရဘူး၊ အခုဆို ဆရာတော် အရှင်သီလာနန္ဒ မရှိတော့ဘူး။ သီတဂူ

ဆရာတော်တို့၊ ချမ်းမြေ့ ဆရာတော်တို့ကလည်း အသက်ကြီးလာတော့ အစားထိုးဖို့ ပုဂ္ဂိုလ်တွေ လိုလာတယ်။

တချို့ ဒကာ၊ ဒကာမတွေက ကိုယ်တော်တွေ အင်္ဂလိပ်စာသင်ရင် လူထွက်မယ်လို့ ထင်ကြတယ်။ အင်္ဂလိပ်စာ သင်တိုင်း လူထွက်တာ မဟုတ်ဘူး။ လူထွက်ချင်လို့ ထွက်ကြတာပါ။ အင်္ဂလိပ်စာမတတ်လဲ ထွက်မှာပါပဲ။ ဒါကြောင့်မို့လို့ ခေတ်မှီ ပညာသင်ကြားနေတဲ့ ဘုန်းတော်ကြီးတွေ အပေါ်မှာလည်း အမြင်လေးတွေ ကောင်းပြီး လှူတတ်၊ တန်းတတ် ကြပါစေနော်။

သမ္မာသမ္ဗုဒ္ဓ မဟုတ်လဲဆိုတဲ့ဘုရားစာကို သင်တဲ့ ဘုန်းကြီးတွေလည်း မနိုင်ကွပ်ပါဘူး။ အဲဒီတော့ ခေတ်မှီ ပညာသင်ကြားနေတဲ့ ဘုန်းတော်ကြီးတွေ၊ သီလရှင်ဆရာလေးတွေကိုလည်း လှူပါ၊ တန်းပါ၊ ထောက်ပံ့ပါ။

ခေတ်မှီတာ ကောင်းတယ်ဆိုရင်လည်း အစွန်းရောက်တယ်။ ခေတ်မမှီတာ ကောင်းတယ်ဆိုရင်လည်း အစွန်းရောက်တယ်။ Modern Education ခေတ်မှီပညာရေးကို သင်ပါ။ ပါဠိတော်, အဋ္ဌကထာနဲ့သင်တဲ့ ပညာရေးကို သင်ပါ။

တချို့က အိန္ဒိယသွားရင် လူထွက်မယ် ထင်ကြတယ်။ ဟိုက အမျိုးသမီးတွေ မလှဘူး၊ သီဟိုဠ်တို့ အိန္ဒိယတို့သွားတဲ့ ကိုယ်တော်တွေ လူမထွက်ပါဘူး။ အမေရိကန်၊ဩစတေးလျတို့ဆိုရင်တော့ ပြောမရဘူး။

ဒီတော့ ခေတ်မှီပညာရေးနဲ့ ရှေးပညာရေး နှစ်ခု ပေါင်းပြီး ထေရဝါဒ သာသနာတော်ကြီးကို မှန်မှန် ကန်ကန် ထောက်ပံ့လှူဒါန်းနိုင်ကြပါစေ။ ဒါက ဘုန်းကြီးတို့ ကြုံတုန်းပြောရတာ။

ယသ္မိံပဒေသေ ကပ္ပေတိ၊
ဝါသံ ပဏ္ဍိတဇာတိယော။
သီလဝန္တေတ္ထ ဘောဇေတွာ၊
သညတေ ဗြဟ္မစာရယော။

ယာတတ္ထ ဒေဝတာ အာသုံ၊
တာသံ ဒက္ခိဏာ မာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊
မာနိတာ မာနယန္တိ နံ။
တတော နံ အနုကမ္ပန္တိ၊
မာတာ ပုတ္တံဝ ဩရသံ။
ဒေဝတာ နု ကမ္ပိတော ပေါသော၊
သဒါ ဘဒြာနိ ပဿတိ။

ပညာရှိတစ်ပါးရှိတာ ဖြစ်ခြင်းကြောင့်၊ ယသ္မိံ ပဒေသေ-အကြင်အရပ်ဒေသ၌၊ ပဏ္ဍိတဇာတိယော-ပညာရှိ ပုဂ္ဂိုလ်တွေ၊ တွေ့လာ သီတာဂူဆရာတော် ဘုရားကြီးတို့လို အဲဒီလိုပညာရှိကြီးတွေ သီတင်းသုံး သွားရင်တဲ့ ဘုရားရှင်က ပါဋလိပုတ်ဂါမကို ကြွသွား လိုက်ရင်တဲ့ ဘုရားရှင်ရဲ့နောက်မှာ ရဟန္တာမထေရ် မြတ်ကြီးတွေ ပါလာတယ်။ သူတော်ကောင်းလာ တော့ သူတော်ကောင်းရဲ့နောက်မှာ လူတွေ, သီလ ဖြူစင်တဲ့ မထေရ်တွေ ပါလာတယ်။ အဲဒီတော့

နတ်ကောင်း နတ်မြတ်တွေပါလာတယ်တဲ့။ ဒေဝတာ နုကမ္ပိနော ပေါသော-နတ်တွေ ပါလာတယ်။ အဲဒီ နတ်ကောင်း နတ်မြတ်တွေရဲ့ အစောင့်အရှောက်ကို ခံရမယ်တဲ့။

ဘုရားရှင်လည်း ကြွလာရော ဘုရားရှင်ရဲ့ နောက်မှာ နတ်ကောင်း၊ နတ်မြတ်တွေ၊ ဗြဟ္မာတွေ ပါလာတော့ အဲဒီနတ်ဗြဟ္မာတွေက သူတို့ကိုကူသိုလ် ပြုတဲ့အခါ၊ ဘုရား အစရှိတဲ့ရဟန္တာတွေကို လှူဒါန်းတဲ့အခါ အမျှပေးဝေလို့ မာတာ ပုတ္တံ ဝဩရသံတဲ့။ အဲဒီ နတ်ဗြဟ္မာတွေက ခုနက နေရာဒေသကို စောင့် ရှောက်ပါမယ်တဲ့။ အဲဒီက လူတွေကိုလည်း မိခင်ကြီး က မိမိရဲ့ရင်သွေးကိုစောင့်ရှောက်သလို စောင့်ရှောက် ပါမယ်တဲ့။

ဒါကြောင့်မို့လို့(ဒို့တွေက)အဲဒီ ပါဋလိပုတ်ဂါမ ကြီးကို မြို့တည် နန်းတည်တဲ့အခါမှာ ဘုရားရှင်နဲ့ ရဟန္တာတွေကို ပင့်ဖိတ်တာလို့ မှတ်ပါတဲ့။

ပါဋလိပုတ်ဂါမကြီးကနေ မြို့ကြီး ဖြစ်လာတယ်။ ဒီကနေ့တော့ ပတ္တနားလို့ ခေါ်နေပြီ။

**ယာဝတာ အာနန္ဒ အရိယံ အာယတနံ ယာဝတာ ဝဏိပ္ပထော ဣဒံ အဂ္ဂနဂရံ ဘဝိဿတိ ပါဋလိပုတ္တံ ပုဋဘေဒနံ။**

အာနန္ဒာ...အရိယာန်လူမျိုးတို့၏ စုဝေးနေထိုင်ရာ ကုန်သည်ရောင်းဝယ်ရာ မြို့တို့တွင် ဤမြို့သစ်သည် ကုန်ထုပ်များကို ဖွင့်လှစ်ရောင်းချရာ ပါဋလိပုတ်မည်သော အကြီးဆုံး ဖြစ်ပေလတ္တံ့။

ဘုရားရှင်နဲ့ သံဃာတော် အရှင်သူမြတ်တွေ ကြွလာတာ ဖြစ်ခြင်းကြောင့် ပါဋလိပုတ်(ပတ္တနား) သည် မြင့်မြတ်ကြီးကျယ်ခမ်းနားတဲ့ မြို့ကြီးဖြစ်လိမ့်မယ်။ ဒီနေ့ လူဦးရေရှိတာ တစ်သန်းနဲ့ ခုနစ်သိန်း ကျော်သွားပါပြီ။ ဘီဟာပြည်နယ်ရဲ့မြို့တော် ဖြစ်ပါတယ်။

အဲဒါကို အစိုပြုပြီးတော့ ဒီကနေ့ ဒကာ ဒကာမတွေ အိမ်တက်မင်္ဂလာမှာ တရားနာချင်ပါတယ် ဘုရား။ ဖြစ်လာတာ ဘယ်ကစခဲ့သလဲ၊ မဟာပရိနိဗ္ဗာနသုတ်မှာပါတဲ့ ပါဋလိပုတ် မြို့တည်ရာ ဆင်းသက်လာတာ။

ပါဋလိပုတ်မှာ ရာဇဂြိုဟ်က အမတ်ချုပ်ကြီး တွေက ဘုရားရှင်နဲ့ သံဃာတော်တွေကို ပင့်ပြီး အလှူဒါနပြုတရားတွေနာ၊ နတ်တွေကို အမျှအတန်း ပေးဝေလုပ်ခဲ့ကြတယ်။အဲဒီကနေ အိမ်သစ်၊တိုက်သစ် မင်္ဂလာကို လာခဲ့တာ။ အဲသလို အိမ်သစ်မင်္ဂလာ ပြုလုပ်တဲ့အခါ ဘုရားကို အနေကဇာတင်တာတို့ ရတနာသုံးပါးကို ပူဇော်တာတို့ပြုလုပ်ပြီး ကုသိုလ် ကောင်းမှုတွေ အမျှပေးဝေကြတယ်။ တိုက်သစ် မြို့သစ် အိမ်သစ်တွေမှာလေ။

မြတ်စွာဘုရားသည် ပါဋလိပုတ်ဂါမကနေ ဟိုဘက် က မြစ်ကလေးကိုဖြတ်ပြီး ကြွသွားတော်မူတဲ့အခါ–

**တေန ခေါ ပန သမယေန သုနိဓဝဿကာရာ မဂဓ မဟာမတ္တာ ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓာ ဟောန္တိ။**

သုနိဓအမတ်နဲ့ ဝဿကာရ အမတ်ကြီးတွေဟာ မြတ်စွာဘုရားရှင်ရဲ့ နောက်က ထက်ကြပ်မကွာ လိုက်သွား ကြပါတယ်။

**ယေနဇ္ဇ သမဏော ဂေါတမော ဒွါရေန နိက္ခမိဿတိ။ ဂေါတမဒွါရံ နာမ ဘဝိဿတိ။**

အမတ်ကြီးတွေက ရဟန်းဂေါတမ ထွက်သွား တဲ့ တံခါးကို ဂေါတမတံခါးလို့ ခေါ်မယ်တဲ့။ ရဟန်း ဂေါတမ ဂင်္ဂါမြစ်ကိုကူးတဲ့ဆိပ်ကမ်းကိုလည်း ဂေါတမ ဆိပ်ကမ်းလို့ခေါ်မယ်တဲ့။ ပုဏ္ဏားကြီးတွေက မြတ်စွာ ဘုရားရှင် ကြွသွားတော်မူတဲ့ နေရာလေးတွေကို မှတ်ထားစမ်း၊ ဆင်းတဲ့နေရာလေး မှတ်ထားစမ်း။ ဗြာဟ္မဏတွေ ဆိုပေမယ့် ဘုရားကို ချစ်ခင်ကြတယ်။ ဒီတော့ မြတ်စွာဘုရားက လူတွေကို ကြည့်နေတယ်။ အဲဒီမှာ မြစ်ကို ကူးနေကြတယ်။

ယေ တရန္တိ အဏ္ဏဝံ သရံ၊ သေတုံ ကတွာန ဝိသဇ္ဇ ပလ္လလာနိ။

ကုလ္လံ ဟိ ဇနော ဗန္ဓတိ၊ တိဏ္ဏာ မေဓာဝိနော ဇနာ။

အလွှမ်းနက်နဲတဲ့ တဏှာမြစ်ကို အရိယာတွေက အရိယာမဂ်တံတားကို ထိုးပြီး ကိလေသာ ရွှံ့ညွှန်တွေကို ပယ်စွန့်ပြီး ကူးသွားကြတယ်။ လူတွေကတော့ ခြောင်··· သူတို့ကတော့ တဏှာမြစ်ကို စီးပွားရေး အတွက် ကူးပါတယ်။ ကျောင်းလာဖို့ ကူးတယ်။ မြစ်ဆိပ်လေးမှာ ကြည့်ရင်လည်း တရားရတယ်နော်။ အရာရာမှာကြည့်တတ်ရင် တရားသဘော တွေ့ချည်း ပါပဲ။ အခု မြစ်ကလေးကိုဖြတ်တယ်၊ ကျန်းမာရေး အတွက်၊ လူမှုရေးအတွက် စသည်ဖြင့် သူတို့တွေက သူတို့လိုချင်တဲ့ ဆန္ဒတွေနဲ့ မြစ်ကို ကူးနေတာပဲ။ မုံရွာကို ဟိုဘက်ကလာတဲ့ လူတွေလည်း ဒီအတိုင်းပဲ မဟုတ်လား။ဒါကြောင့် သဘာဝမြစ်ကို ကူးကြသလို သံသရာမြစ်ကိုလည်း မဂ်တံတားထိုးပြီး ကူးကြရ

မယ်လို့ဆိုလိုပါတယ်။ ဘုရားရှင်က လူတွေ မြစ်ကို ကူးနေတာကို မြင်တွေ့လို့ ပြောလိုက်တဲ့စကားပဲ။

ပညာရှိသော လယ်တီတော

လယ်တီဆရာတော်ဘုရားကြီးကလည်း ဗုဒ္ဓဂယာကို ဘုရားဖူးသွားမလို့ စာပို့ရထား ဆိုတော့ မဲမဲမြင်လည်းရပ်၊ သစ်ပင်မြင်လည်းရပ်၊ ရေအိုးစင်မြင်လည်းရပ်လေ၊ မုံရွာကနေ မန္တလေး၊ မန္တလေး ကနေ ရန်ကုန်၊ စာပို့ရထားကြီးပေါ်မှာ ဆရာတော်ကြီးက ဆင်းတဲ့လူတွေက ဆင်း၊ တက်တဲ့ လူတွေကတက်နဲ့။ ဘဝသံသရာ စက်ရဟတ်ကြီးလည်ပုံကို ဉာဏ်မှာ ပေါ်လာလို့ ပဋ္ဌိစ္စသမုပ္ပါဒ် လင်္ကာကြီးကို ရေးစပ်လိုက်တယ်။

**"တောဓိရထားနှား၊ ယဉ်ကြောသာ၊ သစ္စာလေးရပ်၊ လေးကျွန်းပတ်သား၊ နတ်ဝိသုဒ္ဓိ၊ တုမရှိရ၊ ကြိဒ္ဓါရ၊ ရှေ့ဦးကလျှင်၊ မဟာတာမ မှောင်ကြီးကျလျက် ရထား ယဉ်သာယောဉ်ကြော၏၊ ခြင်းရာထုပ္ပါဒ်၊ သမုပ္ပါဒ်ကို"**

ဘယ်လောက်ကောင်းသလဲ၊ ဒါ ဆရာတော်ကြီးက ရထားမှာ ဆင်းနေတဲ့ လူတွေကိုမြင်လို့ တမ်းပြီး စီလိုက်တာ။ သားသမီးမယားစဉ်နဲ့ဘဝပရိယေသနအတွက် ရွေ့ရှာပြီး တက်တဲ့လူက တက်၊ ဆင်းတဲ့လူကဆင်းနဲ့ သံသရာခရီး နှင်နေကြတာကို တမ်းပြီး လင်္ကာစီ လိုက်တာ။ ပဋိစ္စသမုပ္ပါဒ်လင်္ကာကြီး ဖြစ်လာတယ်။

ဒီကလူတွေ အဲဒီ ရထားပေါ် နေ့တိုင်းစီးနေတာ ချင်းတွင်းမြစ်ကြီးကိုလည်း ဖြတ်နေကြတာ။ အဲဒီလို လူးလာခေါက်တုံ့ သွားနေတာဟာ ဘာကြီးလဲ၊ ပဋိစ္စသမုပ္ပါဒ်ကြီး၊ အဝိဇ္ဇာနဲ့ တဏှာက နေ့တိုင်းသွား နှိုင်းနေတာ။

ယောဂီတို့ကို ဘယ်သူက သွားနှိုင်းနေတာလဲ၊ အဝိဇ္ဇာရဲ့ တဏှာက သွားနှိုင်းနေတာ။

ဂန္ထီရတာရဲ့- အလွန်တရာ နက်လှသော၊ တဏှာသရဲ့- တဏှာတည်းဟူသော ရေကို၊ တရန့်- ကူးကြပါကုန်၏။

အရိယာ အရှင်မြတ်တွေကတော့-

အရိယာမဂ္ဂသခါတဲ့ သောတဲ့ ကတွေ့နဲ့-အရိယာမဂ် တံတားကို ခင်းထားလိုက်ပြီးရှင့် နိဗ္ဗာန်သို့ ထုတ်ချောက် ကူးမြောက်ကြပါကုန်၏။ မတူဘူးနော်။

ပုထုဇဉ်တွေကတော့ တဏှာမြစ်ထဲမှာ တဏှာတွေ ထည့်ထည့်ပြီး အဝိဇ္ဇာတွေ ထည့်ထည့်ပြီး ဟိုဘက်ကမ်း ကူးလိုက်၊ ဟိုဘက်က ကုန်တွေ ဒီဘက်ကမ်းကို ယူလိုက်နဲ့။

"ရွှန်းနိုင်သမျှ ဝက်သဏ္ဍာန်လို၊ အချက်မှန်ပေါ၊ မလင်းစေဖို့၊ ဖော်သင်းရယ်၊ မိုက်သင်းယှက်သည့်ပြင်၊ အစာများနေ၊ အသားလေ ထုလေလေ ခက်ပါဘိ…" ဝက်ကြီးကို အစာတွေကျွေးတာ ချစ်လို့လား၊ အသားတွေ တိုးလာအောင်လို့၊ အလေးချိန်စီးလာရင် ဘယ်လိုဖြစ်လဲ။ အဲဒီတော့ ထမင်းကျွေးနေသမျှ ကာလပတ်လုံး ရွှင်နိုင်သမျှ ဝက်သဏ္ဍာန်လို အချက်မှန်ပေါ်မလင်းစေဖို့ ဖော်သင်းရယ်နဲ့ မိတ်သင်းယှက်သည့်ပြင်….. လယ်တီဆရာတော်ကြီး စပ်ဆိုခဲ့တာ။

လယ်တီဆရာတော်ရဲ့ စာတွေက တကယ် အရသာရှိတာ။ လယ်တီဆရာတော်ရဲ့စာတွေကို ဒို့ ကလေးဘဝကတည်းက အမေက နှုတ်တိုက်ချပေးခဲ့ တာ။ အဲဒါကြောင့် ရနေတာ။ ဒါကြောင့် ဝက်ကို အသားတိုးအောင် လုပ်နေတာ။ ပုထုဇဉ်တို့သည် ကာ,တိုးအောင် လုပ်ကြကုန်၏။ အရိယာ တို့သည် ဉာဏ်,တိုးအောင် လုပ်ကြပါကုန်၏။

**အသားတိုးရင် သေမယ်၊ ကာ,တိုးရင် သံသရာ ရှည်မယ်၊ ဉာဏ်,တိုးရင် သံသရာပြတ်မယ်။**

ဘုရားရှင်နဲ့အရိယာသာဝကတွေသည် အရိယာ မဂ် ဆိုတဲ့ တံတားကိုထိုးပြီး သံသရာ ဟိုဘက်ကမ်း ကို ကူးကြပါကုန်၏။ ကျွန်တဲ့ပုထုဇဉ်တွေက တကျော အဆောတွေထည့်ပြီး ဖောင်လေးတွေဖွဲ့၊ ခန္ဓာထဲကို အဆောတွေသွပ်ပြီး ကူးတာပါတဲ့။

ဘုရားရှင်နဲ့ သာဝကတွေကတော့ ကိလေသာ ဖောင် မဖွဲ့ဘဲ ကူးကြပါတယ်။ ခန္ဓာတွေကို တကျော့နဲ့ ဖောင်မဖွဲ့ဘူး။

လူတွေက "မောင်ရှေ့ကို လျှောက်ရင် မယ်လည်း နောက်ကလိုက်မယ်"။ ဒီလို ဖြစ်နေတာ၊ ဒါကြောင့် တဏှာမပါဘဲနဲ့ ကူးမယ်၊ တဏှာပါပြီး တော့ ကူးတယ်၊ အရိယာ ပုဂ္ဂိုလ်တွေကတော့ တဏှာမပါဘဲနဲ့ အရိယာမဂ်တံတားကို ခင်းထားပြီး ထုတ်ချောက် နိဗ္ဗာန်သို့ ကူးမြောက်ကြပါကုန်၏။ သိပ်ကောင်းတယ်နော်။

ပုထုဇဉ်တွေကတော့ ခန္ဓာအိမ်ကြီး ဆိုတဲ့ သဘောကိုတော့ ဖောင်ဖွဲ့ပြီးတော့ကာမှ တဏှာနဲ့ နှောင်ဖွဲ့ပြီး ကူးတာ။ ဥပမာ ဘောလုံးပွဲ ကြည့်တယ် ဆိုပါစို့။ ဘောလုံးပွဲတွေ လာနေတော့လည်း မီးရှိမှ ကြည့်လို့ရတာပါ။ မီးရှိတော့လည်း တီဗွီ မရှိရင် ကြည့်မရသေးဘူး။ မီးလာနေပေမယ့် ဘောလုံးပွဲ မရှိရင် ကြည့်လို့မရသေးဘူး။ ဘောပွဲတော့ရှိတယ်။ တီဗွီက မလွှင့်ဘူး၊ ကြည့်မရဘူး။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းတရားတွေ ဆုံပြီးမှ တစ်ခုနဲ့တစ်ခု မှီပြီးမှ တရားတွေ ဖြစ်တာပါ။

တကျော့မြင်

မြတ်စွာဘုရားရှင်က ပါဋလိပုတ်ကနေ မြစ်ကလေးကို ကူးတယ်။ မြစ်ကို တံတားနဲ့ တင်စားတယ်။ သံသရာနဲ့ တင်စားတယ်။ ပုထုဇဉ်တွေက ခနွာတွေနဲ့ ကူးကြတယ်။ အရိယာတွေက မဂ်နဲ့ကူးကြတယ်။ ကူးပုံချင်း ကွာတယ်။ အမြင်ကွာသွားတယ်။ ဒီအကြောင်းတွေကို ဟောပြီးတော့-

**စတုန္နံ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ၊ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။**

ချစ်သားတို့...သစ္စာလေးပါးကို လျော်စွာမမြင်ခြင်းကြောင့်၊ ထိုးထွင်း၍မသိခြင်းကြောင့် အနုဗောဓဉာဏ်ရယ်၊ ပဋိဝေဓဉာဏ်ရယ်၊ ဒါလေးကို မဟာဝဂ္ဂ ဋီကာမှာ-အနုဗောဓော ပုဗ္ဗဘာဂါယ ဉာဏံ ပဋိဝေဓော မဂ္ဂဉာဏံ တဲ့။ အဲဒီတော့ တရားစာသင်တဲ့အခါ ပရိယတ္တိနယ်ပယ်မှာ ပဋိပတ္တိနယ်ပယ်မှာ ရှိနေတုန်း သိတဲ့ဉာဏ်ကို အနုဗောဓဉာဏ်လို့ခေါ်ပါတယ်။ သစ္စာ

လေးပါးကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရောက်သွားတဲ့ အခါ ပစ္စဝေက္ခဏဉာဏ်လို့ ခေါ်ပါတယ်။

အဲသလို လျော်စွာမသိခဲ့ခြင်းကြောင့် လည်းကောင်း၊ ထိုးထွင်းစွာ မသိခဲ့ခြင်းကြောင့် လည်းကောင်း၊ တုမှာကဉ္စ-သင်ချစ်သားတို့သည် လည်းကောင်း၊ မမဉ္စ-ငါဘုရားသည် လည်းကောင်း၊ သန္ဓာဝိတံ သံသရိတံ- သံသရာမှာ ပြေးလွှားကျင်လည်ခဲ့ရပါပြီ။

## ကြည်လင်စေသောတရား

ဘုရားရှင်ဟာ ဓမ္မစကြာ သုတ်တော်ကြီးမှာ အရိယ သစ္စာတရားလေးပါးနဲ့ စခဲ့တယ်။ အဆုံး သတ်တော့လည်း ဟောဒီ ကောဋိဂါမ အရိယာသစ္စာ တရားလေးပါးနဲ့ပဲ အဆုံးသတ်ခဲ့တယ်။

အနုဗောဓဉာဏ်က အခုလို တရားနာမှ ရတာ။ စာသင် သားဘဝမှာ စာသင်နေသမျှ ကာလပတ်လုံး သိတဲ့ဉာဏ်ကို အနုဗောဓဉာဏ်လို့ ဆိုပါတယ်။

ပုဗ္ဗေဘဝေါပါယ အနုဗောဓေ– ဘုရားမဖြစ်ခင် ရှေးအဖို့မှာ တရားနာခဲ့တယ်၊ စာတွေသင်ခဲ့တယ်၊ တရားတွေ ထိုင်ခဲ့တယ်။ ဝိပဿနာဉာဏ်ကို အရ ကောက်ပါ တယ်။

နောက်တစ်ခါ ပဋိဝေဓဉာဏ်ဆိုတာ မဂ်ဉာဏ် ကိန်းပြီးတော့မှ သစ္စာလေးပါးကို သိတဲ့ဉာဏ်ကို ဆိုပါတယ်။

နိဒါနသံယုတ်မှာ ဒီလို ဆိုပါတယ်။ အနုဗောဓ ဉာဏ် ဆိုသည်မှာ ဉာတပရိညာဖြင့် သစ္စာလေးပါး ကိုသိခြင်းကိုဆိုပါတယ်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂနိရောဓသစ္စာသူ့ကိုအရင်သင်ရပါတယ်။ဒါကြောင့် သင်ယူမေးမြန်း ဆွေးနွေးလို့သူကို(သစ္စာလေးပါးကို) ဉာတပရိညာနဲ့ သိတာကို အနုဗောဓဉာဏ်လို့ ခေါ်ပါ တယ်။

တီရဏ ပရိညာပဟာန ပရိညာ တို့ဖြင့်သိတာ ကို ပဋိဝေဓဉာဏ်လို့ ခေါ်ပါတယ်။

ပရိယတ္တိစာပေ သင်တာမှာ ဉာတပရိညာ ရမယ်၊ တရားနာရင် ဉာတပရိညာရမယ်။ တရားနာပြီးပြန်သွားလိုက်တဲ့အခါမှာ ဪ ပေါဒါက ပယ်သင့်ပယ်လိုက်တဲ့တရားတွေလို့ သိရမယ်။

**စတုန္နံ အရိယသစ္စာနံ ကာတိ ကုသလာ၊ ကာတိ အကုသလာ။**

အရိယာသစ္စာလို့ ဘာပြုလို့ခေါ်လဲ၊ အရိယသစ္စ ဘာဝ ကာရဏံ-အရိယာရဲ့ အဖြစ်ကို ပြုတတ်လို့၊ ဒီသစ္စာကိုသိရင် အရိယာ ဖြစ်ကိုဖြစ်ရမယ်။ ငါ ဘုရားရှင် တာဝန်ယူပါတယ်တဲ့။

အရိယာအဖြစ်ကို သိစေတတ်သော၊ အရိယာအဖြစ်ကိုရောက်စေတတ်သောသစ္စာကို အရိယသစ္စာလို့ ခေါ်ပါတယ်။ အဲဒီ သစ္စာက ၄-ပါးထဲမှာ **ကာတိ ကုသလာ**၊ ဘာက ကုသိုလ် တရားလဲ။ **ကာတိ အကုသလာ**-အကုသိုလ်တရားက ဘယ်လိုလဲ။ **ကာတိ အဗျာကတာ**၊ အဗျာကတ သစ္စာတရားက ဘာတွေလဲ။ ဆိုလိုတာက သစ္စာလေးပါး ဒုက္ခ၊

သမုဒယ နိရောဓ၊ မဂ္ဂလေးသစ္စာကို ကုသိုလ်အားဖြင့် ခွဲပြခဲ့ပါ။ အကုသိုလ်အားဖြင့် ခွဲပြခဲ့ပါ။ အဗျာကတ အားဖြင့် ခွဲပြခဲ့ပါတဲ့။

အဘိဓမ္မာလေး နည်းနည်းထည့်ပြောရအောင်၊ ဝိဘင်းပါဠိကို စာမေးပွဲ မဖြေခင်ကတည်းက သင်ခဲ့ရ ပါတယ်။

**သမုဒယသစ္စာ အကုသလံ၊ မဂ္ဂသစ္စာ ကုသလံ၊ နိရောဓ သစ္စာ အဗျာကတံ။** ဒုက္ခသစ္စာကျတော့ ကုသိုလ်လည်း ရှိတယ်၊ အကုသိုလ်လည်း ရှိတယ်။ အဗျာကတလည်း ရှိတယ်။

သစ္စာလေးပါးကို ကုသိုလ်ဓာတ်၊ အဗျာကတ ဓာတ်အားဖြင့် ဝေဖန်တယ်လို့ ခေါ်ပါတယ်။ ဝိဘင်း က ဓာတ်စေဒလို့ ဆိုပါတယ်။ သမုဒယသစ္စာ၊ အကုသိုလ်သက်သက်ပါ။ သင်္ဂြိုဟ်မှာ-

**ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ နိရောဓော နာမ နိဗ္ဗာနံ မဂ္ဂေါ၊ လောကုတ္တရော မတော။** ဆိုပြီး ပြထားတယ်။

တဏှာသည် သမုဒယသစ္စာ၊ အဲဒါက အရိယ သစ္စာနည်းနဲ့ ကောက်တာ၊ တဏှာဧဝ သမုဒယ သစ္စံ-တဏှာ သာလျှင် သမုဒယသစ္စာတဲ့၊ ကျန်တဲ့ ကိလေသာက ဒုက္ခသစ္စာ၊

ဝိဘင်းပါဠိတော်မှာငါးခုကောက်ပြတယ်။ ရှိစ တော့၊ အဋ္ဌသာလိနီမှာ **အလောဘော ဒါနဟေတု၊ အဒေါသော သီလဟေတု၊အမောဟော ဘာဝနာဟေတု** တဲ့။ ဒါန သီလ ဘာဝနာ တွေဟာ သစ္စာအနေနဲ့ ဆိုရင် ဒုက္ခသစ္စာ၊ ဒါလေးကိုကြည့်ပြီး ဒါနကို မပယ် ရဘူး၊ သီလကို မပယ်ရဘူး၊ ဘာဝနာကို မပယ်ရ ဘူး၊ အတိမ္မှာနည်း သဘောတွေကိုလည်း သိဖို့ လိုပါတယ်။ အကုသိုလ်ကိုပယ်တဲ့နည်းတွေ အမျိုးမျိုး ရှိပါတယ်။

သစ္စာလေးပါးကို ဘုရားရှင်က သောက်ရေသန့် လေးနဲ့ တင်စားပါတယ်။ သစ္စာလေးပါး ရေကြည် သန့်ကို သောက်လိုက်ရင် ရင်ထဲ ကြည်လင်သွားပါ တယ်။ သစ္စာလေးပါးကို မှားထားရင် သစ္စာလေးပါး

သိထားရင် ရုပ်ကလေးက ကြည်လင်နေပါလိမ့်မယ်။ ညှိုးမည်းမည်းကြီးတွေ မနေတော့ဘူး။ အသားမည်းတာက တစ်မျိုး၊ သောကတာသန်တည်လို့ရှိရင် အသား မည်းပေမယ့် ကြည်လင်တယ်။ သစ္စာရဲ့ အလင်းတန်း သဘောပဲ။

ဒီနေရာမှာ အသမိတ္တ မထေရ်အကြောင်းကို ပြောချင်ပါတယ်။ သူ့ဆင်းရဲ အမေကြီးမှာ သမီးလေး တစ်ဦးရှိတယ်။ဆင်းဆင်းရဲရဲနဲ့ပဲ လုပ်ကိုင်စားသောက် တယ်။ အဲဒီအိမ်ကို အမြဲဆွမ်းကြွနေတဲ့ ကိုယ်တော် လေးတစ်ပါးရှိတယ်။ အမေကြီးက ဒီကိုယ်တော်ကို သားအရင်းပမာ သဘောထားပြီး ဆက်ဆံတယ်။ သူ့သမီးကလည်း ကိုယ်တော်လေးကို မောင်ကြီး အရင်းတစ်ယောက်လိုပဲ။

တစ်နေ့ကျတော့ သမီးက အလုပ်သွားမယ့် အမေ့ ထမင်းချိုင့်မှာ ဘာထည့်ရမလဲ မေးတယ်။ ပြီးတော့ ဆွမ်းကြွလာတဲ့ မောင်ကြီးကို ဘာလောင်း မလဲလို့ မေးတယ်။ အမေကြီးက သမီးရယ်တဲ့

သမီးမောင်ကြီးအတွက် ဆန်းကောင်းလေးကို ချက်ပြီး ဟင်းရွက်ကလေးနဲ့ ရောစွပြီး ချက်လိုက်ပါတဲ့။ အဲဒါနဲ့ သမီးကလည်း "အမေ အမေက အလုပ်သွားရမှာလေ" တဲ့။ အမေက ဘာပြန်ပြောလဲဆိုတော့ "သမီးရယ်တဲ့ အမေက မင်းမောင်ကြီးအတွက်ချက်တဲ့ ဆန်ဖွေးရေနွေးနဲ့လိုက်တဲ့ ပအုံးရည်လေးကို အဆာပြေသောက်မယ်" တဲ့။ အမေ အဲဒါဆို အဆာပြေပါတယ်" တဲ့။ အမေကလည်း အမေ တစ်နေကုန် အလုပ်လုပ်ရမယ့်ဟာကို အမေ နေနိုင်ပါ့မလားတဲ့။

သမီးရယ်တဲ့ အမေတို့က လူတွေဆိုတော့ အလကားပါတဲ့။ အဲဒီ ရဟန်းတော် အရှင်သူမြတ်တွေရဲ့ ခန္ဓာကိုယ်တွေ၊ အသွေးအသားတွေကမှ တန်ဖိုးရှိတာတဲ့။ သီလ သမာဓိတွေကို ရည်ရွယ်ပြောတာ။

ဒါကြောင့်မလို့ ငါ့ရဲ့သားကြီး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိပြီးတော့ သာသနာ့တာဝန်တွေ ထမ်းဆောင် နိုင်ပြီးတော့ ပရိယတ္တိတွေ ဆင့်ပွား၊

ပဋိပတ္တိတွေ ဖြည့်ကျင့်ပြီးတော့ သူတို့ အသက်ရှင်ဖို့ လိုတယ်တဲ့။ အမေတို့က အလကားပါတဲ့။ အမေတို့ စီးပွားရေး၊ ကြီးပွားရေးတွေ လုပ်ပြီးတော့ သေသွား မယ့်ဟာတွေပါ၊ သာစီးရယ်တဲ့။

အမေကြီးရဲ့ စကားကို ကိုယ်တော်လေး ကြား သွားတော့ ခေါင်းထဲ မိုးကြိုးပစ်လိုက်သလို ခံစားရ တယ်၊ အဲဒီအခါမှာ ကိုယ်တော်လေးဟာ သူ့ကိုယ်သူ ဒီလိုဆင်ခြင် စဉ်းစားမိတော့တယ်။

"ယောဒီ ဒကာမကြီးဟာ ငါနဲ့လည်း အမေ မတော်၊ ယောဒီ ညီမလေးကလည်း ငါ့နှမ မဟုတ်၊ အဲဒီ ဘာသွေးသားမှ မတော်စပ်တဲ့ မိခင်က ငါ့ကို သားအရင်းပမာ ငါ့အပေါ် တရားတွေကို မျှော်လင့်၊ ပရိယတ် ပဋိပတ်တွေကို မျှော်လင့်ပြီး လှူခဲ့ပါသည်။ သူတို့တောင် မကောင်းတာစားပြီး ငါ့ကို ကောင်းတာ လှူတယ်၊ ငါလေယောဒီဆွမ်းကိုစားပြီး ဒီဘဝဒီခန္ဓာ ရဟန္တာမဖြစ်ရင် မထတော့ပြီဆိုပြီး ကြိုးစား အားထုတ်လိုက်တာ ရဟန္တာ ဖြစ်သွားတာပဲ။

အဲဒီတော့မှ ဆွမ်းခံလဲ ကြွသွားတော့ ညီမ လုပ်တဲ့ သူငယ်မက မောင်ကြီးရဟန်းကို လှမ်းကြည့် လိုက်တယ်။

ဪ… ဒီနေ့ ငါ့မောင်ကြီး၊ အမေ့သားကြီး အတွက် စိတ်ချတော့တဲ့။ မောင်ကြီးဟာ ရဟန်းတို့ ရအပ်တဲ့ တစ်ခုခုကို ရသွားပြီတဲ့၊ ကလေးမလေး က သိတယ်နော်။ ရဟန်းတော်ရဲ့ မျက်နှာက ကြည်လင်နေတယ်။ အဲဒီတော့မှ အမေကြီးက ဪ…မြတ်စွာဘုရားက ငါ့ရဲ့ ဒီလိုသားမျိုးတွေ အတွက် သာသနာမှာ ထားခဲ့တာ၊ လျှုရကျိုးနပ်လိုက် တာတဲ့။

အဲဒီမှာ အမေကြီးက ရဟန်းတော်ကိုကန်တော့ တယ်၊ ကျေနပ်သွားပြီတဲ့၊ ထမင်းအင်္ကျီဝတ်ခံပြီး လှူရ တာ။ ရဟန်းတော် မျက်နှာဟာ ကြည်လင်သွား တယ်။

ဒါကြောင့် လောကုတ္တရာ တရားဟာ ကြည် လင်စေတယ်ဆိုတာ ဒါကိုပြောတာပါ။

အရိယာ သစ္စာတရားလေးပါးကို ဟောတယ်၊ ပြော တယ်၊ သိစေတယ်၊ ဖြစ်စေတယ်၊ ဖွင့်ပြတယ်၊ ဝေဖန်တယ်၊ ထင်ပေါ်အောင်ပြုခြင်းအားဖြင့် ကြည် လင်စေတယ်ဆိုရင် ဟောကြားခြင်းအားဖြင့်လည်း ကြည်လင်စေတယ်လို့ ခေါ်ပါတယ်။

ဒီသစ္စာတရားတွေကို နာကြားတဲ့ပုဂ္ဂိုလ်တွေကို တော့ ခံယူခြင်းအားဖြင့် ကြည်လင်စေပါတယ်။ ပြီးတော့မှ ဖွင့်ရှစ်ရပ် အကျင့်မြတ်ကတော့ အကျင့် မြတ်အားဖြင့် ကြည်လင်တာ။

တရားနဲ့ မတရား

သာသနာမှာ အကျင့်မြတ်သုံးခုရှိတယ်။ ဟော တာရယ်။ ခံယူတာရယ်၊ ကျင့်တာရယ်၊ ဒီအဓိပ္ပါယ် ရဲ့ အကျယ်ကို ပဋိသမ္ဘိဒါပါဠိတော်မှာ ပြဆိုထားပါ တယ်။

သဒ္ဓါရှိတဲ့ ပုဂ္ဂိုလ်သည် သဒ္ဓါအကြည်လေး ကြောင့် ခုံးမြတ်ချက်တွေ ကြည်လင်သွားတယ်။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သီလ၊ သမာဓိ၊ ပညာ အတုတုပဲ၊ သစ္စာလေးပါးအပေါ် အမှန်တကယ် ယုံကြည်လိုက်တယ်ဆိုရင် ကြည်လင်သွားတာပဲ၊ မယုံကြည်ရင် နောက်ကျုသွားတယ်၊ အရိယသစ္စာကို လမ်းဖွင့်ဖို့ သဒ္ဓါလိုပါတယ်။ မြတ်စွာဘုရား အဲဒီမှာ အရိယ သစ္စကထာကို ဟောပြီးသွားပြီ။

အဲဒီမှာ ဓမ္မဒါသ၊ ဓမ္မကြေးမုံ၊ တရားဆိုတာ ကြေးမုံ ပဲ၊ တရားတာလှုပ်ရင် တရားတဲ့ပုံပေါ်မယ်၊ မတရားတာလှုပ်ရင် မတရားတဲ့ပုံ ပေါ်မယ်။

နဟိဓမ္မော အဓမ္မောစ၊ ဥဘောသမဝိ ပါကိနော။

အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂတိံ။

ခေတ်တစ်လျှောက်လုံး ဓမ္မနဲ့အဓမ္မ ဘယ်တုန်းကမှ မတူခဲ့ဘူး။ ဓမ္မောစ-ဓမ္မသည်လည်းကောင်း၊ အဓမ္မောစ- အဓမ္မသည်လည်းကောင်း၊ နဟိသမ-ဝိပါကိနော-တူသောအကျိုး ဘယ်တုန်းကမှ မရှိ

ခဲ့ပါ။ မြတ်စွာဘုရားက တရား ကြေးမုံကို ချပေး လိုက်တယ်။

မြတ်ဗုဒ္ဓခရီးဆက်ရင်း

အဲဒီကနေသွားတော့ မြတ်စွာဘုရားရှင် ဝေသာလီကိုရောက်ပြီး မြတ်စွာဘုရားက ဝေသာလီမှာ သတိပဋ္ဌာန်တရားနဲ့ သတိသမ္ပဇဉ်တရားတွေကို ဟောပါတယ်။ ကောဋိဂါမမှာ အရိယာသစ္စာနဲ့ စခဲ့တဲ့ သာသနာတော်ကြီးကို အရိယာသစ္စာနဲ့ ပြန်ပြီး နိဂုံးချုပ်ပြီးတော့ သတိပဋ္ဌာန်တရားကို အမ္ဗပါလီရဲ့ သရက်ဥယျာဉ်ကြီးမှာ အစကလေး ပေးလိုက်တယ်။

ဗုဒ္ဓမြတ်စွာရဲ့ နောက်ဆုံးခရီးမှာ ဘယ်ကို ရောက်တယ်၊ ဘယ်မှာနားပြီး ဘယ်မှာ ဘယ်သူ့ကို ဘာတရားတွေဟောခဲ့ တယ်ဆိုတာကို သဘော လောက် ပြောပြနေတာပါ။ အဲဒီတော့ မြတ်စွာဘုရား ဆက်ကြွတယ်။ အဲဒီကမှ ဝေဠုဝရွာ၊ အဲဒီရွာဟာ မြတ်စွာဘုရားရှင်ရဲ့ နောက်ဆုံး ဝါဆိုခဲ့တဲ့နေရာပဲ။

**အထခေါ ဘဂဝတော ဝေသ္မပဂတဿ ခရော အာဗာဓော ဥပ္ပဇ္ဇိ၊ ဗာဠှာ ဝေဒနာ ဝတ္တန္တိ မာရဏန္တိကာ။**

ခုချိန်ကစပြီး နာကြီးကြီး နာကြားကြ။

အထခေါ-ထိုအခါ၌၊ ဘဂဝတော-ဘုရားရှင် ကိုယ်တော်မြတ်၏၊ ဝေသ္မပဂတဿ-ဝါဆိုပြီးသော ဘုရားရှင် ကိုယ်တော်မြတ်အား၊ ခရော-ခက်ထန် ကြမ်းတမ်းသော၊ အာဗာဓော-ပရိနိဗ္ဗာန်စံလောက် သော အနာရောဂါသည်၊ ဥပ္ပဇ္ဇိ-ဖြစ်ပြီ။

**ဝေဒနံ ဝတ္တန္တိ မာရဏန္တိကာ** တဲ့။ ဒီဝေဒနာရဲ့ နောက်ဆုံး မာရဏန္တိကာ -သေခြင်းလျှင် အဆုံးရှိတဲ့ ဝေဒနာ ဖြစ်ပေါ်လာပြီတဲ့။

မြတ်စွာဘုရား သေခြင်းလျှင် အဆုံးရှိသော ဝေဒနာဖြစ်ပြီး ခါတိုင်း ခါတိုင်းလည်း မြတ်စွာဘုရား ဝေဒနာတွေဖြစ်ပါတယ်။ အဲဒီ ဝေဒနာတွေကို ကျော် လွှားနိုင်ခဲ့ပါတယ်။ ဥပမာ-ဒေဝဒတ်က ကျောက် ဖောင်းတွေဆင်၍ ခြေဖဝါးတော် နှနှမှာ သွေးခြည်ဥ

ခဲ့ရပါတယ်။ တစ်ရံတစ်ခါ ကျောအောင့် တာတွေ၊ ကျွတ်ခဏခဏ တက်တာတွေကို ခံစားရပါတယ်၊ ဒါပေမယ့် ဒီဝေဒနာတွေက ကျော်လွှားနိုင်ခဲ့ပါတယ်။ မြတ်စွာ ဘုရားမှာ စိတ်မှာ ခံစားရတဲ့ ဝေဒနာတော့ မရှိပါဘူး။ ကိုယ်မှာဖြစ်တဲ့ ဝေဒနာကတော့ ရှိပါတယ်။

ဗုဒ္ဓမြတ်စွာသည် အထိုင်များလို့ ခဏ ခဏ ကျွတ်တက်ပါတယ်။ ဗုဒ္ဓမြတ်စွာကလည်း ဝဋ်ကြွေး ဝဋ်ကြွင်းတွေကိုပေးဆပ်ရသေးတယ်။ သာမန်လူတွေ အတွက်ဆို ပြောမနေနဲ့တော့။ Everybody is not perfect. I am not perfect. The world is not perfect. ငါလည်း ဘာမှ မပြည့်စုံပါဘူး။ ငါဟာ ငါမှန်တယ်လို့မပြောခဲ့ပါဘူး။ ငါမှားတာရှိရင် ဝန်ခံဖို့ အသင့်ပါပဲ။

ခဲတံလေးရဲ့ထိပ်မှာ ခဲဖျက်ကို ထည့်ထားတာ ဟာ မှားရင်ဖျက်ဖို့ဆိုတဲ့ အဓိပ္ပါယ်နဲ့ ထည့်ထားတာ။ ခဲတံကုမ္ပဏီက သိတယ်။ ရေးရင် မှားတတ်ကြမယ်၊

မှားတာတွေကိုပြင်ဖို့ ဖျက်ဖို့ ခဲဖျက်လေး တည့်ထားပေးတယ်။ လူတွေမှားတတ်တယ်ဆိုတာကို ခဲတံကုမ္ပဏီက သိတယ်နော်။ ဒါကြောင့် Everybody is not perfect. ဒီစကားကို ခဲတံကုမ္ပဏီက ပြောလိုက်တာ။

ဘုရားရှင်ကတရားတွေဟောပြီ၊ ချစ်သားတို့… ငါဘုရား ပြင်းထန်တဲ့ ဝေဒနာတွေကို ခံစားရပြီတဲ့။ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်ကြီးလည်း ဓာတ်လေးပါးနဲ့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်မို့အကုန်လုံးကောင်းနေတာ မဟုတ်ဘူး။ အနာရောဂါတွေ ဖြစ်တယ်။ ဦးခေါင်းလည်း ခဏ ခဏ ကိုက်တယ်။ ခါနာတယ်၊ ဗုဒ္ဓမြတ်စွာဘုရား ဟိုရှေ့တုန်းက လက်ဝှေ့သမားဖြစ်ခဲ့စဉ်အခါတုန်းက သူနဲ့ ထိုးဖက် လက်ဝှေ့သမားက ရှုံးပါပြီဆိုတဲ့ အရာကို အလဲလဲသွားပါလျက်နဲ့ တစ်ခါတည်း ကိုင်ပေါက်တာ ခါးကျိုးသွားတယ်။ ခြေသလုံးတွေ ကြွက် ခဏ ခဏ တက်ပါတယ်။ အဲဒီတုန်းက ခံစားခဲ့ရတဲ့ ဝေဒနာတွေကို

မာရဏန္တိက ဝေဒနာ သေလောက်တဲ့ ဝေဒနာလို့ မသုံးခဲ့ပါဘူး။

ဒီကနေ့တော့ ဒီရောဂါဝေဒနာက နလန်မထူ တော့ဘူး။ ဒါ နောက်ဆုံးဝေဒနာပဲ၊ ညီတော် အာနန္ဒာ တဲ့၊ ငါဘုရားရှင်ရဲ့ ဝေဒနာက နောက်ဆုံးဝေဒနာပဲ။

**တာ သုဒံ ဘဂဝါ သတော သမ္ပဇာနော အဓိဝါသေသိ အဝိဟညမာနော။**

ငါဘုရားသည် သတိသမ္ပဇဉ်နဲ့ ဆင်ခြင်ပြီး ပင်ပန်းတယ်လို့ သဘောမထားဘဲ သည်းခံတော် မူပါတယ်တဲ့။

စကားနှစ်ခုဆန့်ကျင်သလိုဖြစ်သွားပြီ။ ခုနတုန်း က ခရော-ပြင်းထန်သော၊ အာဗာဓော-အနာရောဂါ သည်၊ ဗာဠှာ- ပြင်းထန်သော၊ ဝေဒနံ-ဝေဒနာတို့ သည်၊ ဝတ္တန္တိ-ဖြစ်ကြကုန်၏။

မြတ်စွာဘုရားမှာ ပြင်းပြင်းထန်ထန် နှိပ်စက်တဲ့ ဝေဒနာတွေ ပေါ်တယ်လို့ ဆိုတယ်။

အခုပါဠိက-

ဘဂဝတော - ဘုရားရှင် ကိုယ်တော်မြတ်သည်၊ သဘော-သတိရှိသည်ဖြစ်၍၊ သမ္ပဇာနော-ဆင်ခြင်ဉာဏ် ပြည့်စုံသည်ဖြစ်၍၊ အဝိဟညမာနော-မနှိပ်စက်သည်ဖြစ်၍၊ ဝေဒနာ-ဝေဒနာကို၊ အဓိဝါသေသိ-သည်းခံ၏။

ဒီနေရာမှာ ဝေဒနာကို ခွါသည်ဆိုရာဝယ် ဝေဒနာကကိုယ်ပေါ်ရောက်လာတဲ့အခါမှာ လက္ခဏာပင်လျှင် ကိုယ့်ကို လွှမ်းမိုးသွားမယ်၊ ဝေဒနာကို လက္ခဏာတင်တဲ့အခါမှာ ဝေဒနာ ကွာကျသွားမယ်။ ကိုယ့်ကို မလွှမ်းမိုးတော့ဘူး။

စာလေးတစ်ကြောင်း ရဖို့ ရှာလိုက်ရတာ၊ ဘာတွေရှာရသလဲ၊ ဘယ်အကြောင်းတွေကို ရှာရသလဲဆိုရင် ဝါတော် ခြောက်ဆယ်ရှိတဲ့ မထေရ်အရှင်ခေမက၊ အနာထပိဏ်၊ အရှင်မောဂ္ဂလာန် နောက်တစ်ခါ သိရိဝဍ္ဎနဒါယကာ၊ ဒီအကြောင်း အရာတွေမှာ လိုက်ရှာတာ။

ပေါက်သွားတာလေးတွေပြောပါရစေ

ဦးဇင်း ဒီနေ့ တစ်နေကုန် ခါးတွေကိုက်နေတာပဲ။ နားထဲက လေတွေ ထွက်လာတယ်။ စာလေး နှစ်ကြောင်းရဖို့ ရှာဖွေရတာ၊ နောက် အစာအိမ်ရောဂါ ဖြစ်လာတယ်။ဗိုက်ကလည်းနာလာတယ်။ လေအောင့်တာပေါ့။ ဦးဇင်းကစာချရတယ်၊ တရားဟောရတယ် ဆိုတော့ လေတွေကိုထုတ်တာ။ ဒါကြောင့် တရား ဟောရင် ဆယ်မိနစ်လောက် နှလုံးခုန်နှုန်းကောင်း အောင် အဆုပ်သန့်ဖို့အတွက် အသက်ပြင်းပြင်း ရှူရ တယ်။ လေပြင်းပြင်း ရှူရတယ်။ လေက အစောက- မပါလာ၊ ညနေကမပါလာ ဆိုတာရှိတယ်။ ဦးဇင်းက အပေါ်ကို လေတက်နေတာဖြစ်ခြင်းကြောင့် လေက အောက် မဆင်းဘူး။ အဲဒီတော့ အစာအိမ်ဖြစ်တယ်။ အဲဒါ ထုံးစံပဲ။

လူရဲ့ အူက ၂၄-ပေရှိတယ်။ စာပေနဲ့တော့ မကိုက်ဘူး။ စာပေကတော့ တစ်မျိုးပြောထားတယ်။ ဦးဇင်းက ဇန်းမော်ဆရာတော်ကြီးကိုလည်း လျှောက်

တယ်။ နို့ပြင် ဆရာတော်တစ်ပါးကိုလည်း လျှောက်တယ်။ အရှင်မြတ်တို့ ဘုရား။ ဟတ္ထ ဆိုတဲ့ ပါဠိကို အတောင် သို့မဟုတ် အထွာလို့ ဘာသာပြန်သင့်ပါသလားဘုရားလို့။

ဗေဒီ ဝိဘင်းပါဠိတော်တွေမှာ အရပ်ကို တိုင်းတဲ့အခါမှာ ယောက်ျား ၃၂-ထွာရှိတယ်။ မိန်းမက ၂၈ ထွာရှိတယ်။ ဟတ္ထက အတောင်ဆိုရင် ၃၂-တောင်၊ ၁၆-ကိုက် ဖြစ်ပါတယ်။

၁၆-ကိုက်ကို ၃-နဲ့မြှောက်ရင် ၄၈-ပေဆိုတော့ အရပ်ကြီးက သိပ်ရှည်သွားပါတယ် ဘုရားလို့ နှစ်ဆ ဖြစ်သွားပါတယ်။ ၂၈-တောင်ဆိုလို့ရှိရင် ၁၄-ကိုက် ပါဘုရားလို့။ ၁၄-ကိုက်ဆိုရင် ၄၂-ပေ ဖြစ်ပါတယ်။

ကမ္ဘာ့ဆေးသိပ္ပံကို ကြည့်လိုက်တဲ့အခါမှာ Medical Science ကို ကြည့်ပါ။ အဲဒီမှာ ၂၄-ပေလို့ ပါပါတယ်။ အကယ်၍များ ၃၂-တောင်ဆိုတဲ့ အရပ်ကို ၃၂-ထွာလို့ ယူလို့ရှိရင် ၁၆-တောင်၊

၁၆-တောင်ဆိုရင် ၈-ကိုက်။ ၈-ကိုက်ကို ၃-နဲ့ မြှောက်ရင် ၂၄-ထွာ၊ ကွက်တိပဲ။

တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး စာအုပ်ကို ကြည့်ဖြစ်တော့လည်း ဟတ္ထကို အတောင်လို့ပဲ ပြန်ပါတယ်။ စာပေနဲ့လက်တွေ့သဘောနဲ့ တူတာ များပါတယ်။ ပဋိသန္ဓေ ယူတာတွေ အကုန်တူပါတယ်။ ကျန်တဲ့ အသည်းတွေ၊ ကျောက်ကပ်တွေ၊ နှလုံးတွေ အနေအထားတွေလည်း အကုန်လုံး တူကြပါတယ်။ အရှည်တာကျတော့ ကွာနေတယ်။

ပါဠိတော်တွေမှာ ယောကျ်ားကအရပ် ၃၂-တောင်၊ မိန်းမက ၂၈-တောင်၊ မိန်းမတွေက အရပ်လေးနည်းနည်း တိုနေတယ်။

သီချင်းလေးတောင် ရှိသေးတယ်။ "သူတို့ ဆိုးတော့ လူမသိတယ်၊ အတိုမျိုးမို့ ပုမိတယ်"။ ကြည့်စမ်း နဂိုကတည်းက အမျိုးသမီးတွေက အရပ်တို ပြီးသားပါ။ ဒီစာသားတွေက အဘိဓမ္မာတွေထဲက သွားတာ။

တချို့ကိစ္စတွေက အမှတ်တမဲ့ ပြောလိုက်တာ လို့ ထင်ရတာပေမယ့် သဘာဝတွေ၊ စာပေတွေနဲ့ ကိုက်ညီနေတာ။ "အမယ်လေး အမယ်လေး... ငါကြောက်လိုက်တာ၊ သွေးထွက် သံယို မကြည့်ရဲ ဘူး"တဲ့ ဒီစကားဘယ်ကလာမှန်းမသိဘူး။ ဘယ်သူ ပြောမှန်းမသိဘူး။ ဟုတ်တယ်။ သွေးတွေထွက်ရင် သံဓာတ်တွေ ကုန်သွားတယ်တဲ့။ ဒါကြောင့် Faris Sulphate တိုက်ရတာ။ သံဓာတ်တွေ ဖြန့်ဖြည့် အောင်လို့၊ သွေးထွက် သွားတိုင်း ထွက်သွားတိုင်း သံဓာတ်တွေ ယိုတယ်။ သံဓာတ်တွေ ဆုံးရှုံးသွား တာ။

ကြည့်စမ်း... ကမ္ဘာ့ဆေးသိပ္ပံက မပြောခင် ကတည်းက မြန်မာတွေဟာ ဝေါဟာရထဲမှာထည့် ပြီး ပြောဆိုသုံးစွဲနေပြီ။ ဘယ်လောက်တော်သလဲ။

အဲဒါကြောင့်ပဲ သွေးလှူဒါန်းပြီးရင် ကြက်ဥ တွေတိုက်၊ နွားနို့တွေသောက်၊ အဲဒါကြောင့် လုပ်ရ တာဗျာ၊ သွေးထွက်ရင် သံဓာတ်တွေ ယိုတယ်။

အဲဒီတော့ ကိုယ့်အကြောင်းကို ဆက်ပြောဦးမယ်။ အစာအိမ်တွေဖြစ်လာတယ်။ ထမင်းစားပြီးလို့ရှိရင် ပုံမှန် လူက တစ်နာရီကို ခြောက်ပေလောက်တွန်းတယ်။ ၄-နာရီရောက်ရင် အစာက ကြေသွားပြီ။ ၁၂-နာရီမထိုးခင် လောက် ဆွမ်းဘုဉ်းပေးထားတဲ့ ဘုန်းကြီးတစ်ပါးသည် လေးနာရီဆိုရင် ဗိုက်ထဲမှာ ဘာမှမရှိတော့ဘူး။

အခု ၂၄-ပေ ဖြစ်ခြင်းကြောင့် တစ်နာရီကိုတွန်းရင် ခြောက်ပေရောက်တယ်။ ပုံမှန်သမားသည် ၄-နာရီမှာ အစာကြေတယ်။ သိပ်ဆာတဲ့ ပုဂ္ဂိုလ်ကတော့ ၃-နာရီလောက်မှာ အစာကြေတတ်တယ်။ ၁-နာရီ ခု ၆-ပေ ပုံမှန်တွန်းတယ်။ ငါတို့က အပေါ်ကို လေတွေ ထုတ်တာဖြစ်ခြင်းကြောင့် မတွန်းတော့ဘူး။

ဒါကြောင့် တို့ အစာမကြေဖြစ်တာ၊ စကားပြောများလို့၊ ဟုတ်ပြီနော်။ ဆေးသိပ္ပံအကြောင်းလည်း နည်းနည်း ပြောရသေးတယ်။

ဒီလိုဖြစ်တာ သူ့အကြောင်းနဲ့ သူ ဖြစ်တာ။ ဦးကောသလ္လ မဖြစ်ဘဲ အခြားသူတွေ ဖြစ်လိုက်ပါလားလို့ မရဘူး၊ ဦးကောသလ္လက ဆေးဝါးတွေလည်း လှူပါတယ်။ အမေရိကန်ကနေ ဒီတစ်ခေါက်ဆို ပုံးအကြီးကြီးနဲ့ Centrum တွေ အများကြီး၊ အဲဒီပုံးကြီးတွေနဲ့ အပြည့်ယူလာတာ။

ဆေးကို မသွင်းရပေမယ့် သက်ဆိုင်ရာတွေကို အကျိုးအကြောင်းပြောပြီး ယူလာတယ်။ အားလုံး Pass ပေးလိုက်တယ်။

ဟိုနိုင်ငံခြားကို ရောက်ရင်လည်း သင်္ကန်းတွေ ခုကုန်ရှိတွေ ထားပစ်ခဲ့တယ်။ ကြိုက်တဲ့ဘုန်းကြီးတွေကို လှူလိုက်ပါလို့။ သွားတိုင်း သွားတိုင်း ဘယ်နေရာရောက်ရောက် သင်္ကန်းတွေလည်း လှူခဲ့တာပါပဲ။

ဒီလောက် ကုသိုလ်တွေ လုပ်ပေမယ့် ငါ့ကျမှ အစာအိမ်ရောဂါကလာဖြစ်ရတယ်။ ငါ ဝေဒနာခံစားရတယ်ဆိုရင် အတွေ့ဝင်သွားပြီ။

ဝေဒနာရောက်လာတဲ့အခါမှာ မိမိကိုယ်ပေါ် ရောက်လာတဲ့ ဝေဒနာကို အနိစ္စလက္ခဏာ၊ အနတ္တ လက္ခဏာမတင်နိုင်ရင် အတ္တဝင်တယ်။ ဒိဋ္ဌိဝင်တယ်၊ တဏှာ ဝင်တယ်။ လက္ခဏာလေး တင်လိုက်ရင် ဝေဒနာအပေါ်မှာ လက္ခဏာဉာဏ်လေးက လွှမ်းမိုး သွားတယ်။ ဒါကြောင့် ဝေဒနာက ငါ့ကို မနှိပ်စက် တော့ဘူး။ ကာယိကဒုက္ခ-နာတော့ နာတယ်၊ စေတသိကဒုက္ခ-စိတ်ထဲမှာ ခံစားရတဲ့ ဆင်းရဲမှု မရှိဘူး။ ဒါကို ပြောတာ။ အဋ္ဌကထာဖွင့်ထားတာ ကောင်း လိုက်တာ။ ဋီကာတွေလည်း အဲသည်လိုပဲ ဖွင့်ပါတယ်။

ဉာဏ်နဲ့သည်းခံရ

အဝိပဿနာနော-ကြည့်နော်။ တောင်မြို့ ဆရာတော် ဘုရားကြီး၊ သုတ်မဟာဝါဘာသာဋီကာ ထဲမှာ ပါတဲ့အတိုင်း အဝိပဿနာနော-ဝေဒနာ ပေါ်က-ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေသည်တဲ့။

မှတ်ထားနော်။ ဝေဒနာကို လိုက်တဲ့သူတွေ သေချာ မှတ်ထားပါ။ ဝေဒနာဟာ သိပ်မြန်နေတာ ဖြစ်ခြင်းကြောင့် မလိုက်ပါနဲ့တဲ့။ ဝေဒနာကို တစဉ် တစ်တန်းတည်း အာရုံစိုက်နေရင် ကြီးကျယ်တယ်။

နာတာကိုလည်း တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်က ဉာဏ်အားဖြင့် အဓိဝါသေသိ-သည်းခံ၏။

ကမ္မဋ္ဌာန်းထိုင်တဲ့ ပုဂ္ဂိုလ်ဟာ ညောင်းတော့ ညောင်းတယ်။ ကိုက်တော့ ကိုက်နေတယ်။ ခဏ ခဏဖြစ်ရင် ကမ္မဋ္ဌာန်းစောင့်တဲ့ဘုန်းကြီး ကမ္မဋ္ဌာန်း ဆရာကို ကြောက်လို့ ပေပြီးခံနေတာမျိုး မဖြစ်ပါ စေနဲ့။ ဉာဏေန-ဉာဏ်အားဖြင့်၊ အဓိဝါသေသိ-သည်းခံတာ ဖြစ်ပါစေတဲ့။

ဝေဒနာကို နောက်ကလိုက်ရင် တစဉ်တစ်တန်း တည်း အာရုံပြုနေရင် ဝေဒနာဟာ ကြီးကျယ်တယ်၊ အာရုံက မလိုက်နိုင်ဘူး။ ဝေဒနာက မြန်နေတယ်။ ဖြစ်-တည်-ပျက်ကို ဥပါဒ် ဌီ ဘင် အကျိုးတရား ဖြစ်နေတယ်။ ဝေဒနာက ဖြစ်- တည်-ပျက်-ဥပါဒ်-

ဌီ-ဘင် ခဏတ္တယ သဘောပဲ။ ဥပါဒ် ဌီ၊ ဘင်၊ ခဏတ္တယ သဘောအားဖြင့် ခဏတိုင်း ခဏတိုင်း ဖြစ်-တည်-ပျက် ဝေဒနာဟု ဉာဏ်ဖြင့် ပိုင်းခြား၍ ရှုဖို့ခက်တယ်။ အဲဒီဝေဒနာ အစဉ်တန်းအတိုင်း နောက်က လိုက်နေရင် ဉာဏ်ကထင်ဖို့ ကျယ်သွား တတ်တယ်။ အဲဒီတော့ ဒီလိုမလုပ်နဲ့၊ ဖြစ်ပြီးပျက် တယ်၊ ခဏတ္တယသဘောနဲ့ သွားနေတဲ့ ဝေဒနာ၊ အဲဒီဝေဒနာဟာ ဖြစ်ပြီးပျက်တယ်၊ ဖြစ်ပျက် ဖြစ်ပျက် လို့များ ဉာဏ်မှာထင်လိုက်တဲ့အခါမှာ ဝေဒနာလေး ရှုရောကျဉ်းသွားပါတယ်။ပညတ်တွေကို သိမ်မလိုက် နဲ့၊ သာယာရင် သုခဖြစ်မယ်။ မသာယာဖွယ် မချမ်း သာဖွယ်ဆို ဒုက္ခဝေဒနာဖြစ်မယ်။ သာယာဖွယ်လည်း မဟုတ်၊ ချမ်းသာဖွယ်လည်း မဟုတ်ရင် ဥပေက္ခာ ဝေဒနာ ဖြစ်မယ်၊ အဲဒီ ဝေဒနာသည် အနိစ္စ-မမြဲပါ။ နဂိုကမရှိ၊ သင်္ခတာ-ပြုပြင်ပေးလိုက်ပါ။ ပဋိစ္စ သမုပ္ပန္နာ-အကြောင်းတရားတွေဖြစ်ပြီး မှီလာတဲ့ အရာ၊ ခယဓမ္မ ဝယဓမ္မ-ကုန်ခမ်းတတ်တဲ့သဘော၊

ပျက်တတ်တဲ့သဘော၊ နိရောဓဓမ္မံ-ချုပ်ငြိမ်းတတ်တဲ့ သဘောပါ။

အနိစ္စံ သင်္ခတံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ပဋိစ္စ သမုပ္ပန္နံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ-အားလုံး (၇)ချက်ပဲ ရှုလိုက်ပါ။ ဝေဒနာတွေ တစ်ခါတည်း ပြတ်တယ်။ ဝိရာဂဓမ္မ-အဲဒီဝေဒနာ တပ်မက်ခြင်း ကင်းတယ်။ နိရောဓဓမ္မ-ဖြစ်ပြီးရင် ဒီအတိုင်းမနေ ချုပ်ငြိမ်းသွားတယ်လို့ သိသွားရင်ပြီးပြီ။

ဉာဏေန-ဉာဏ်အားဖြင့်၊ အဓိဝါသေသိ-သည်းခံ၏၊ အဲသည်လို သည်းခံရင် အလွန်နှိပ်စက်တတ်သော ရောဂါဝေဒနာ ခန္ဓာကိုယ်ထဲ ရောက်လာပေမယ့် ဉာဏ်ဖြင့် ပိုင်းခြား၍ ရှုလိုက်တဲ့အခါမှာ ဝေဒနာသည် သေးသွားတယ်။

ဗိုက်နာနေရင်းတန်းလန်းနဲ့ အဲဒီ ဝေဒနာလေးကို ဉာဏ်လေးနဲ့ ခွာလိုက်တဲ့အခါမှာ ဝေဒနာလေးက "အမလေး အမေရေ၊ အမလေး အမေရေ" လို့ မဖြစ်တော့ဘူး။ အခံမခက် တော့ဘူး။ အဲဒီဝေဒနာကို

သည်းခံနိုင်တယ်လို့ ဆိုပါတယ်။ အဓိဝါသနာနော-ဝေဒနာက မြတ်စွာဘုရားရှင်ကို မနှိပ်စက်ပါ။

ဝေဒနံ-ဝေဒနာသည်၊ ခဏိကံ-ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေသည့် အဖြစ်ကိုလည်းကောင်း၊ အနိစ္စရဲ့အဖြစ်ကိုလည်းကောင်း၊ ဒုက္ခတံ-ဆင်းရဲသည်၏ အဖြစ်ကိုလည်းကောင်း၊ အတ္တသုညတံ-အတ္တမှ ဆိတ်သုဉ်းသည်၏အဖြစ်ကို လည်းကောင်း၊ ခဏတိုင်းဖြစ်ပျက်နေသည်၏ အဖြစ်ကိုသော် လည်းကောင်း၊ ဒုက္ခတံ-ဒီအတိုင်း မနေဘဲ ဆင်းရဲနေတဲ့ အဖြစ်ကိုသော်လည်းကောင်း၊ ညှဉ်းဆဲနေတဲ့ အဖြစ်ကိုသော်လည်းကောင်း၊ အတ္တသုညတဉ္စ-အတ္တမှ ဆိတ်သည်၏ အဖြစ်ကိုလည်းကောင်း၊ ယထာဘာဝတော-ဟုတ်မှန်တဲ့အတိုင်း၊ ဉာဏေန ပဋိဝိဇ္ဈ-ဉာဏ်ဖြင့် ပိုင်းခြား၍၊ အဓိဝါသေသိ- သည်းခံတာ။

အဲဒီဝေဒနာကို၊ အတိဘာဝနော-ဘုရားရှင်က လွှမ်းမိုးလျက်နေတယ်လို့ ဆိုပါတယ်။

ဒီဝါကျလေးတစ်ကြောင်းကိုရသွားပြီ။ ဝေဒနာပေါ်မှာ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောလို့မြင်လိုက်တော့ ဝေဒနာကို နိုင်သွားပြီ။ အဲသလိုမဟုတ်ရင် ငြီးတော့မှာ။

န တာ ဟိ အဘိဘုယျမာနော-ထိုဝေဒနာတို့သည် မြတ်စွာဘုရားကို လွှမ်းမိုးအပ်သည်ဖြစ်၍နေသည်မို့၊ အဝိဟိည မာနော-မညှဉ်းဆဲဘူး။ မညှဉ်းဆဲနိုင်သည်ဖြစ်၍တဲ့။

အဝိဟညမာနောတိ ဝေဒနာနုပဿနာဝသေန အပရာပရ ပရိဝတ္တနံ အကာရောန္တော အဝိဋ္ဌယမာနော အဒုက္ခိယမာနော ဝ အဓိဝါသေသိ။ အဋ္ဌကထာအဖွင့်မှာ ပြထားတယ်။

## သီလဝန္တပုဂ္ဂိုလ်ကြီး

အဲဒီတော့ တခြောင်းခြောင်း တပြန့်ပြန့်နဲ့ အမလေး အမေရေ အမလေး အမေရေနဲ့ ဖြစ်နေတဲ့သူ ဘယ်သူကြီးလဲ၊ ဝါတော် ၆၀-ရှိတယ်။ မထေရ်ကြီး

ဘယ်လို ဖြစ်နေတာလဲ။ သက်တော် ၈၀၊ ဝါတော် ၆၀ ရှိတဲ့ မထေရ်ကြီး၊ အဲဒီမထေရ်ကြီးက ငါတို့လိုပဲ လေမှာရောဂါ ရှိတယ်။

သဗ္ဗါဝိသသဆိုတဲ့ ဘုရင်ကြီးက လာကန်တော့တာ။

"မင်းကြီးများ"

"ဘုရား"

"ဘာအသံများလဲကွ"

"မှန်လှပါဘုရား၊ ဘုန်းကြီးတစ်ပါး ပရိနိဗ္ဗာန်စံမယ် ဆိုလို့ မထေရ်ကြီးကို လာကန်တော့တာဘုရား။ အခု အဲဒီ မထေရ်ကြီးက ဝေဒနာအပေါ် သည်းမခံနိုင်လို့ အမလေး အမလေး ကယ်ပါဦးဆိုပြီး အော်နေတယ်ဘုရား။"

"ဘယ်နှစ်ဝါရှိပြီလဲကွာ" တဲ့

"ဝါခြောက်ဆယ်ပါဘုရား"

ဝါ ၆၀-ရှိတာတောင်မှ ဝေဒနံ ပရိဂ္ဂဟမစွမ်းမို့ ဆာနာတီ-ဝါခြောက်ဆယ်ရှိနေတဲ့ ဘုန်းကြီးတစ်ပါး

က ဝေဒနာ လေးကိုတောင်မှ ပိုင်းခြားမသိနိုင်တဲ့ ဘုန်းကြီးဆိုတော့ ငါ မကာနဲတော့ဘူးကွာ ဆိုပြီး ဘုန်းကြီးကို ရှိမခိုးဘဲ ဗောဓိပင်ကို ရှိခိုးမယ်တဲ့။

အဲဒီမှာတပည့်တွေက မစေဝရဲကြီးကို လျှောက်ကြတယ်။ အရှင်ဘုရား…သဒ္ဓါတရားရှိတဲ့ ရှင်ဘုရင်ကြီးကလေ အရှင်ဘုရား ဝေဒနာကို သည်းမခံနိုင်တာကို သိသွားလို့ သဒ္ဓါတွေ ပျက်ကုန်ပြီဘုရား။ ခုကွပါပဲ။

ဆရာတော်က “ဘာဖြစ်လဲကွ”တဲ့။ “အရှင်ဘုရား ငြီးတွားနေတာကိုး”တဲ့။

ဆရာတော်က သတိရသွားတယ်။ ဒါနဲ့ ငါ့ကို နည်းနည်းထူပေးစမ်းပါတဲ့။ တပည့်တွေက ထူပေးလိုက်တယ်။ အဲဒီထူပေးဆဲ ခဏမှာတင်နော်။ ဆောတွန်းက ဘာတရားမှလည်းမနာ၊ ဘာကမ္မဋ္ဌာန်းမှလည်း အားမထုတ်ဘဲနေတဲ့ ဆရာတော်။ သို့သော် အနှစ် ၆၀ ကာလပတ်လုံး သီလတွေ ဖြူစင်ခဲ့တယ်။ အဲဒီသီလတွေဖြူစင်တာကို ပြန်ဆင်ခြင်လိုက်တော့မှ

ဝိမိသီလ စင်ကြယ်တာလေးကို ကြည့်လိုက်တော့ စိတ်ချမ်းမြေ့သွားတယ်။

သီလဖြူစင်ခြင်းကို ဆင်ခြင်မိလို့ ဝမ်းမြောက်မှု ပါမောဇ္ဇဖြစ်တယ်။ ပါမောဇ္ဇက ပီတိ နှစ်သက်ခြင်း လေး ဖြစ်တယ်။ အဲဒီ ပီတိလေးဖြစ်ပြီး ပဿဒ္ဓိ- ကိုယ်စိတ် ငြိမ်းအေးသွားတဲ့အခါ ဓမ္မလား၊ သတိ သမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိ သမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင် ဆိုတဲ့ ဗောဇ္ဈင်တွေ ဆက်ဆက်ပြီးတော့ ဖြစ်သွားလိုက်တာ။

ကိုယ်စိတ်နှစ်ပါး ငြိမ်းသွားတဲ့အခါမှာ ပဿဒ္ဓိ လည်းပေါ်ရော၊ ဟိုဖက် စုနက ခံစားနေရတဲ့ ဒုက္ခ ဝေဒနာကြီးကို အမလေး အမလေးလို့ အော်နေတဲ့ အချိန်မှာ စိတ်ကလေးက ချမ်းမြေ့သွားပြီး မအော် တော့ဘူးတဲ့။ မအော်ဘဲ ဆင်ခြင်နှလုံးသွင်းတဲ့အခါ ယထာဘူတဉာဏ်ပေါ်ပြီး၍ သီလကနေ သမာဓိ ဖြစ်လာတယ်။ သမာဓိကနေ ပညာဘက် ကူးပြီး

တော့ အာသဝေါကုန်ခမ်းတဲ့ ရဟန္တာမထေရ်ကြီး ဖြစ်သွားပါတယ်။

ဆရာတော်ကြီးက မင်းတို့ဘုရင် ခေါ်လိုက်ပါတဲ့။ ရှင်ဘုရင်က ဖောမိပင်တောင် ရှိမခိုးရသေးဘူး။ မြန်လိုက်တာဗျာ၊ ကြည့်စမ်း။ ကောင်းလိုက်တာ။ ဝေဒနံ ဝိက္ခမ္ဘေတွာ ဝေဒနာကို ခွာလိုက်သည်ဖြစ်၍ တဲ့။

### ဝေဒနာခွာပုံ

ဝေဒနာကို ခွာတာ ၂-မျိုးရှိတယ်။ ခံစားနေရတဲ့ ဝေဒနာကို ခွာပြီး အားထုတ်ဆဲ ကမ္မဋ္ဌာန်းကို အားထုတ်တာ ရှိတယ်။ ဝေဒနာ တစ်ခုတည်းကို ရှုတာ၊ ရှုပြီး ခွာတာ၊ ၂-မျိုးရှိတယ်။

ခွာလည်းခွာလိုက်ရော၊ အမလေး အမလေး အော်နေတဲ့အခါမှာ ဉာဏ်မပေါ်ဘူး။ ပီတိသမ္မောချင်လေး ပေါ်လာတာနဲ့ ငြိမ်းလိုက်ရော။ ဝေဒနာက ငြိမ်းသွားတယ်။ အငြိမ်းလေးမှာ မိမိဝေဒနာလေးကို

ပြန်ကြည့်လိုက်တော့အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ ကုန်ခမ်းခြင်းသဘော၊ ပျက်ခြင်းသဘောတွေ ရှုမြင်လိုက်တော့ ဉာဏ်ပေါ်ပြီးတော့ ရဟန္တာဖြစ်သွားတာပေါ့။ ဝေဒနာကို ရှုပုံ ၂-နည်း ရှိတယ်။ မှတ်ထားပါ။

မင်းတို့ဘုရင် ပြန်ခေါ်လိုက်စမ်းဆိုတော့ ဘုရင်က ပြန်လှည့်လာတယ်။ မထေရ်ကြီးကို ကြည့်လိုက်တော့ ဣန္ဒြေတွေ ငြိမ်သက် ကြည်လင်ပြီးတော့ တည်တည်ကြည်ကြည် ရှိနေတယ်။ ရဟန္တာဖြစ်သွားပြီ။ အဲဒီမှာ ဘုရင်ကြီးက လျှောက်ထားလိုက်တယ်။

ဘန္တေ-အရှင်ဘုရား။ အဟံ-တပည့်တော်သည်၊ တဝ- အရှင်ဘုရား၏၊ အရဟတ္တဖလံ-အရဟတ္တဖိုလ်ကို၊ နဝန္ဒာမိ- မရှိခိုးပါဘုရား။ ခေါပန-စင်စစ်သော်ကား၊ တဝ-အရှင်ဘုရား၏၊ ပုထုဇ္ဇနဘူမိယံ-ပုထုဇဉ်ဘဝတုန်းက၊ ဌိတွာ-တည်ရှိခဲ့ ပြီးဖြစ်သော၊ ရက္ခိတသီလံ-စောင့်ခဲ့တဲ့ သီလကိုသာ၊ ဝန္ဒာမိ- ရှိခိုးပါ၏။

ဘုရင်ကြီးက အရှင်ဘုရား ပုထုဇဉ်ဘဝတုန်းက ကာမဂုဏ် အာရုံတရားတွေကို ရှောင်ရှားခဲ့တဲ့ သီလ၊ ဒီကာမဂုဏ် အာရုံတွေအပေါ် မလွန်ကျူးမိအောင် စောင့်ရှောက်နိုင်ခဲ့တဲ့ အရှင်ဘုရား သီလ၊ အဲဒီ သီလကိုသာ တပည့်တော် ကြည်ညိုပြီး ရှိခိုးတာပါတဲ့။

ဆိုလိုသည်မှာ သစ်ပင်ကြီးကြီးဖြစ်မှ အရိပ်မလုပ်ပါနဲ့ အပင်ပျိုလေးတွေ ကတည်းက ဂရုစိုက်ပါလို့ ပြောတာ။ ပုထုဇဉ်ဘဝတုန်းက မပေါက်မကြားရအောင် စောင့်ရှောက် ခဲ့တဲ့ သီလက ခက်ခဲပါတယ်တဲ့။ ဒါကြောင့် အရှင်ဘုရားရဲ့ အဲဒီသီလကို ရှိခိုးပါတယ်တဲ့။ ဝေဒနာရှုလိုက်တာနော်။

အရှင်မောဂ္ဂလာန်ကြီး ဝေဒနာရှုပုံ သွားကြရအောင်၊ မြတ်စွာဘုရား ဝေဒနာရှုတာနဲ့ အရှင်မောဂ္ဂလာန်ရှုတာနည်းနည်းတူတယ်။ မြတ်စွာဘုရားကတော့ အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားပြီး၍ ဝေဒနာကို ရှုပါတယ်။

ဘဂဝါ-မြတ်စွာဘုရားသည်၊ ဣတော-ဤ အခါမှ၊ ပုဗ္ဗေ-ရှေးအခါ၌၊ ဖလသမာပတ္တိံ-ဖလသမာ ပတ်ကို၊ နသမာပဇ္ဇတိ-မဝင်စားတော်မူသလော။

ဖလသမာပတ်ကိုဝင်စားတယ်ဆိုတော့ ခါတိုင်း မဝင်စားဘူးလားတဲ့၊ အခု ဝေဒနာကြီး အပြင်းအထန် ဖြစ်မှ ဝင်စားတာလားတဲ့၊ မဟုတ်ပါဘူးတဲ့။ ဝင်စား ပါတယ်တဲ့။

သမာပဇ္ဇတိ-ဝင်စားပါ၏။ ပန-ထိုသို့ဝင် ဝင်စားပါသော်လည်း၊ သာ-ထိုကဲ့သို့ ရှေ့က ဝင်စား ခဲ့သော သမာပတ်သည်၊ ခဏိကသမာပတ္တိ-ခဏပဲ ဖြစ်စေတဲ့ သမာပတ်တွေပါတဲ့။ ခဏလေး ဝင်စား လိုက်တယ်။ သမာပတ်ဝင်စားတာဟာ သိပ်မြန်ပါ တယ်။

မြတ်စွာဘုရား တရားဟောရင်းနဲ့ ပရိသတ် တွေ သာဓုခေါ်နေတဲ့အချိန်မှာ ဖလသမာပတ် ဝင်စား လို့ ရတယ်။ အဲသလောက် မြန်တယ်၊ ဒါဟာ တရား တော်မြတ်ကို လေးစားတာပါတဲ့။

တရားတော်ကို လေးစားတဲ့နေရာမှာ မြတ်စွာဘုရားဟာ အလေးစားဆုံးပဲ။

အရှင်အာနန္ဒာ တရားဟောနေတယ်။ ဘုရားရှင်က သင်္ကန်းလေး ပခုံးပေါ်တင်ပြီး ရေချိုးဖလို့ ဆင်းလာတယ်၊ အရှင်အာနန္ဒာရဲ့ တရားသံကို ကြားတော့ ဘုရားရှင်က မတ်တပ်လေးရပ်ပြီး တရားနာနေတယ်။ အရှင်အာနန္ဒာ တရားဟောတာ မိုးလင်းသွားတယ်ဗျာ။

မြတ်စွာဘုရားလည်း မတ်တတ်ရပ်ပြီး တရားနာနေတယ်။ တရားပြီးဆုံးလို့ သာဓု သာဓု သာဓုလို့ ဘုရားရှင် သာဓုခေါ်တော့ အရှင်အာနန္ဒာ-

"ဟာ… အရှင်ဘုရား ဘယ်တုန်းက တရားနာတာလဲ"တဲ့။ မြတ်စွာဘုရားရှင်က "ချစ်သား အာနန္ဒာ… သင် သီလ စပေးကတည်းက"တဲ့။

ဟာ သီလစပေးတာ ညနေ(၆-နာရီလောက်) က တင်ပဲတဲ့။ အခု မနက်မိုးလင်းသွားပြီတဲ့။ ရှေးက အဲသလို တရားနာကြတာဗျာ။

အရှင်အာနန္ဒာ "မနက်မိုးလင်းသွားပြီဘုရား၊ အံ့သြစရာ ကောင်းလိုက်တာဘုရား။ အရှင်ဘုရား တရားဟောနေမှန်း မသိလိုက်ပါ ဘုရား။ တပည့်တော် ပလ္လင်ပေါ်မှာ ထိုင်နေတော့ အရှင်ဘုရားက အောက်က ဖြစ်နေပါတယ်ဘုရား။ တပည့်တော် မယဉ်ကျေး ဘူး ဖြစ်သွားပါတယ်ဘုရား" တဲ့။

ဒါနဲ့ မြတ်စွာဘုရားရှင်က "အာနန္ဒာ...တဲ့၊ အကယ်၍ သင်က တရားကို မဟာကပ်ကြီး ကာလ ပတ်လုံးများ တရားဟောရင် ငါဘုရားက မဟာဒီ မဟာကပ်ကာလပတ်လုံး မတ်တတ်ရပ်လျက် တရား နာမယ်တဲ့။

မြတ်စွာဘုရား တရားတော်ကို လေးစားတယ် ဆိုတာ အဲဒါပါပဲ။

အဲဒီတော့မြတ်စွာဘုရားသည် သဓာပတ်ဝင်စား တော်မူတဲ့ အတွင်းမှာလဲ ဓေဒနာကို နှာပါတယ်။ အဲဒီတော့ ဘုရားက ပျောင်းဘူးလား။ ဘုရားရှင် ကျတော့ တရားဟောတဲ့အခါမှာ ပျောင်းတယ်၊

ညောင်းရင် အဲဒီတရားနာ ပရိသတ်တွေ သာခု ခေါ်ဆဲမှာ ဖလသမာပတ်ကလေး ဝင်စားလိုက်တယ်။ ဝင်စားပြီးတော့ အဲဒီသမာပတ်ထဲမှာတော့ ညောင်းနေတဲ့ဟာလေး ပြေပျောက်သွားပါတယ်။ ဦးပဉ္ဇင်းလို မပြင်ဘူး။ ဦးပဉ္ဇင်းတို့က ထိုင်လို့ ညောင်းလာရင် ဣရိယာပုထ်ကို ပြင်တယ်။ မြတ်စွာ ဘုရားရှင်က မပြင်ဘူး၊ သမာပတ်မှ ပြန်ထပြီး ပြန်တရားဟောရင် ပြန်ညောင်းတယ်၊ ညောင်းတော့လည်း သမာပတ် ဝင်စားရင် ပျောက်တာပါပဲ။ ဒါက အကျိုးဝေဒနာ ပယ်လို့မရဘူး။

အခု ဓမ္မစေတီ တရားဟောရင်းနဲ့ ညောင်းနေတာ။ ငါကတော့ ဖလသမာပတ် မဝင်စားနိုင်ဘူးလေ။

အဲဒီတော့ ရေသောက်ရတယ်။ ပရိသတ် သာခု ခေါ်ချိန်မှာ ရေသောက်ပြီး အညောင်းပြေရတယ်။

ရဟန္တာအရှင်မြတ်တွေကတော့ တရားဟောနေဆဲကာလမှာပဲ ဖလသမာပတ်ဝင်စားတယ်။ ပရိသတ်

တွေ သာခုခေါပြီးရင် တရားပြန်စတယ်။ သမာပတ်အတွင်းမှာပဲ ဝေဒနာကို ခွာနိုင်ပါတယ်။

သမာပတ်က ထပြီးသော ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကြီးသည် သစ်သားလေးကျလိုက်သလို၊ အိုးခြမ်းကွဲလေး ကျသွားသလိုပဲတဲ့။ ရေမှော်လေးတွေရှိတဲ့ရေထဲကို အိုးခြမ်းလေးလဲ အောက်ကိုကျသွားရော ရေမှော်တွေ အပေါ်ဖက်ပြန်တက်လာ တတ်တယ်တဲ့၊ ထိုဒီအတိုင်းပါပဲ။ ဖလသမာပတ် ဝင်စားတဲ့ အခါမှာ ခုနရေမှော်နဲ့တူတဲ့ ဝေဒနာလေး ပျောက်ဆုတ်သွားတယ်။

အိုးနဲ့ရေခတ်တဲ့အခါ အိုးဖင်နဲ့ ရေမှော်တွေ ဖယ်လိုက်ပြီးရေခတ်ရတယ်။ မှော်လေးတွေ ကြဲသွားတယ်။ အိုးလေးလဲ ပြန်မ,လိုက်ရော မှော်လေးတွေ ပြန်စုသွားတယ်။

ရေမှော်ထဲ ထင်းချောင်းလေး ကျသွားရင် ရေမှော်တွေ ဝေသွားတယ်၊ ထင်းချောင်းလည်း

သောက်ရောက်သွားရော ရေမှော်တွေ ပြန်တက်လာသလိုပဲတဲ့။

ကွဲသွားတဲ့ရေမှော်တွေ ပြန်ပြီး ရေပေါ်ကို လွှမ်းမိုးသွားသလိုပဲတဲ့။ ဘုရားရှင် ဒီတစ်ခါ ဝင်စားလိုက်တဲ့ သမာပတ်ကတော့ဖြင့် တောက်လျှောက် ဝင်စားတော့မှာ။ ဟိုတုန်းက မဝင်စားဘူးလားတဲ့၊ ဝင်စားပါတယ်။ ဟိုတုန်းက ဝင်စားတဲ့ သမာပတ်က ခဏိကသမာပတ်တဲ့။ အခုဝင်စားတာကတော့ ခန္ဓာကိုယ်ကြီးမှာ ဒီသမာပတ်ကို တည်ထားလိုက်တယ်။ ဒီတစ်ခါတော့ဖြင့် ဒီဝေဒနာကို ပယ်နိုင်အောင် ဝင်စားလိုက်တဲ့အခါမှာ အဲဒီဝေဒနာဟာ လုံးဝ ပရိနိဗ္ဗာန် မစံဝင်ခင်အထိ မဖြစ်ဘူးနော်။

**ဣတော တိဏ္ဏံ မာသာနံ အစ္စယေန ပရိနိဗ္ဗာယိဿာမိ။**

သုံးလလောက်ကြာရင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော့မယ်တဲ့။

ဒါဖြင့် ကောင်းပြီ။ အရှင်မောဂ္ဂလာန်တို့၊ အရှင်ခေမကာတို့ကလည်း ဝေဒနာကို ဥပါဒါနက္ခန္ဓာငါးပါးကို ဝိပဿနာရှုပြီး ပွားများပြီးခဲ့တယ်။

ဇေတဝန်ကျောင်း ဒကာကြီးရဲ့ ဘဝဆည်းဆာမှာ ကြည့်ပါ။ စက္ခုံ န ဥပါဒိဿာမိ၊ သောတံ ဃာနံ စိတ္တံ စသည်အားဖြင့် ဝေဒနာစွန့်နည်းတွေ သင်ပေးခဲ့ပြီးပြီ။ အခု ထပိဏ်ကြီး နေထိုင်မကောင်းဖြစ်လာတယ်။ အဲသလိုလည်း ဖြစ်လာရော အရှင်အာနန္ဒာနဲ့ အရှင်သာရိပုတ္တရာကိုပင့်တယ်။ ပင့်လည်းပင့်လာရော မထေရ်ကြီးတွေက နေကောင်းလားဆိုတော့ မကောင်းတော့ဘူးဘုရားတဲ့။ ဒီဝေဒနာက နောက်ဆုံး ထင်ပါတယ်ဘုရားတဲ့။

တသ္မာတိဟ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ။ ဒီလိုဆိုရင် တစ်ခါတည်း တန်းကျွတ်တော့တဲ့။ ဒီဖြင့် စကား မပြောနဲ့တော့တဲ့။ အချိန်မရတော့ဘူး။ အချိန်မရတာ ဖြစ်ခြင်းကြောင့် ဒကာကြီး စက္ခုံ န ဥပါဒိဿာမိ၊ သောတဥ္စ နဥပါဒိဿာမိ၊ မျက်စိကို

မစွဲလာမ်းနဲ့။ နားကို မစွဲလာမ်းနဲ့၊ နှာ လျှာ ကိုယ် ကိုလည်း မစွဲလာမ်းနဲ့။

ဘာဖြစ်လို့ ဒီလို ပြောရတာလဲတဲ့။ မေးစရာ ရှိတယ်။အနာထပိဏ်သူဌေးကြီးက ဇေတဝန်ကျောင်း ဒကာကြီးလေ၊ သူက ကျောင်းကိုစိတ်ထဲမှာ စွဲနေတယ်။ ဒီကျောင်းတော်ကြီးကို တစ်နေ့ ၃-ခေါက် သွားတယ်၊ ကျောင်းမှာ မြတ်စွာဘုရားရှင်ရဲ့ တရားတွေ၊ အရှင်သာရိပုတ္တရာရဲ့တရားတွေ၊ အရှင်အာနန္ဒာရဲ့ တရားတွေကို အမြဲနာတယ်။ ဒီတရားတွေကို နားထောင်ချင်တာပေါ့။ ငါဟာ အခု မျက်စေ့တွေလည်း မှုန်ဝါးဝါးဖြစ်လာပြီ၊ နားတွေလည်း လေးလာပြီ၊ ဗုဒ္ဓနဲ့ သံဃာတော်တွေကို မမြင်ရ မဖူးရတော့ဘူး၊ တရားတွေကို မနာကြားရတော့ဘူး။

အနာထပိဏ်သူဌေးကြီးဟာ သူ့မျက်စေ့လေး၊ နားလေးကိုနမြောနေတယ်။ သူ့စိတ်ထဲမှာ တရားတွေ နာချင်နေတယ်။ ကျောင်းတော်ကြီးနဲ့ သံဃာတော် တွေကို ဖူးမြင်ချင်နေတယ်။ ဘုရားရှင်နဲ့ တပည့်သား

သံဃာတော်တွေကို ဖူးမြင်ချင်နေတယ်။ ဘုရားရှင်နဲ့ တပည့်သာဝကတွေ ဟောတဲ့တရားတွေကို နာချင်တယ်။ ဒီနေ့တော့ တရားမနိုင်တော့ဘူး၊ မကြွားနိုင်တော့ဘူး၊ ငါ့ရဲ့ မျက်စေ့လေးရဲ့ တန်ဖိုးကို အခုတော့ ငါသိပါပြီ၊ စက္ခု သောတလေးကို အဲဒီအပေါ်မှာ အာရုံလေး ရှိနေတာကို အရှင်သာရိပုတ္တရာမထေရ်ကြီးက သိတော်မူတယ်။

မျက်စိကိုသော်လည်းကောင်း၊ နားကိုသော်လည်းကောင်း မစွဲပါနဲ့တဲ့။ အဲဒါကို အဋ္ဌကထာက "န စက္ခုံ ဥပါဒိယိဿာမိတိ စက္ခုံ ဂါဟံ ဂါဟေဿာမိ" လို့ဖွင့်ပြတယ်။ တဏှာ မာန ဒိဋ္ဌိနဲ့ မစွဲလမ်းပါနဲ့တဲ့။ ဒါပေမယ့် အနာထပိဏ်သူဌေးက သောတာပန်တည်ပြီး ဖြစ်ခြင်းကြောင့် ဒိဋ္ဌိနဲ့တော့ မစွဲလမ်းတော့ပါဘူး။ ဒါပေမယ့် ယထာလာဘ နည်းနဲ့အဋ္ဌကထာက ပြောတာပါ။ အဲဒီတော့ မျက်စိ၊ နားတွေ အပေါ်မှာ တဏှာနဲ့ မာနနဲ့ မစွဲပါနဲ့လို့ ဆိုလိုပါတယ်။ အနာထပိဏ်သူဌေးကြီးဟာ ဖြစ်ပေါ်

လာတဲ့ ဝေဒနာတွေကို အဲသလို တဏှာ မာန ဒိဋ္ဌိတွေနဲ့ မစွဲလမ်းပါဘဲ ဝေဒနာကို ခွါနိုင်ပါတယ်။ ဒါက အနာထပိဏ်သူဌေးကြီး ဝေဒနာခွါ နည်းပါ။

နောက်တစ်ခါ လာဦးမယ်။ ဒုတိယ ဂိလာန သုတ်၊ အရှင်မောဂ္ဂလာန် နေမကောင်းဖြစ်ပါတယ်။ ဒီအရှင်ရဲ့ သီတင်း သုံးတဲ့နေရာ အနီးမှာ အဆိပ်ပင် တွေ ရှိတယ်။ အဲဒီအပင် အပွင့်ပွင့်လို့ရှိရင် မထေရ်က အဲဒီပန်းအနံ့ကို ရှူမိတယ်။ အဲဒီ အနံ့နဲ့ပဲ အအေးပတ် သလိုဖြစ်ပြီး နေမကောင်းဖြစ်တယ်။ ငှက်ဖျားရောဂါ ဖြစ်သလို အေးပြီး ချမ်းစိမ့်ပြီး နေမကောင်းဖြစ်တာ၊ သီတာဇရောဂါလို့ခေါ်တယ်။

အစားအသောက် မဆင်ခြင်လို့ ဖြစ်တာမျိုး မဟုတ်။ အဲဒီပန်းနံ့ကို ဝိသပုပ္ဖ အဆိပ်ပန်းနံ့ကို ရှူမိလို့ဖြစ်တာ။ အဲဒီပန်းပွင့်တဲ့အခါ အဲဒီ အပင် အောက်မှာ သွားပြီးထိုင်ရင်းကနေ အဆိပ်နံ့ တွေကို ရှူမိလို့ဖျားတာ။ မိုက်မိုက်တုန်ပြီး အဆိပ်တွေတက် နေတာ၊ သေလုမတတ် ခံစားရတယ်။

ဘုရားရှင် ကြွလာတယ်၊ အို... မောဂ္ဂလာန်၊ နေကောင်းရဲ့လားတဲ့။ မကောင်းဘူးဘုရားတဲ့၊ ရောဂါက ရှေ့ကိုပဲ တိုးပါတယ်ဘုရားတဲ့၊ အဲသလိုဆိုရင် ဘုရားရှင်က အရှင်မောဂ္ဂလာန်ကို -

**သတ္တိမေ ဗောဇ္ဈင်္ဂါ မောဂ္ဂလ္လာန ဘာဝိတာ ဗဟု လီကတာ တိဿော ဝိဇ္ဇာ ပရိပူရေန္တိ။**

ချစ်သား မောဂ္ဂလာန်...ငါဘုရားဟော ဗောဇ္ဈင် တရား (၇)ပါးကို ဟောထားပါတယ်။ အဲဒီ (၇)ပါးကို ပွားထားပါတဲ့။ အဲဒီမှာ-

**“ဘာဝိတာ အတ္တနော စိတ္တသန္တာနေ ပုနပ္ပုနံ ဘာဝေတိ နိဗ္ဗတ္တေတိ တိ အတ္ထော”**။

ပွားတယ်ဆိုတာ တရားနာရုံလေးနဲ့ မရဘူး။ အတ္တနော-မိမိ၏၊ စိတ္တသန္တာနေ-စိတ် အစဉ်မှာ၊ ပုနပ္ပုနံ-ထပ်ခါ ထပ်ခါ၊ နိဗ္ဗတ္တေတိ-ဇနေတိ-ဖြစ်စေ၏။ ဣတိအတ္ထော-ဒါဟာလိုရင်းပဲ၊ ဒါ ဘာဝနာ ပဲဗျာ။

ဘာဝနာဆိုသည်မှာ အကြိမ်များစွာ ပြုရမယ်တဲ့။ မေတ္တာကိုလည်း တစ်ကြိမ်တည်း မပို့ပါနဲ့။ အကြိမ်ကြိမ် ပို့ရ ပါတယ်။

ချစ်သား မောဂ္ဂလာန်၊ ငါဘုရားသည် တောချင်တရား ခုနစ်ပါးကို ဟောပြီးပါပြီ။ ကြိမ်ဖန်များစွာ ပြုပြီးပြီ၊ သမ္ဗောဓာယ နိဗ္ဗာနာယ နိရောဓာယ ဒါတွေဖြစ်အောင် ပြုပြီးပြီ။

ဒါနဲ့ ဘုရားရှင်က ပြန်ကြွသွားတယ်။ အရှင်မောဂ္ဂလာန်ဟာ တရားတွေကို ပြန်စိစစ်တယ်။ ဟောဝီရိယဖြစ်တယ်။ ပြီးတော့ ပီတိ နှစ်သက်သွားတယ်။ အဲဒီတော့မှ အော်…

ယံ-ငါ၏ပဗ္ဗဇိတ ဒိဝတော-ရဟန်းဖြစ်သည်မှ၊ သတ္တမေ ဒိဝသေ-ခုနစ်ရက်မြောက်နေ့မှာ၊ သစ္စာနိ ပဋိဝိဇ္ဈတိ၊ သစ္စာလေးပါးကို သိခဲ့ပါသည်။

အရှင်မောဂ္ဂလာန်သည် ရဟန်းဝတ်ပြီး (၇)ရက်အတွင်းမှာ သစ္စာ ၄-ပါးကို သိခဲ့ပြီးပါပြီ။ တောချင်တရားတွေကိုလည်း မှားခဲ့ပြီးပါပြီ။ ဒီတောချင်

တရားတွေဟာ ငါ့ရဲ့အာရုံထဲမှာ ဟောဒါက သတိသမ္ဗောဇ္ဈင်၊ ဒါက ဓမ္မဝိစယ သမ္ဗောဇ္ဈင်လို့ ဗောဇ္ဈင် ၇-ပါးတွေ ပေါ်ခဲ့ပါပြီ။ အာရုံဖြူကြည့် လိုက်တော့ မိမိရထားတဲ့ပစ္စည်းလေးတွေကို အချိန်မရွေး ကြည့်လို့ရပါတယ်။ ကျွမ်းကျွမ်းကျင်ကျင်ရထားတဲ့ စာတွေကို မမေ့သလို မမေ့ဘူးလေ။ အရှင်မောဂ္ဂလာန်ကြီးက ကိုယ်ရထားပြီးသား ကျွမ်းကျင်ပြီးသားဖြစ်တဲ့ ဗောဇ္ဈင်တရားတွေပေါ်လာတော့ အဲဒါတွေအကုန်လုံး ပေါ်လာတော့ ငါ့သန္တာန်မှာ ဗောဇ္ဈင်တွေ ထင်ရှား ဖြစ်လာပြီဆိုတော့ ဪ အဲသလိုဖြစ်တဲ့အခါမှာ ဘုရားရှင်ရဲ့ သာသနာတော်ကြီးဟာ တကယ်ကို နိယျာနိကသာသနာတော်ကြီးပါလား၊ သံသရာ ဝဋ်ဆင်းရဲ လွတ်ကင်းတဲ့ သာသနာတော်ကြီးပါလား လို့ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါတယ်။

အဲသလို ဝမ်းမြောက်သွားတော့ သွေးလေးတွေ ကြည်လာတယ်။ အသက်ရှူလိုက်တာဖြစ်ခြင်းကြောင့် သွေးထဲကို အဲဒီအဆိပ်ငွေ့တွေက ရောက်သွားတယ်။

Experarity system တွေကလည်း ညှိသွားတော့ အဲဒီ Experarity system တွေ ညှိသွားရင် အသက်မရှူနိုင်တော့ဘူး။ မရှူနိုင် တော့ရင် သွေးထဲ အဆိပ်တွေကရောက်သွားရင် ဝိတ်သမ္မောချင်လေး လည်းဖြစ်ရော သွေးဟာ ကြည်လင်လာတယ်။ သွေးလည်း ကြည်ရော သွေးကိုမှီတဲ့ ဥပါဒါနိရုပ်တွေ အကုန်ကြည်လင်လာတယ်။

ဥပါဒါရုပ်တွေ အကုန်ကြည်လင်တော့ အဲဒီရုပ်က ခေတ်ကြီးလေးပါးကို မှီတာဖြစ်ခြင်းကြောင့် ခဏချင်းမှာပဲ နေထိုင်ကောင်းသွားပါတယ်။ **အဲဒါ အရှင်မောဂ္ဂလာန် ဇော်ချင် ခုနစ်ပါးနဲ့ ဝေဒနာ ခွာတဲ့နည်း ဖြစ်ပါတယ်။**

နောက်တစ်ဦးအကြောင်း ပြောပြဦးမယ်။ သူက သိရိဝဍ္ဍဒါယကကာ ဝေဒနာကို မှီပြီးဖြစ်တဲ့ ကိလေသာရောဂါတွေကို မပယ်နိုင်ဘူးဖြစ်နေတယ်။ ဘုရား ရဟန္တာတွေမှာ ဝေဒနာကို မှီပြီးဖြစ်တဲ့ ကိလေသာ တရားတွေကို ပယ်စရာ မလိုပါဘူး။

အဲဒီ အကျိုးတရားဝေဒနာမှာပဲ ရောဂါကိုပဲ ပယ်ပါတယ်။ အဲဒီ ဝေဒနာနဲ့ ယှဉ်လာတဲ့ ကိလေသာ တွေမရှိတာ ဖြစ်ခြင်းကြောင့် ပယ်စရာမလိုတော့ပါ။

ပုထုဇဉ်က အဲဒီဝေဒနာနဲ့ ယှဉ်လာတဲ့ အစွဲ အစွန်းယျကို မြင်အောင်ကြည့်ရမယ်။ ယောဂီ သိချိုဝမှု ဒါယကာ သူလည်းနေမကောင်းဘူး။ မြတ်စွာဘုရား က ချစ်သားတဲ့··· သင်ဘယ်လို လုပ်ရမလဲဆိုရင် သင်က တရားနည်းနည်း နာဖူးတယ်ဆိုတော့ သတိ ပဋ္ဌာန်တရား ၄-ပါးကို ရှုနိုင်းတယ်၊ ရုပ်နာမ်တရား တွေကို သတိပဋ္ဌာန် ၄-ပါးနဲ့ ရှုနိုင်တယ်။

မြတ်စွာဘုရားရှင်က သတိပဋ္ဌာန်တရား၄-ပါး ကို ဟောတော့ သူက တပည့်တော် အရှင်ဘုရားရဲ့ တပည့်ဖြစ်တဲ့ နေ့ကစပြီး ဒီကနေ့ အသက်ဆုံးခါနီး နောက်ဆုံးထွက်သက်ထိအောင် တပည့်တော် သတိ ပဋ္ဌာန်ကို ပွားနေပါတယ်ဘုရား။

မြတ်စွာဘုရားက သာဓုခေါ်ပါတယ်။ မြတ်စွာ ဘုရား သာဓုခေါ်တော့ သူက ကျေနပ်တယ်၊

ဝမ်းမြောက်တယ်၊ ငါ လူဖြစ်ကျိုးနပ်ပြီ၊ သာသနာ တော်ကြီးနဲ့ ကြုံရကျိုးနပ်လိုက်တာလို့ ဆိုပြီး ပီတိ ပဿဒ္ဓိတွေ ဖြစ်ရာကနေ ဝေဒနာတွေ ကွာသွား တယ်။ ဒါက **သတိပဋ္ဌာန် ၄-ပါးနဲ့ ဝေဒနာကို ခွာတာ ဖြစ်ပါတယ်။**

နောက်ဆုံး သပည ဥပါသိကာ ဒါယကာမကြီး အကြောင်း၊ သူမက ဘုရားရှင်ရဲ့ အမျိုး။ တစ်နေ့မှာ ဘုရားရှင်က သပည ဥပါသိကာမကို သွားခေါ်ခိုင်း တော့ သူမက နေမကောင်းဘူးဘုရားတဲ့။ အေး နေမကောင်းရင် ဝေဒနာ ဘယ်လိုနေလဲတဲ့။

သူမက ဝေဒနာ တအား တိုးပါတယ်ဘုရား တဲ့။ တိုးရင် သက်သာရာလေးပါး(၄-ပါး)ရှိပါ တယ်တဲ့။ ပုထုဇဉ်ဆိုရင်-

၁။ ဘုရားရဲ့ဂုဏ်တော်

၂။ တရားတော်ရဲ့ဂုဏ်တော်

၃။ သံဃာတော်ရဲ့ဂုဏ်တော်

၄။ သီလဂုဏ်

အဲဒီဂုဏ်တော် ၄-ပါးကို အာရုံပြုရမယ်။ ဒီလေးပါးကို နှလုံးသွင်းအာရုံပြုရင် အားကိုးစရာ ဖြစ်တယ်နော်။ သောတာပန် မတည်ရင်တောင်မှ ဘုရား , တရား , သံဃာနှင့် မိမိသီလအစွမ်း ဒါတွေကို အမြဲတမ်း အာရုံပြုနေမယ်ဆိုရင် စူဠသောတာပန် တရင်းဝင်တယ်။ဒါကြောင့် ဒါတွေကလည်း အားကိုးစရာ ကောင်းပါတယ်။

ပုထုဇဉ်များ အကယ်၍စုတေရတော့မယ်ဆိုရင် အော်...အရဟံ အစရှိတဲ့ ဘုရားရဲ့ ဂုဏ်တော်တွေ သွာက္ခာတ စတဲ့ တရားရဲ့ ဂုဏ်တော်တွေ၊ သုပ္ပဋိပန္န စတဲ့ သံဃာတော်ရဲ့ ဂုဏ်တော်တွေ အဝေစ္စပသာဒ အနေနဲ့မတုန်မလှုပ် ကြည်ညိုတဲ့ သဒ္ဓါတရားနဲ့အာရုံ ပြုမယ်၊ မိမိရဲ့ သီလဂုဏ်လေးကို အောက်မေ့လိုက် မယ်ဆိုရင် မိမိခံစားနေတဲ့ ဝေဒနာကို ကျော်လွှားသွား နိုင်ပါတယ်တဲ့။

ဒီလေးပါးကိုနှလုံးသွင်းရင်နဲ့ အခြေအနေကောင်း လို့ မသေသေးတော့ ဘာကိုဆက်သလဲဆိုရင် -

သင်ဟာ မိမိရဲ့ လင်သားအပေါ် (အမျိုးသား ဆိုရင် ဇနီးအပေါ်) မှိဘ ဆွေမျိုးသားချင်းတွေ အပေါ်မှာ ငဲ့ကွက်တဲ့ စိတ်များရှိရင် သူတို့အပေါ်မှာ သဏ္ဌာယမဖြတ်နိုင်ရင် ဥပါဒါန် ရှိနေရင် အဲဒါကို ဖြတ်ရမယ်။ ဒါ့အပြင် မိမိပိုင်ဆိုင်တဲ့ ရွှေငွေ ဒင်္ဂါး ပိုက်ဆံ အိုးအိမ်ဆိုတဲ့ ကာမဂုဏ်အာရုံဆိုတဲ့ ပစ္စည်း တွေအပေါ်မှာ ငဲ့ကွက်မှုကို မထားပါနဲ့တဲ့။

ဒီလိုဆိုရင် ဒီဘဝက သေရင် နတ်ဖြစ်မယ်၊ ဗြဟ္မာဖြစ်မယ်။ဒီလိုဖြစ်ရင်လည်းဒုဝ-ဘုံမှာ သံသရာ လည်ရဦးမယ်၊ အဲဒီ နတ်တွေ ဗြဟ္မာတွေ ဖြစ်မှာကို လည်း စိတ်မညွှတ်ပါနဲ့တဲ့၊ ဒေး နတ်တွေ ဗြဟ္မာတွေ ကလည်း သဏ္ဌာယမှာ အကျုံးဝင်တယ်။ အဲဒီ သဏ္ဌာယမှာ အကျုံးဝင်တဲ့ တရားတွေမှာ စိတ်မရှိ တော့ရင် အခြေအနေကောင်းသွားပါပြီ။

ဒီလို သဏ္ဌာယ နိရောဓမှာ စိတ်ညွှတ်တဲ့ ဥပါသိကာကိုတဲ့ အာသဝေါကုန်ခမ်းတဲ့ ရဟန္တာနဲ့ တူတဲ့သူလို့ ပြောလို့ရပါတယ်တဲ့။ ဘုရားက ပြော

တာနော်။ ကောင်းလိုက်တာရှာ။ တော်တော်ကျေနပ်ရောကောင်းတာပဲ၊ တရားလည်း ပြီးတော့ မှာနော်။ ဝေဒနာကမ္မဋ္ဌာန်းလေးနဲ့ သိမ်းရမှာ။

သဘည ဥပါသိကာမကို ပြောတာပါ။ ယောဂီတို့ကို ပြန်ပြောမယ်။

သရဏဂုံသီလရယ်၊ အဲဒီ သရဏဂုံ ၃-ပါး သီလပြီးရင် ဇနီးမယား သားသမီး အမေ အဖေ ဆွေမျိုးတွေမှာ မငဲ့၊ စည်းစိမ်ဥစ္စာတွေမငဲ့၊ အဲဒီဘဝမှာ မငဲ့၊ ဘုံတွေကို မငဲ့၊ နတ်တွေမငဲ့၊ ဗြဟ္မာတွေကို မငဲ့ရင် ဝါ သက္ကာယနဲ့ အကျုံးဝင်တဲ့ တရားအားလုံး (အမေ အဖေ စီးပွား ဥစ္စာ ဆွေမျိုး)အားလုံး ဘယ်မှာ အကျုံးဝင်သလဲ ဆိုရင် သက္ကာယမှာ အကျုံးဝင်ပါတယ်။ အဲဒီ သက္ကာယမှာ အကျုံးဝင်တဲ့တရားတွေကို မငဲ့ဘဲနဲ့ရှားနေရင် အဲဒီပုဂ္ဂိုလ်ကို သက္ကာယချုပ်ငြိမ်းတဲ့ နိရောဓ၌ စိတ်ညွတ်ပြီး သေသွားတဲ့ ပုဂ္ဂိုလ်ဟာ ရဟန္တာနဲ့ အလားသဏ္ဌာန်တူတယ်လို့ ငါဘုရားဆိုတယ်တဲ့။ မဟာဝဂ္ဂသံယုတ် ဂိလာနသုတ်မှာ

ဒဲ့သလိုဆိုထားပါတယ်။ဒါကာပုထုဇဉ်အနေနဲ့ ဝေဒနာ
ခွါပုံ ဖြစ်ပါတယ်။ ဝေဒနာခွါပုံတွေ အတော်လေး
စုံသွားပါပြီ။

အဲဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်
ကြီးက-

**တုလမတုလဉ္စ သမ္ဘဝံ၊ ဘဝသင်္ခါရမဝဿဇိ
မုနိ။**

**အဇ္ဈတ္တရတော သမာဟိတော၊ အဘိန္ဒိကဝစမိ
ဝတ္တသမ္ဘဝန္တိ။**

လို့ ကျူးရင့်တော်မူပါတယ်။

မြတ်စွာဘုရားရှင်ဟာ စာပါလစေတီမှာ နေစဉ်
အသက်ရှည်ဖို့ ပြုပြင်မှု အာယုသင်္ခါရကို လွှတ်တော်
မူပါတယ်။ အာယုပါလက ဖလသမာပတ်ကြီးကို
မဝင်စားတော့ဘူးလို့ စိတ်ထဲမှာ လွှတ်တော်မူပါ
တယ်။ အာယုဆိုတာ အသက်၊ ပါလက ဆိုတာ
စောင့်တာ။ အသက်ကို စောင့်တတ်တဲ့ အသက်ကို
ပြုပြင်ပေးတဲ့ အာယုသင်္ခါရကို အဲဒီ အာယုပါလက

ဖလသမာပတ်ကြီး မဝင်စားတော့၊ ဒီနေ့ကစပြီး ဒီသမာပတ်ကို သုံးလပဲ ဝင်စားတော့မယ်၊ ဒီနောက် မဝင်စားတော့ဘူးတဲ့။ အသက်ရှင်ခြင်းကို လွှတ်လိုက်ပြီတဲ့။

ဒီမှာအဇ္ဈတ္တရတောကိုအဓိပ္ပါယ်တွေ အများကြီး ဖွင့်ကြတယ်။ နိဗ္ဗာနရတောလို့လည်း ဖွင့်ကြတယ်။ ဝိဘင်္ဂ မူလဋီကာမှာ အဇ္ဈတ္တအရ နိယကဇ္ဈတ္တအပြင် နိဗ္ဗာန်ထိအောင် ဖွင့်ကြတယ်။ လေ့လာချင်တဲ့သူတွေ ဝိဘင်းဋီကာမှာ ကြည့်ကြပါ။ အဲဒီမှာတော့ နိဗ္ဗာန်ကို အဇ္ဈတ္တ ကောက်ထားတာ တွေ့ရပါတယ်။ ကျန်တဲ့ နေရာတွေမှာတော့ နိဗ္ဗာန်ကို ဗဟိဒ္ဓလို့ပဲ ကောက်ပါတယ်။ သို့သော် နိဗ္ဗာန်ကို အဇ္ဈတ္တရတောဆိုတဲ့ အဖွင့်မှာ ဒီပါဠိက "အဇ္ဈတ္တရတောတိ နိယကဇ္ဈတ္တေ ဂေါစရေ နိဗ္ဗာနေရတော" ဆိုလို့လည်း ရပါတယ်။ ဟုတ်ပြီ။

ဘုရားရှင် ပရိနိဗ္ဗာန်စံဖို့ အာယုသင်္ခါရကိုဘာဖြစ်လို့ လွှတ်လိုက်တာလဲလို့ မေးစရာရှိပါတယ်။

ဘုရားရှင်ရဲ့ သာသနာတော်နဲ့ ပတ်သက်တာ တွေအားလုံး ပြည့်စုံလို့ ဘုရားရှင် ဖြစ်စေလိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက်တွေ အဲဒါတွေ ပြီးစီးသွားလို့ ပရိနိဗ္ဗာန်စံဖို့ အာယုသင်္ခါရ လွှတ်တာ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် အာယုသင်္ခါရ လွှတ်တော့ မြေတွေတုန်လှုပ်၊ တော်လဲသံတွေ တခြိမ်းခြိမ်း မြည်သံ ကြားရတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်ထားမေးတော့ မြတ်စွာဘုရားက အာယု သင်္ခါရလွှတ်လိုက်တဲ့ အကြောင်း ပြောလိုက်တော့မှ အရှင်အာနန္ဒာက မြတ်စွာဘုရားကို-

အရှင်အာနန္ဒာရဲ့လျှောက်ထားချက်

"အရှင်ဘုရား…အရှင်ဘုရား တပည့်တော်ကို ပြောဖူး ပါတယ်တဲ့။ မာရ်နတ်ကို မာရ်နတ် ငါ့ရဲ့ တပည့်သာဝကတွေက အကြင်မျှလောက် ကာလ ပတ်လုံး တတ်သိလိမ္မာ မရှိကြသေး၊ကောင်းစွာ

ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြား အမြင် မများကြသေး၊ တရားတွေကို မဆောင်နိုင် ကြသေး၊ တရားတွေကို မကျင့်နိုင်ကြသေး၊ ဆရာရဲ့ ဝါဒတွေကို မပြောပြမဟောနိုင်ကြသေး၊ မဖွင့်နိုင်ကြ သေး၊ ပေါ်လွင်အောင် မပြုနိုင်ကြသေး၊ သူတစ်ပါး ဝါဒကို မနှိမ်နိုင်သေး၊ အံ့ဖွယ်တရားကို မဟောပြ နိုင်သေးသမျှ ပရိနိဗ္ဗာန်မပြုသေးဘူး" လို့ ပြောထား ပါတယ် မဟုတ်လား ဘုရားတဲ့။

ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို တရားသဖြင့် ဖြေရှင်း တတ်ရမယ်တဲ့။ ပြောရပါမယ်။ ဟောရပါ မယ်။ ပြုရပါမယ်၊ တည်တံ့အောင် လုပ်ရပါမယ်။ ဖွင့်ပြရပါမယ်။ ဝေဖန်ပြရပါ မယ်။ ပေါ်လွင်အောင် လုပ်ရပါမယ်။

ကိုယ့်ဆရာရဲ့ စကားတွေကို နှိပ်ကွပ်လာမယ် ဆိုရင် ဖြစ်ပေါ်လာတဲ့ ဘေးတွေကို တရားအားလျော်စွာ ရှင်းလင်းပြတတ်ရမယ်။

အားလုံး (၈)ချက်နော်။

၁။ ပြောမယ်၊

၂။ ဟောမယ်၊

၃။ ပြမယ်၊

၄။ တည်တံ့အောင်လုပ်မယ်၊

၅။ ဖွင့်မယ်၊

၆။ ဝေဖန်မယ်၊

၇။ ထင်ရှား အောင်လုပ်မယ်၊

၈။ ကိုယ့်ဆရာရဲ့ စကားတွေကို ဝေဖန်ရှုံ့ချလာရင် ဖြစ်ပေါ်လာတဲ့ သေးရန်တွေကို တရားသဖြင့်နဲ့ ရှင်းလင်းမယ်။

အဲဒါတွေရှိရင် ရည်ရွယ်ချက်တွေ ပြည့်စုံပြီ။ မာရ်နတ်ကြီးက မြတ်စွာဘုရားထံမှာ အရှင်ဘုရား အခုပြောတဲ့အတိုင်း အရှင်ဘုရားရဲ့ တပည့်တွေ အခု ပြည့်စုံပါပြီဘုရား။ အဲဒါကြောင့်အရှင်ဘုရားပရိနိဗ္ဗာန် စံပါတော့တဲ့။

မြတ်စွာဘုရားက မာရ်နတ် စိတ်ချပါတဲ့။ အပျော်သုတ္တေဘာတွဲ ပါပါမ ဟောပတိ နှ စိရံ

တထာဂတဿ ပရိနိဗ္ဗာနံ ဘဝိဿတိ။ ဣတော တိဏ္ဏံ မာသာနံ အစ္စယေန တထာဂတဿ ပရိနိဗ္ဗာယိဿတိ။ တဲ့ ။

ဝမ်းမနည်းပါနဲ့ မာရ်နတ်ရယ်တဲ့။ ငါ့ရဲ့တပည့် သား သာဝကတွေ တတ်သိလိမ္မာနေပါပြီ။ ဆုံးမပြီးပြီ။ရဲရင့်ပြီ။ အကြားအမြင်တွေများကုန်ပြီ။ တရားတွေ ဆောင်ကုန်ပြီ၊ တရားတွေ ကျင့်သုံးကြကုန်ပြီဖြစ်ခြင်းကြောင့် ငါထားခဲ့တဲ့ သာသနာ့ရည်ရွယ်ချက်တွေလို့ ပြည့်စုံလို့ ငါ ပရိနိဗ္ဗာန်ပြုလို့ရပြီလို့ ပြောလိုတာပါပဲ။

ဥပမာ-စစ်ပွဲကိုသွားတော့မယ့်အခါမှာ ချပ်ဝတ်တန်ဆာတွေ ဝတ်ထားတယ်။ အခု ပေါဒီချပ်ဝတ်တန်ဆာကြီးကို စွန့်ပစ်လိုက်ပြီတဲ့။ ပစ်စမ်းပါတဲ့။ အသက်ကို စွန့်မယ်၊ အသေခံတော့မယ်။ အဲသလို နေတော့မယ်တဲ့။ မြတ်စွာဘုရား အာယုသင်္ခါရကို လွှတ်လိုက်ပါပြီ။ အဲဒီတော့မှ မြေကြီးတွေ လှုပ်တော့ အရှင်အာနန္ဒာကလာပြီး-

"အရှင်ဘုရား... အရှင်ဘုရား"နဲ့ ငိုတာပေါ့။

မြတ်စွာဘုရား အာယုသင်္ခါရကို လွှတ်လိုက်လို့ မြေကြီးတွေ တုန်လှုပ်တယ်ဆိုတာ အရှင်အာနန္ဒာ သိသွားတော့–

အရှင်ဘုရားရယ်တဲ့၊ အဲဒီလိုဆိုရင် အရှင်ဘုရား နေပါဦးတဲ့။ အရှင်ဘုရား အသက်(၈၀)ဆိုတာ ဘာမှ မရှိပါ ဘူးတဲ့။ ရှင်အာနန္ဒာ သင်သတိထားပါတဲ့။

ပရိပက္ကော ဝယောမယှံ၊

ပရိတ္တံ မမဇီဝိတံ။

ပဟာယ ဝေါ ဂမိဿာမိ၊

ကတံ မေ သရဏမတ္တနော။

အာနန္ဒ–ချစ်သားအာနန္ဒ၊ မယှံ–ငါဘုရားရှင် ကိုယ်တော်မြတ်၏၊ ဝယော–အရွယ်ကြီးသည်၊ ပရိပက္ကော–ရင့်ကျက်နေပါပြီတဲ့။ ပရိတ္တံမမဇီဝိတံ– ငါ့ရဲ့အသက်က နည်းနည်းလေးပဲကျန်တော့တယ်တဲ့။

အာနန္ဒာ၊ ငါတို့ရဲ့ ဘဝက တိုတိုကလေးပါတဲ့။ ဘုန်းကြီးတို့ဘဝလေးတိုတိုလေးပါပဲ။အခု ၄၉–နှစ်

ရှိပါပြီ။ ၄၉-နှစ်ကို ပြန်ကြည့်လိုက်တဲ့အခါမှာ မနေ့ တစ်နေ့ကလို ဖြစ်နေပါတယ်။ ကျောင်းသားဘဝ၊ ကိုရင်ဘဝ၊ ဘုန်းကြီးဘဝတွေ ဘာမှမရှိဘူး။ တိုတို လေးရယ်၊ ဘာမှလည်း မကျမော တွယ်တာစရာတွေ မရှိပါဘူး။ မနေ့က ဒကာလေး တစ်ယောက်က လျှောက်သွားတယ်။

"ဆရာတော်ဘုရား…။ လောကရဲ့ ကွက်လပ် တွေက ဖြည့်လို့ မဆုံးပါဘူးဘုရားတဲ့။ ၄၉-နှစ်ထဲ ဝင်နေပြီ။ တစ်လစွန်းနေပြီ၊ ပြန်ကြည့်တော့ ဘာမှ မရှိဘူး။ ကုသိုလ် ကောင်းမှုတော့ ရှိတယ်။ ဘဝမှာ နေခဲ့တာတွေက အကုန် ပြောင်းခဲ့တာချည်းပါပဲ။ ဒါကြောင့်-

ပဟာယ ဝေါ ဂမိဿာမိ ကတံ မေ သရဏမတ္တနော။

ဝေါ-ချစ်သားတို့အား၊ ပဟာယ-ပယ်စွန့်၍၊ ဂမိဿာမိ- နိဗ္ဗာန်ရပ်သိမ်းငြိမ်းတော့မယ်။ မေ-ငါဘုရားရှင်သည်၊ အတ္တနော-မိမိ၏၊ သရဏံ-ကိုးကွယ်ရာကို ပြုပြီးပြီ။

ငါ့ဘုရားရှင်ကတော့ ငါဟာငါကိုးကွယ်ရာ ဖြစ်လာပြီ ပြီးပြီတဲ့နော်။

ကိုးကွယ်ရာ သရဏ အရ စိတ်ဆင်းရဲခြင်း ဘေး ကိုယ်ဆင်းရဲခြင်းဘေး၊ ဒါတွေ ကင်းအောင် လုပ်ပြီးပြီ။ သင်တို့လည်း လုပ်ကြပါတဲ့။

ဘေးဘယ်နှစ်မျိုးလဲ။ ကိလေသာဘေး၊ စိတ် ဆင်းရဲခြင်းဘေး၊ ကိုယ်ဆင်းရဲခြင်းဘေး၊ အပါယ် ဘေးတွေ ကင်းအောင် လုပ်ကြပါတဲ့။ နောင်အခါ အကုသိုလ်ဖြစ်လာမိလို့ မိမိကိုယ်ကို စွပ်စွဲတဲ့ဘေး၊ သူတစ်ပါးကို စွပ်စွဲတဲ့ဘေး၊ သံသရာဝဋ်ဆင်းရဲဘေး၊ ဒဏ်ဘေး အဲဒီဘေးလေးတွေလည်း လွတ်အောင်လုပ် ကြပါတဲ့။

အပ္ပမဒ္ဒေန သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ၊

သုသမာဟိတသင်္ကပ္ပါ၊ သစိတ္တမနုရက္ခထ။

မမေ့မလျော့ဘဲ သတိတရားတွေနဲ့ သီလတွေ လည်းဖြည့်၊ သမာဓိတရားရှိပြီးနေကြပါလို့ မှာနေ ပါတယ်။

ယော ဣမသ္မိံ ဓမ္မဝိနယေ၊
အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိသံသာရံ၊
ဒုက္ခဿန္တံ ကရိဿတီတိ။

ယော အကြင်ပုဂ္ဂိုလ်သည် ဣမသ္မိံဓမ္မဝိနယေ- ဤ သာသနာတော်ကြီး၌၊ အပ္ပမတ္တော-မမေ့မလျော့ သတိတရား ရှိသည်ဖြစ်၍၊ ဝိဟဿတိ-နေခဲ့မယ် ဆိုရင်၊ ဇာတိသံသာရံ- ဇာတိဟူသော သံသရာကြီး ကို၊ ပဟာယ-ပယ်၍၊ ဒုက္ခဿန္တံ-ဒုက္ခရဲ့အဆုံး ဖြစ်ရာ နိဗ္ဗာန်ကို၊ ကရိဿန္တိ-ကောင်းစွာမဖွေ ပြုနိုင်ပါပေတော့သတည်း။

မြတ်စွာဘုရား အဲဒါပြောပြီး ``ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ'' လို့ ဆိုပြီး သတိပေး စကား ပြောကြားပါတယ်။

အခု ဝေဒနာကလေးတွေနဲ့ဆိုရင် ဒီတရားဟာ အလွန်ရှည်ပါတယ်။ မြတ်စွာဘုရားရှင်လည်း အဲဒီ ကာနေ ကဆုန်လပြည့်ရောက်တော့ မြတ်စွာဘုရား

ကုသိနာရုံမှာ ပရိနိဗ္ဗာန် စံဝင်တော်မူပါတယ်။ အဲဒီမှာ ပုထုဇဉ်ရဟန်းတွေကလည်း လူးလိမ့်ပြီး ငိုကြွေးကြပါတယ်။ အရှင်အာနန္ဒာမထေရ်လည်း ငိုကြွေးပါတယ်။ အရှင်အာနန္ဒာကတော့ ပိုပြီး ခံစားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလပင် အနီးကပ် ပြုစုလုပ်ကျွေးခဲ့ရတဲ့သူမို့။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး ဓာတ်တော်တွေ ခွဲဝေပြီးနောက် သာဝတ္ထိကို ပြန်အလာမှာ ရောက်တဲ့ နေရာတွေဟာ အရှင်အာနန္ဒာအတွက် လွမ်းစရာ ငိုစရာတွေပဲ ဖြစ်နေပါတယ်။

## အရှင်အာနန္ဒာရဲ့သောက

သာဝတ္ထိမြို့ ရောက်တဲ့အခါမှာ အရှင်အာနန္ဒာ ကြွလာမယ်ဆိုတဲ့ သတင်းကိုကြားတော့ သာဝတ္ထိက လူတွေကပန်းနံ့သာတွေကိုင်ဆောင်ပြီး "အရှင်ဘုရား ဟိုအရင်ကဆို မြတ်စွာဘုရားနဲ့အတူကြွလာပါတယ်။

အခု မြတ်စွာဘုရားရှင်ကို ဘယ်မှာ ထားပစ်ခဲ့ပြီး ကြွလာတာပါလဲ ဘုရား”လို့ ပြောဆိုပြီး ငိုကြွေး ကြပါတယ်။ ဒီစကားသံတွေကို အရှင်အာနန္ဒာ ကြား ရတော့ မြတ်စွာဘုရား လောလောဆယ် ပရိနိဗ္ဗာန် ပြုသွားသလိုပဲ အရှင်အာနန္ဒာ ခံစားရပါတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတဲ့နေ့ကလိုပဲ ငိုကြွေး ရပါတယ်။

အဲဒီမှာ အရှင်အာနန္ဒာသည် လူတွေကို တရား စကားတွေနဲ့ နှစ်သိမ့်ပြီး ဇေတဝန်ကို ဝင်သွားပါ တယ်။ အဲဒီမှာ ပိုဆိုးတယ်။ ဇေတဝန်ကျောင်းရဲ့ နေရာတိုင်း နေရာတိုင်းဟာ အရှင်အာနန္ဒာအတွက် အလွမ်းသင်္ကေတလို ဖြစ်နေပါတယ်။

ဇေတဝန်ကျောင်းတိုက် ဂန္ဓကုဋီတိုက်ထဲ ဝင်သွားပြီး သန့်ရှင်းရေးတွေပြုလုပ်ပါတယ်။ မြတ်စွာ ဘုရားကို အာရုံပြုပြီး ဂန္ဓကုဋီတိုက်ကိုရှိခိုးပြီးနှုတ်က တပြောပြောနဲ့ ငိုတော့တာပါပဲ။

မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်က ရေချိုးတဲ့နေရာကို တွေ့တော့ “အရှင်ဘုရား ဒီအချိန်ဟာ အရှင်ဘုရားရဲ့ ရေချိုးချိန် ဘုရား၊ အရှင်ဘုရား ဒီအချိန်ကတော့ တရားဟောချိန်ပဲဘုရား။ ဒီအချိန်ကတော့ ရဟန်းတွေကို ဩဝါဒပေးတဲ့ အချိန်ဘုရား။ ဒီအချိန်ကတော့ ခြင်္သေ့မင်းလို လဲလျောင်းတဲ့ အချိန်အခါပါပဲဘုရား။” ဒီအချိန်ကတော့ မျက်နှာသစ်တဲ့ အချိန်ပါဘုရား။ အဲဒီလိုနည်းတွေနဲ့ အရှင်အာနန္ဒာ ငိုကြွေးနေပါတယ်တဲ့။

အဲဒီမှာ နတ်သားတစ်ဦးက လာပြီးတော့ အရှင်ဘုရားတို့ ရဟန်းတွေက စပြီး ဒီလို ငိုကြွေးနေရင် အခြားသူတွေကို ဘယ်လိုနှစ်သိမ့်ကြမလဲဆိုပြီး အသိသံဝေဂပေးမှ အရှင်အာနန္ဒာ အငိုရပ်သွားပါတယ်။

အဲသလိုနဲ့ အရှင်မဟာကဿပ မထေရ်ကြီးက ပထမသင်္ဂါယနာတင်ဖို့ အသိပေးတဲ့အခါ အရှင်အာနန္ဒာမထေရ်ဟာ ရဟန္တာ မထေရ်ဖြစ်အောင် ကြိုးစားခဲ့ပါတယ်။

အရှင်မဟာကဿပ မထေရ်ကြီးဟာ (ပဌမ) သင်္ဂါယနာ တင်ဖို့အတွက် ဝိနည်းသုံးပါးကို ရပြီးဖြစ်တဲ့ တေဝိဇ္ဇပဋိသမ္ဘိဒ ရဟန္တာ ငါးရာကို ရွေးချယ်ရမှာပါ။ ဒါပေမယ့် တေဝိဇ္ဇပဋိသမ္ဘိဒ ရဟန္တာ ၄၉၉ ပါးကိုပဲ ရွေးချယ်ထားတယ်။ တစ်ပါးလိုနေတယ်။ တကယ်တော့ အရှင်မဟာကဿပ မထေရ်ကြီးဟာ အရှင်အာနန္ဒာကို သင်္ဂါယနာတင်ပွဲမှာ ရွေးချင်လို့ပါပဲ။ ဒါပေမယ့် အရှင်အာနန္ဒာကို ရွေးချယ်လို့ မရဘူး။ ဘာကြောင့်လဲဆိုတော့အရှင်အာနန္ဒာက သောတာပန် သေက္ခ ရဟန်းအဆင့်ပဲ ရှိနေသေးတယ်။ သူ့ကို ရွေးလိုက်ရင် အခြားရဟန်းတွေက အရှင်မဟာ ကဿပမထေရ်ကြီးကို အပြစ်ပြောကြမှာ မျက်နှာ လိုက်တယ်လေး၊ ဘာလေးပေါ့။

ဒါကြောင့် အရှင်အာနန္ဒာကို သင်္ဂါယနာမှာ ပါစေချင်လို့ ရဟန္တာငါးရာ အပြည့်မရွေးဘဲ ၄၉၉ ပါးပဲ ရွေးလိုက်တယ်။ ဒါကို အရှင်အာနန္ဒာလည်း သိတယ်၊ အရှင်မဟာကဿပ မထေရ်ကြီးကလည်း သိတယ်။

ဟုတ်တယ်လေ။ သင်္ကြန်ပွဲကြီးမှာ အရှင် အာနန္ဒာမပါလို့လဲ မဖြစ်ဘူး၊ အရှင်အာနန္ဒာကို ရွေးလိုက်ပြန်တော့လည်း အဖြစ်တွေက ပြောကြ တော့မှာ။ အရှင်အာနန္ဒာဟာ မြတ်စွာဘုရားဟော ကြားတဲ့ တရားတွေအားလုံးကို အတိအကျ အသိဆုံး ဖြစ်တယ်။ ဒါနဲ့ အရှင်မဟာကဿပကြီးမှာ အရှင် အာနန္ဒာမထည့်အခက်၊ ထည့်ပြန်တော့လည်း၊ အပြစ် ပြော ကဲ့ရဲ့ကြမယ်။ ဒီလိုဖြစ်နေတယ်။

ဒီအကြောင်းကို အရှင်အာနန္ဒာသိတော့ ရဟန္တာ ဖြစ်အောင်ဆိုပြီး ဝီရိယနဲ့ တရားရဖို့ တအားကြိုးစား တော့တယ်၊ ဝီရိယ လွန်လွန်းလို့ အရှင်အာနန္ဒာက ဥဒ္ဓစ္စဖြစ်ပြီး တရားမရနိုင် ဖြစ်နေတယ်။

မနက်ဖြန် သင်္ကြန်ပွဲကြီး စတော့မယ်။ အရှင်အာနန္ဒာကစဉ်းစားတယ်။ ငါကလည်း ရဟန္တာ မဖြစ်သေးဘူးဆိုပြီး ဗျာများနေတာပေါ့။ စင်္ကြံ လျှောက်လိုက်၊ တရား မှတ်လိုက် လုပ်နေတယ်။ နောက်စင်္ကြံကနေ ကျောင်းဝင်းထဲ ဝင်သွားပြီး

နည်းနည်းလှဲဦးမယ်ဆိုပြီး ကိုယ်ကိုစောင်းလိုက်တယ်။ တရားအမှတ်တော့ မလွှတ်ဘူးနော်။ ခြေနှစ်ဖက်ကို မြေကြီးမှအလွှတ်၊ ခေါင်းအုံးပေါ် ဦးခေါင်းမချမီ၊ အဲဒီအချိန်မှာ အရှင်အာနန္ဒာဟာ အာသဝေါကုန်ခမ်းပြီး ရဟန္တာဖြစ်သွားခဲ့ပါတယ်။

ဒါကြောင့် ဒီဘုရားသာသနာတော်မှာ လမ်းလျှောက်လို့လည်း မဟုတ်ပါဘဲ၊ ထိုင်လို့လည်း မဟုတ်ပါဘဲ၊ ရပ်လို့လည်း မဟုတ်ပါဘဲ၊ သွားလို့လည်း မဟုတ်ပါဘဲ၊ ဣရိယာ ၄-ပါးက လွတ်ပြီး ရဟန္တာဖြစ်သွားတာဟာ အရှင်အာနန္ဒာ တစ်ပါးပဲ ရှိပါတယ်။ အရှင်အာနန္ဒာ ရဟန္တာဖြစ်တာဟာ ဣရိယာ ၄-ပါးမှ လွတ်နေတယ်လို့ ပြောပါတယ်။

အရှင်အာနန္ဒာ ရဟန္တာဖြစ်လို့ သင်္ဂါယနာတင်ပွဲမှာ ပါဝင်ခွင့် ရခဲ့ပါတယ်။ မြတ်စွာဘုရားထံမှ သူကြားသိလိုက်တဲ့ တရားမွေတွေကို မပျောက်မပျက်ရအောင် မှတ်တမ်းတင်ခဲ့ နိုင်ပါတယ်။

ဒါကြောင့် ပဌမသင်္ဂါယနာ တင်ပွဲကြီးမှာ သုတ္တန်တရားနဲ့ အဘိဓမ္မာတရားတွေမှာ အရှင်အာနန္ဒာက အဓိကပုဂ္ဂိုလ်အဖြစ် ပါဝင်ပြီး ဝိနည်းမှာတော့ အရှင်ဥပါလိမထေရ်က အဓိကပုဂ္ဂိုလ်အဖြစ် ပါဝင်ခဲ့ပါတယ်။ ဒါကြောင့် ဒီကနေ့ သုတ္တန်တရားတွေမှာ ဧဝံ မေ သုတံ ဆိုတဲ့ ပါဠိဟာ အရှင်အာနန္ဒာက သံဂါယနာတင် မထေရ်တွေကို တပည့်တော် ဒီတရားကို မြတ်စွာဘုရား အထံတော်မှ ဒီအတိုင်း(တပည့်တော် ယခုပြောဆိုပြသည့်အတိုင်း) ကြားနာမှတ်သားခဲ့ရပါတယ်လို့ လျှောက်ထားတဲ့စကား ဖြစ်တယ်။

"လွှမ်းမွေ့ယှက်သမ်း နွေမှတ်တမ်း" တရားသည် ရှည်လည်းရှည်၊ အများကြီးဖြစ်ခြင်းကြောင့် တစ်ပတ်လောက် ဟောရမယ့်တရားပါ။ ဒါကြောင့် အခု ဒီမှာ မြတ်စွာဘုရားရှင် အာယုသင်္ခါရ လွှတ်ပြီး ဝေဒနာခွါပုံလေးကို ပုထုဇဉ်တို့ရဲ့ ခွါနည်း၊ အရိယာတို့၏ ခွါပုံလေးကို ပုထုဇဉ်တို့ရဲ့ ခွါနည်း၊ အရိယာ

တို့ရဲ့ ခွါနည်း၊ ဘုရားရှင်ရဲ့ ခွါနည်း အဲဒီခွါနည်းလေး တွေကို ပြောခဲ့ပါတယ်။ ဒါကြောင့် ပိဋကတ်တော်က သိမှတ် စရာတွေဟာ အရှင်အာနန္ဒာ ရဲ့ မှတ်တမ်း တွေ ဖြစ်ခြင်းကြောင့် "လွမ်းငွေ့ယှက်သမ်း နွေမှတ် တမ်း" လို့ အမည်ပေးပြီး အရှင်အာနန္ဒာ အကြောင်း ကို ဟောခြင်းဖြစ်ပါတယ်။

သာဓု...သာဓု...သာဓု

**မွေဓေဝီဆရာတော် ဘဒ္ဒန္တကောသလ္လ**

သာသနတက္ကသီလမဟာဓမ္မာစရိယ

M.A (Buddhism)